
http://www.dhammadownload.com

မိမိပြုလုပ်တဲ့ ကုသိုလ်ကောင်းမှုကို သတ္တဝါအားလုံးကို ဖြစ်စေ၊
တစ်စုံတစ်ယောက်ကိုဖြစ်စေ မိမိနဲ့ အညီအမျှ ရကြပါစေလို့
သဘောထားပြီး ဝေငှသင့်ပါတယ်။

ဆီမီးတစ်ခုမှ မီးကိုကူးယူပြီး ဆီမီးတစ်ထောင် ဖြစ်အောင်
ထွန်းညှိလိုက်ရင် ပထမဆီမီး ကုန်မသွားတဲ့အပြင်
ရှေ့ကဆီမီးရောင်နဲ့ နောက်ဆီမီးရောင်တွေ တစ်ပေါင်းတည်းဖြစ်သွားပြီး
အလွန်ကြီးကျယ်သော ဆီမီးရောင်ကို ရပါတယ်။ အဲဒီလိုပါပဲ
ကုသိုလ်တစ်ခုကို အမျှဝေလိုက်ရင် လျော့မသွားတဲ့အပြင်
အလွန်ကြီးကျယ်သော ကုသိုလ်ဖြစ်သွားပါတယ်။

သူတစ်ပါးက ပေးဝေတဲ့ ကုသိုလ်ကို "ကောင်းလှပါပေတယ်"လို့
ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ရင် အဲဒီကုသိုလ်ကို မိမိကိုယ်တိုင် ပြုဘိသကဲ့သို့
ကောင်းကျိုးများစွာ ရရှိပါတယ်။







# လှူမျှဝေ၍

## သာမဏေကျော်


သာမဏေကျော် • လှူမျှဝေ၍

# လှူမျှဝေ၍

## သာမဏေကျော်



http://www.dhammadownload.com

သာမဏေကျော်

# လုပြုဝေချ

ပါရမီ

http://www.dhammadownload.com

**လှူမျှဝေ၍**

ပထမအကြိမ်၊ ၂၀၀၅ ခုနှစ် ဒီဇင်ဘာလ၊ အုပ်ရေ ၁၀၀၀

**မျက်နှာဖုံးပန်းချီ  သန်းမြင့်အောင်**

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၃၂၀၇၅၂၀၅၁၂ နှင့် စာမူ ခွင့်ပြုချက် အမှတ် ၃၂၀၂၆၉၀၅၀၅ တို့အရ ဦးကျော်ဦး(၀၃၉၉၀) ပါရမီစာပေ၊ အမှတ် ၂၃၀၊ ၂၉ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်က ထုတ်ဝေ၍ မျက်နှာဖုံးနှင့် အတွင်းစာသားကို ဦးအောင်ထက်(၀၈၀၀၃) အောင်ပါရမီ ပုံနှိပ်တိုက်၊ အခန်း ၃၊ အမှတ် ၁၂၇၊ ၅၂ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်က ပုံနှိပ်သည်။

**တန်ဖိုး ၆၀၀ ကျပ်**

**ပါရမီစာပေ**

၂၃၀၊ ၂၉ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်(ဖုန်း ၂၅၃၂၄၆)
၂/၄၊ ကမ္ဘာအေးစေတီတော်မုခ်ဦးစောင်းတန်း၊ ရန်ကုန်
၂၉၅၊ ဈေးအရှေ့လမ်း၊ ထားဝယ်
E-mail paramibk@myanmar.com.mm

http://www.dhammadownload.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | နတ်သားနဲ့ ပြိတ္တာမ | ၅ |
| ၂။ | အဝတ်မပါတဲ့ ဆံပင်အလှပိုင်ရှင် | ၁၁ |
| ၃။ | အရှင်သာရိပုတ္တရာရဲ့ မိခင်ဟောင်း ပြိတ္တာ | ၂၀ |
| ၄။ | မတ္တာနဲ့ တိဿာ | ၂၆ |
| ၅။ | ကရုဏာရှင် အရှင်သာရိပုတ္တရာ | ၃၅ |
| ၆။ | ကျိန်စာသင့်သူ | ၄၃ |
| ၇။ | မာနနဲ့ တ္တဿာ | ၄၉ |
| ၈။ | ဒါနမပါ သံသရာ | ၅၁ |
| ၉။ | ပြိတ္တာအား ပေးနည်း | ၆၆ |
| ၁၀။ | အရုပ်ကလေး | ၇၂ |
| ၁၁။ | သဲကန္တာရထဲက ပြိတ္တာ | ၇၆ |
| ၁၂။ | လှူမှုဝေ၍နှင့် ပတ်သက်၍ | ၈၃ |
| ၁၃။ | ရေမှ သွေးသို့ | ၉၃ |
| ၁၄။ | တံငါသည်ရဲ့သား သူတော်ကောင်းလေး | ၉၉ |
| ၁၅။ | သမီးနဲ့ အဖေပြိတ္တာ | ၁၀၉ |
| ၁၆။ | လုယူသွားတယ် | ၁၁၅ |
| ၁၇။ | အမျှလိုချင်တဲ့ သိကြားမင်း | ၁၁၆ |
| ၁၈။ | နတ်တွေအား ပူဇော်ပသမှု | ၁၁၇ |
| ၁၉။ | နတ်စောင့်ရှောက်ခံရသူ | ၁၂၀ |

http://www.dhammadownload.com



၂၀။ သူဌေးဖြစ်စေတဲ့ ပစ္စေကဗုဒ္ဓါ ၁၂၅
၂၁။ ဖိနပ်လှူရကျိုး ၁၃၄
၂၂။ ဘုရားနဲ့ ပုဏ္ဏား ၁၄၃
၂၃။ ကွယ်လွန်သူတို့အား ရည်ညွှန်း၍
လှူဒါန်းခြင်း ၁၅၀
၂၄။ ပြိတ္တာနဲ့ အဇာတသတ် ၁၅၆

http://www.dhammadownload.com

# နတ်သားနဲ့ ပြိတ္တာမ

ရဟန်း ၁၂ ပါးဟာ ဘုရားရှင်ထံက ကမ္မဋ္ဌာန်းယူပြီး နေဖို့ သင့်လျော်မယ့်နေရာကို စူးစမ်းကြတော့ ဝါကပ်ဖို့နီးကပ်လာတဲ့အခါ အရိပ်၊ ရေနဲ့ပြည့်စုံပြီး ပျော်မွေ့ဖွယ် တောအုပ်တစ်ခုကို တွေ့ကြတယ်။ အဲဒီတောအုပ်နဲ့ မနီးလွန်း မဝေးလွန်းတဲ့ နေရာမှာ ဆွမ်းခံရွာကိုလည်း တွေ့ကြတယ်။ အဲဒီတောအုပ်မှာ တစ်ညနေပြီး ဒုတိယနေ့မှာ ရွာထဲဆွမ်းခံဝင်ကြတယ်။ အဲဒီရွာမှာ ရက်ကန်းသည် ၁၁ ယောက် နေကြတယ်။ အဲဒီရက်ကန်းသည်တွေက အဲဒီရဟန်းတွေကိုမြင်ပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားကြတယ်။ မိမိ မိမိတို့ရဲ့အိမ်ကို ပင့်ဆောင်ကာ မွန်မြတ်တဲ့စားဖွယ်နဲ့ ပြုစုပြီး လျှောက်ထားကြတယ်။

'အရှင်ဘုရားတို့၊ ဘယ်ကိုသွားကြမှာပါလဲ'

'ငါတို့ဟာ ချမ်းသာရာအရပ်ကို သွားကြမယ်'

'အရှင်ဘုရားတို့၊ ဒီလိုဆိုရင် ဒီအရပ်မှာ နေထိုက်ပါတယ်'

အဲဒီလိုလျှောက်ပြီး ဝါကပ်ဖို့ တောင်းဆိုကြတယ်။ ရဟန်းတွေက လက်ခံကြတယ်။ ဥပါသကာတွေက အဲဒီရဟန်းတွေအတွက် အဲဒီအရပ်မှာ တောကျောင်းလေးတွေကို ဆောက်လုပ်ပေးကြတယ်။ ရဟန်းတွေက အဲဒီအရပ်မှာ ဝါ

http://www.dhammadownload.com



ကပ်ကြတယ်။ အဲဒီရက်ကန်းသည်တွေထဲမှာ အကြီးအကဲ ရက်ကန်းသည်က ရဟန်း ၂ပါးကို ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးပစ္စည်း ၄ ပါးနဲ့ ရိုရိုသေသေ ပြုစုတယ်။ အခြား ရက်ကန်းသည်တွေက ရဟန်းတစ်ပါးစီကို ပြုစုကြတယ်။ အကြီးအကဲ ရက်ကန်းသည်ရဲ့မယားက သဒ္ဓါတရားမရှိ၊ ရတနာသုံးပါး (ဘုရား၊ တရား၊ သံဃာ) အပေါ် မကြည်ညို၊ အယူမှားရှိတယ်၊ နှမြောတယ်၊ ရဟန်းတွေကို ရိုရိုသေသေ မပြုစု။ အဲဒီအကြီးအကဲရက်ကန်းသည်က မယားကိုမြင်ပြီး အဲဒီမယားရဲ့ညီမကိုပဲ ခေါ်ဆောင်ကာ သူ့အိမ်မှာ အစိုးရမှုကို အပ်နှင်းတယ်။

အဲဒီညီမက သဒ္ဓါတရားရှိတယ်။ ရတနာသုံးပါး အပေါ် ကြည်ညိုတယ်။ ရဟန်းတွေကို ရိုရိုသေသေ ပြုစုတယ်။ အဲဒီရက်ကန်းသည်အားလုံးက ဝါကျွတ်ပြီးတဲ့ရဟန်းတွေအား တစ်ပါးစီလျှင် အဝတ်တစ်စုံစီ လှူဒါန်းကြတယ်။ အဲဒီလူတွေထဲက အကြီးအကဲရက်ကန်းသည်ရဲ့ နှမြောသူ မယားက စိတ်ဆိုးပြီး သူ့လင်ကို ရေရွတ်ပြောဆိုတယ်။

'သင်က ဘုရားသားရဟန်းတွေအား လှူတဲ့ ထမင်း၊ ဖျော်ရည်ဟာ သင်ရဲ့နောက်ဘဝမှာ ကျင်ကြီး၊ ကျင်ငယ်၊ ပြည်၊ သွေးတွေဖြစ်ပါစေ။ အဝတ်တွေကလည်း မီးလျှံတောက်လောင်တဲ့ သံပြားတွေဖြစ်ကြပါစေ'

အကြီးအကဲရက်ကန်းသည်က နောင်အခါမှာ သေပြီး ဝိဉ္ဈာတောအုပ်မှာ တန်ခိုးနဲ့ပြည့်စုံတဲ့ သစ်ပင်စောင့်နတ် ဖြစ်

http://www.dhammadownload.com



တယ်။ နမြောမှုအားကြီးတဲ့ သူ့မယားကတော့ သေပြီး သူ့နေရာအနီးမှာပဲ ပြိတ္တာမ ဖြစ်တယ်။ သူမမှာ အဝတ်မပါရပ်က ဆိုးတယ်။ ထမင်းဆာ၊ ရေဆာမှု နှိပ်စက်ခံရတယ်။ အဲဒီသစ်ပင်စောင့်နတ်ရဲ့အနီးကို သွားပြီး ပြောတယ်။

'အို အရှင်၊ ငါ့မှာ အဝတ်မရှိပါ။ အလွန်အကဲ ထမင်းဆာမှု၊ ရေဆာမှု နှိပ်စက်ခံရကာ လှည့်လည်နေရပါတယ်။ ငါ့အား အဝတ်နဲ့ ထမင်း အဖျော်ကို ပေးပါ'

နတ်က သူမအား မွန်မြတ်တဲ့နတ်အစာ၊ အဖျော်ကို ကပ်ဆောင်ပေးပါတယ်။ အဲဒီအစာ၊ အဖျော်ကို အဲဒီပြိတ္တာမက ယူလိုက်တယ်ဆိုရင်ပဲ ကျင်ကြီး၊ ကျင်ငယ်၊ ပြည်၊ သွေး ဖြစ်သွားတယ်။ အဝတ်ကို ပေးလိုက်လို့ သူမဝတ်ရုံလိုက်တဲ့အခါ မီးတောက်လောင်နေတဲ့ သံပြားဖြစ်သွားတယ်။ သူမဟာ ကြီးကျယ်တဲ့ဆင်းရဲကို ခံစားရပြီး အဲဒီအဝတ်ကို စွန့်ပစ်ကာ ငိုကြွေးပြီး လှည့်လည်တယ်။ အဲဒီအခါ ရဟန်းတစ်ပါးက ဝါကျွတ်တဲ့အခါ ဘုရားရှင်ကို ကန်တော့ဖို့သွားတော့ ကုန်သည်များစွာနဲ့အတူ ဝိဉ္ဈာတောအုပ်ကို သွားတယ်။ ကုန်သည်တွေက ညအခါမှာ လမ်းခရီးကိုသွားကြတယ်။ နေ့အခါမှာ တောထဲက အေးမြတဲ့အရိပ်၊ ရေနဲ့ပြည့်စုံတဲ့အရပ်ကို မြင်ပြီး ယာဉ်တွေကို ချွတ်ကာ တစ်ခဏအပန်းဖြေကြတယ်။

ရဟန်းကတော့ ဆိတ်ငြိမ်မှုကို လိုလားလို့ အနည်းငယ် ဖဲသွားပြီး အရိပ်အေးမြပြီး တောရှုပ်တွေ ဖုံးလွှမ်းနေတဲ့

http://www.dhammadownload.com



သစ်ပင်တစ်ပင်ရဲ့အောက်မှာ သင်္ကန်းကြီးကို ခင်းပြီး ထိုင်တယ်။ ညအခါမှာ လမ်းသွားရတာ ပင်ပန်းလို့ အိပ်ပျော်သွားတယ်။ ကုန်သည်တွေက အပန်းဖြေပြီး လမ်းကိုဆက်သွားကြတယ်။ အဲဒီရဟန်းကတော့ မနိုး၊ ညနေရောက်တော့ အိပ်ရာက ထပြီး အဲဒီကုန်သည်တွေကို မတွေ့ရလို့ လမ်းမှားတစ်ခုကို သွားမိတယ်။ အစဉ်အတိုင်း အဲဒီနတ်ရဲ့နေရာကို ရောက်သွားတယ်။ အဲဒီအခါ အဲဒီရဟန်းကို အဲဒီနတ်သားက မြင်ပြီး လူ့အသွင်နဲ့ ချဉ်းကပ်တယ်။ နှုတ်ဆက်စကား ပြောပြီး သူ့ဗိမာန်ထဲ သွင်းတယ်။ ခြေသုတ်လိမ်းဆီစသည်တို့ကို ပေးပြီး ချဉ်းကပ်ကာ ထိုင်နေတယ်။ အဲဒီအခါ အဲဒီပြိတ္တာမက လာပြီး 'အရှင်၊ ငါ့အား ထမင်း၊ အဖျော်၊ အဝတ်ကို ပေးပါ' လို့ပြောတယ်။ အဲဒီနတ်သားက အဲဒီပြိတ္တာမအား အဲဒီပစ္စည်းတွေကို ပေးတယ်။ အဲဒီပစ္စည်းတို့ကို အဲဒီပြိတ္တာမ ကိုင်ယူကာမျှနဲ့ ကျင်ကြီး၊ ကျင်ငယ်၊ သွေး၊ ပြည်၊ မီးလောင်သံပြားတွေပဲ ဖြစ်သွားကြတယ်။

အဲဒီရဟန်းက အဲဒီပြိတ္တာမကို မြင်ရပြီး သံဝေဂဖြစ်ကာ အဲဒီနတ်သားကို ပြိတ္တာမရဲ့ရှေးကံအကြောင်း မေးတယ်။ နတ်သားက ပြိတ္တာမရဲ့ရှေးကံကို ပြောပြတယ်။ ပြောပြပြီး တစ်ဖန် အဲဒီရဟန်းကို မေးလျှောက်ပါတယ်။

'အရှင်ဘုရား၊ ဒီပြိတ္တာမကို ပြိတ္တာဘဝမှ လွတ်အောင်လုပ်ဖို့ နည်းတစ်စုံတစ်ရာ ရှိပါသလား'

'ရှိပါတယ်'

http://www.dhammadownload.com



'အရှင်ဘုရား၊ ပြောပြတော်မူပါ'

'ဘုရားရှင်နဲ့ အရိယာသံဃာအား၊ ရဟန်းတစ်ပါးအားပင် ဖြစ်စေ အလှူကို လှူပြီး အဲဒီပြိတ္တာမအား အမျှပေးဝေရင်၊ အဲဒီပြိတ္တာမကလည်း အဲဒီအလှူကို ဝမ်းမြောက်ဝမ်းသာဖြစ်ရင် (သာဓုခေါ်ရင်) အဲဒီပြိတ္တာမဟာ အဲဒီဆင်းရဲမှ လွတ်မြောက်ပါလိမ့်မယ်'

အဲဒီစကားကို ကြားရပြီး နတ်သားက အဲဒီရဟန်းအား မွန်မြတ်တဲ့ ထမင်း၊ ဖျော်ရည်ကို ပေးလှူပြီး အဲဒီပြိတ္တာမအား အဲဒီအလှူကို အမျှပေးဝေပါတယ်။ အဲဒီခဏမှာပဲ အဲဒီပြိတ္တာမဟာ ဝပြောသွားတယ်။ မျက်စိစတဲ့ ဣန္ဒြေတွေ ပြည့်ဖြိုးသွားတယ်။ နတ်အာဟာရနဲ့ ရောင့်ရဲသွားတယ်။ တစ်ဖန် အဲဒီရဟန်းရဲ့လက်မှာပဲ နတ်အဝတ်အစုံကို ဘုရားရှင်ကို ရည်စူးပြီး လှူကာ အဲဒီအလှူကိုလည်း ပြိတ္တာမအား မျှဝေတယ်။ အဲဒီခဏမှာပဲ အဲဒီပြိတ္တာမဟာ နတ်အဝတ်ကို ဝတ်ရတယ်။ နတ်အဆင်တန်ဆာနဲ့ တန်ဆာဆင်ထားတယ်။ အလိုအားလုံးပြည့်စုံတယ်၊ နတ်သမီးနဲ့ တူသွားတယ်။ အဲဒီရဟန်းကလည်း အဲဒီနတ်သားရဲ့တန်ခိုးနဲ့ အဲဒီနေ့မှာပဲ သာဝတ္ထိမြို့ကို ရောက်ကာ ဇေတဝန်ကျောင်းကို ဝင်တယ်။ ဘုရားရှင်ထံ ချဉ်းကပ်ရှိခိုးကာ အဲဒီအဝတ်အစုံကို လှူပြီး အဲဒီဖြစ်ပုံကို လျှောက်ပြတယ်။ ဘုရားရှင်ကလည်း အဲဒီအကြောင်းအရာကို အကြောင်းပြုပြီး ရောက်လာတဲ့ပရိသတ်

http://www.dhammadownload.com



အား တရားဟောတယ်။ အဲဒီတရားဒေသနာဟာ လူအများ အတွက် အကျိုးများသွားတယ်။

(ပေတဝတ္ထု၊ ၄၊ ၄၀)

အစားအသောက် လှူတာကို ကျေနပ်အားရ ဝမ်းမြောက် ဝမ်းသာစိတ်ဖြစ်သွားရင် အစားအသောက် ပြည့်စုံသွားပါတယ်။ အဝတ်လှူတာကို ကျေနပ်အားရဝမ်းမြောက် ဝမ်းသာစိတ် ဖြစ်သွားရင် အဝတ်ပြည့်စုံသွားပါတယ်။ အဝတ်၊ အစား အသောက်ပစ္စည်းတွေက ပြိတ္တာမသန္တာန်မှာ ကျေနပ် အားရဝမ်းမြောက် ဝမ်းသာတဲ့ ကုသိုလ်ကံအား အထောက် အပံ့ ပေးကြပါတယ်။ ပြိတ္တာမရဲ့ ဝမ်းသာတဲ့စေတနာက သူ့ရဲ့အစားအဝတ်အတွက် ပြေလည်သွားစေတာ ဖြစ်ပါတယ်။

http://www.dhammadownload.com

# အဝတ်မပါတဲ့ ဆံပင်အလှပိုင်ရှင်

ရှေးအခါက ဗာရာဏသီပြည်မှာ ပြည့်တန်ဆာတစ်ဦးဟာ ရုပ်အလွန်လှတယ်။ ကြည့်ရှုချင်ဖွယ်ကောင်းတယ်။ စိတ်ကို ကြည်လင်စေတယ်။ မြတ်တဲ့အဆင်း၊ ကိုယ်နဲ့ ပြည့်စုံတယ်။ အလွန်အကဲ စိတ်ကိုဆွဲဆောင်နိုင်တဲ့ ဆံစုရှိတယ်။ မှန်တယ်။ သူမရဲ့ဆံပင်တွေက ညိုတယ်၊ ရှည်တယ်၊ သေးတယ်၊ နူးညံ့တယ်၊ ညက်ညောတယ်၊ ဆံဖျားက ကော့တက်နေတယ်။ လက်နှစ်ဖက်နဲ့ ယူရတယ်။ ဖြေချလိုက်ရင် ခါးတိုင်အောင် ဆံစုတွေက တွဲလျားကျကြတယ်။ သူမရဲ့ဆံပင် လှပတင့်တယ်တာကို မြင်ပြီး လူငယ်အမျိုးသားတွေက များသောအားဖြင့် သူမအပေါ် တွယ်တာသွားကြတယ်။ အဲဒီအခါ သူမရဲ့ဆံပင် လှပတင့်တယ်တာကို သည်းမခံနိုင်၊ မရှုစိမ့်နိုင်တဲ့ မိန်းမအနည်းငယ်က တိုင်ပင်ပြီး သူမရဲ့ပဲ အလုပ်အကျွေးကျွန်မကို အစားအစာနဲ့ ဖြားယောင်းကာ အဲဒီကျွန်မကို အဲဒီ ပြည့်တန်ဆာမရဲ့ ဆံပင်တွေ ကျွတ်ကျစေတဲ့ဆေးကို ပေးစေကြပါတယ်။

အဲဒီကျွန်မဟာ အဲဒီဆေးကို ဆပ်ပြာမှုန့်နဲ့အတူ ရောစပ်ပြီး ဂင်္ဂါမြစ်မှာ ရေချိုးတဲ့အခါ အဲဒီပြည့်တန်ဆာမအား ပေးတယ်။ ပြည့်တန်ဆာမဟာ အဲဒီဆေးနဲ့ ဆံပင်အရင်းတွေ

http://www.dhammadownload.com



မှာ စိုစွတ်စေပြီး ရေမှာ ငုပ်တယ်၊ ငုပ်ကာမျှမှာပဲ ဆံပင်တွေ ဟာ အမြစ်ပါကျွတ်ကျကြတယ်။ သူမရဲ့ဦးခေါင်းဟာ ဘူးခါးသီးနဲ့ တူသွားတယ်။ အဲဒီအခါ သူမမှာ ဆံပင်အားလုံး ကျွတ်သွားတယ်။ ဦးခေါင်းပြောင်နေတယ်။ ခိုမနဲ့တူသွားတယ်။ ရုပ်ဆိုးသွားတယ်။ ဒါကြောင့် ရှက်ပြီး မြို့ထဲမဝင်ဝံ့၊ အဝတ်နဲ့ ဦးခေါင်းကိုရစ်ပတ်ပြီး မြို့ပြင်ဘက်က တစ်နေရာမှာ နေတယ်။ ရက်အနည်းငယ်လွန်တော့ အရှက်ကင်းသွားတယ်။ အဲဒီအရပ်က ပြန်နစ်လာပြီး နှမ်းတွေကိုကြိတ်ကာ ဆီနဲ့အရက် အရောင်းအဝယ်လုပ်ပြီး အသက်မွေးတယ်။ သူမက တစ်နေ့မှာ လူ ၂ ယောက်၊ ၃ ယောက်က အရက်မူးပြီး အိပ်ပျော်နေတုန်း ပြေလျော့နေတဲ့ သူတို့ရဲ့အဝတ်တွေကို ခိုးယူတယ်။

အဲဒီအခါ တစ်နေ့မှာ သူမက ရဟန္တာမထေရ်တစ်ပါး ဆွမ်းခံလှည့်လည်နေတာကို မြင်ရပြီး ကြည်ညိုစိတ်ဖြစ်ကာ သူမရဲ့အိမ်ကို ပင့်ဆောင်တယ်။ နေရာမှာ ထိုင်စေပြီး ဆီနဲ့ရောတဲ့ နှမ်းဆီထွေးကို လှူခဲ့တယ်။ မထေရ်က သူမကို သနားလို့ အဲဒီနှမ်းဆီထွေးကို ခံယူကာ ဘုဉ်းပေးတယ်။ သူမက ကြည်ညိုစိတ်ဖြစ်ပြီး အပေါ်က ထိမ်းမိုးပေးကာ ရပ်တည်နေတယ်။ မထေရ်ကလည်း သူမရဲ့စိတ်ကို ရွှင်လန်းစေကာ အနုမောဒနာပြုပြီး ဖဲသွားတယ်။ အဲဒီမိန်းမက အနုမောဒနာပြုချိန်မှာပဲ 'တပည့်တော်ရဲ့ဆံပင်တွေဟာ ရှည်ကြပါစေ၊ သေးငယ်ကြပါစေ၊ ညက်ညောကြပါစေ၊ နူးညံ့ကြ

http://www.dhammadownload.com



ပါစေ၊ အဖျားကော့တက်ကြပါစေ’လို့ ဆုတောင်းတယ်။

သူမဟာ နောင်အခါမှာ ‘သေပြီး ရောနှောတဲ့ကံရဲ့ အကျိုးကြောင့် သမုဒ္ဒရာအလယ်က ရွှေဗိမာန်မှာ တစ်ယောက်တည်း ဖြစ်ပါတယ်။ သူမရဲ့ဆံပင်တွေဟာ ဆုတောင်းတဲ့အတိုင်းပဲ ပြည့်စုံကြပါတယ်။ လူတွေရဲ့အဝတ်ကို ခိုးခဲ့လို့တော့ အဝတ်မပါ ဖြစ်နေပါတယ်။ သူမဟာ အဲဒီရွှေဗိမာန်မှာ အထပ်ထပ်ဖြစ်ပြီး ဘုရားရှင်နှစ်ဆူရဲ့ ကြားကာလပတ်လုံး အဝတ်မပါဘဲသာ အချိန်ကုန်လွန်စေခဲ့ရပါတယ်။ အဲဒီအခါ ငါတို့ရဲ့ဂေါတမဘုရားရှင် လောကမှာပွင့်လာပြီး ဓမ္မစကြာတရားမြတ်ကို ဟောတယ်။ အစဉ်အတိုင်း သာဝတ္ထိမြို့မှာ သီတင်းသုံးစဉ် သာဝတ္ထိမြို့နေ ကုန်သည် ၇၀၀ ဟာ သုဝဏ္ဏဘူမိကို မှန်းပြီး လှေနဲ့ မဟာသမုဒ္ဒရာကို သက်ဆင်းကြတယ်။ သူတို့တက်စီးတဲ့လှေက လေအဟုန်တိုက်ခတ်လို့ ဟိုဟိုဒီဒီ ပြေးသွားကာ အဲဒီအရပ်ကို ရောက်သွားတယ်။ အဲဒီအခါ အဲဒီဗိမာန်ရှင် ပြိတ္တာမက ဗိမာန်နဲ့အတူ အဲဒီကုန်သည်တွေအား ကိုယ်ကိုထင်ရှားပြတယ်။

သူမကိုမြင်ပြီး အကြီးအကဲကုန်သည်က မေးပါတယ်။

‘အပြင်ကို မထွက်ဘဲ ဗိမာန်တွင်းမှာ တည်နေသူက ဘယ်သူပါလဲ။ ရှင်မ၊ အပြင်ကိုထွက်ပါ၊ သင့်ကို အပြင်မှာ ရပ်တည်နေတာကို မြင်လိုကြပါတယ်’

အဲဒီအခါ ကုန်သည်အား သူမက သူမရဲ့အပြင်မထွက်နိုင်တာကို ပြောပြပါတယ်။

http://www.dhammadownload.com



'အဝတ်မပါ ကိုယ်ချည်းသာဖြစ်လို့ အပြင်ကိုထွက်ဖို့ မရဲဝံ့ပါ၊ ရှက်လှပါတယ်။ ဆံပင်တွေနဲ့ ဖုံးလွှမ်းနေရသူ ဖြစ်ပါတယ်။ ကျွန်မဟာ ကုသိုလ်ကောင်းမှုကို အနည်းငယ်မျှသာ ပြုခဲ့ရပါတယ်'

အဲဒီအခါ သူမအား ကုန်သည်က သူ့အပေါ်ရုံအဝတ်ကို ပေးလိုလို့ ပြောပါတယ်။

'တင့်တယ်တဲ့အဆင်းရှိတဲ့ နမ၊ အပေါ်ရုံအဝတ်ကို သင့်အား ပေးပါတယ်။ ယူပါ၊ ဒီအဝတ်ကို ဝတ်ပါ။ ဒီအဝတ်ကိုဝတ်ပြီး လာပါ။ ထွက်ခဲ့ပါ နမ၊ အပြင်ကို ထွက်ခဲ့ပါ။ သင် အပြင်မှာ ရပ်နေတာကို မြင်လိုကြပါတယ်'

အဲဒီလိုပြောပြီး သူ့ရဲ့အပေါ်ရုံအဝတ်ကို သူမထံ ပေးလိုက်ပါတယ်။ သူမက အဲဒီလိုပေးတာကို သူမ သုံးဆောင်လို့ မရကြောင်းနဲ့ သုံးဆောင်လို့ရအောင် ပေးနည်းကို ပြောပြပါတယ်။

'သင်ရဲ့လက်နဲ့ ကျွန်မလက်ထဲ သင်ပေးတဲ့ပစ္စည်းဟာ ကျွန်မ သုံးစွဲလို့ မရပါ။ အဲဒီလူအပေါင်းမှာ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ဆည်းကပ်ပြီး ကံ ကံရဲ့အကျိုးကို ယုံကြည်တဲ့ ဘုရားတပည့်ရှိပါတယ်။ အဲဒီဥပါသကာကို အကျွန်ုပ်အား ပေးတဲ့အဝတ်ကို ဝတ်ရုံစေကာ အဲဒီအလှူကို အကျွန်ုပ်အား ရည်စူးပြီး အဲဒီအလှူရဲ့အဖို့ကို ပေးဝေပါ။ အဲဒီလိုပေးရင် ကျွန်မဟာ ကာမဂုဏ်အာရုံအားလုံးနဲ့ ပြည့်စုံပြီး နတ်အဝတ်ကို ဝတ်ရကာ ချမ်းသာသူ ဖြစ်ရပါလိမ့်မယ်'

http://www.dhammadownload.com



အဲဒီစကားကို ကြားရပြီး ကုန်သည်တွေက အဲဒီ ဥပါသကာကို ရေချိုးပေး၊ ဖြီးလိမ်းပေးကာ အဝတ်အစုံ ပေးလိုက်ကြပါတယ်။

အဲဒီအကြောင်းအရာကို ထင်ရှားပြလို့ သင်္ဂါယနာ တင် မထေရ်တွေက ဒီလိုဆိုကြပါတယ်။

'အဲဒီကုန်သည်တွေက အဲဒီဥပါသကာကို ရေချိုး၊ နံ့သာအကောင်းစားနဲ့ လိမ်းကျံစေကာ အဆင်း၊ အနံ့၊ အရသာနဲ့ ပြည့်စုံတဲ့ ဟင်းလျာပါ ထမင်းကို ကျွေးပြီး အဝတ်နှစ်ထည်ကို ပေးကြပါတယ်။ အဲဒီပြိတ္တာမအား အလှူရဲ့ဝေစုကို ရည်ညွှန်းကာ အမျှပေးဝေကြပါတယ်။ ရည်ညွှန်းပေးဝေပြီးတာရဲ့ အခြားမဲ့မှာပဲ အဲဒီပြိတ္တာမမှာ အလှူရဲ့အကျိုး ဖြစ်ပေါ်လာပါတယ်။ နတ်ဩဇာနဲ့တူတဲ့ စားဖွယ်အမျိုးမျိုး၊ တပ်မက်ဖွယ် အရောင်အဆင်းအမျိုးမျိုးနဲ့ တောက်ပတဲ့ နတ်အဝတ်နဲ့တူတဲ့ အဝတ်၊ ဖျော်ရည်အမျိုးမျိုးဟာ အလှူရဲ့အကျိုးပဲ ဖြစ်ပါတယ်။ အဲဒါတွေကို ရပြီးနောက်မှာ ရေချိုးလို့ စင်ကြယ်တဲ့ကိုယ် ရှိပါတယ်။ အလွန်သန့်စင်တဲ့အဝတ်ကို ဝတ်ရပါတယ်။ ကာသိတိုင်းဖြစ် အဝတ်ထက် ကောင်းတဲ့အဝတ်ကို ဝတ်ရပါတယ်။ သင်တို့ရဲ့အလှူရဲ့ ဒီအကျိုးထူးကို ကြည့်ကြပါဦး'လို့ ထင်ရှားပြတဲ့အနေနဲ့ ပြုံးရွှင်လျက် ဗိမာန်မှ ထွက်လာပါတယ်။

အဲဒီအခါ အဲဒီကုန်သည်တွေက အဲဒီလို ကောင်းမှုအကျိုးကို မျက်မှောက်တွေ့ရပြီး အံ့ဩထူးဆန်းကာ အဲဒီ ဥပါသကာအပေါ် ရိုသေမြတ်နိုးမှု များစွာထားပြီး လက်အုပ်

http://www.dhammadownload.com



ချီကြပါတယ်။ သူ့ထံ ချဉ်းကပ်ကြပါတယ်။ အဲဒီဥပါသကာ ကလည်း အဲဒီကုန်သည်တွေကို တရားစကားနဲ့ အတိုင်းထက် အလွန်ကြည်ညိုစေကာ သရဏဂုံ၊ သီလတွေမှာ တည်စေပါ တယ်။ အဲဒီကုန်သည်တွေက အဲဒီဗိမာန်ရှင်ပြိတ္တာမရဲ့ ပြုလုပ် ခဲ့တဲ့ကံကို မေးကြပါတယ်။

'အလွန်ဆန်းကြယ်တဲ့ အဆင်းသဏ္ဌာန်ရှိပြီး နှစ်သက် ဖွယ်ကောင်းတဲ့ သင့်ရဲ့ဗိမာန်ဟာ ထွန်းလင်းတောက်ပါပေ တယ်။ နတ်သမီး၊ သင့်ကို မေးပါတယ်။ သင် ဖြေကြားပါ။ ဒီအကျိုးဟာ ဘယ်ကံရဲ့အကျိုးပါလဲ။ ဒါနရဲ့အကျိုးလား၊ သီလရဲ့အကျိုးလား'

အဲဒီလိုအမေးခံရတဲ့ပြိတ္တာမက 'ငါပြုလုပ်ခဲ့တဲ့ကုသိုလ် ကံ အနည်းငယ်ရဲ့ အကျိုးပါပဲ။ အကုသိုလ်ကံရဲ့အကျိုးက တော့ နောင်အခါ ငရဲမှာ ဒီလိုဖြစ်ပါလိမ့်မယ်'လို့ ပြောပြလို လို့ အောက်ပါစကားကို ပြောပါတယ်။

'ကျွန်မဟာ အကျင့်ဖြောင့်မတ်တဲ့ ဆွမ်းခံရဟန်းအား အထူးကြည်လင်တဲ့ သဒ္ဓါစိတ်နဲ့ နှမ်းဆီထွေးကို လှူခဲ့ပါ တယ်။ အဲဒီကုသိုလ်ကံရဲ့ အကျိုးကြောင့် ကာလရှည်ကြာစွာ ဗိမာန်မှာ ခံစားရပါတယ်။ အဲဒီကုသိုလ်ကံရဲ့ အကျိုးကလည်း အခု အနည်းငယ်ပဲ ကျန်ပါတော့တယ်။ မကြာခင်ပဲ သေရပါ တော့မယ်။ လေးလလွန်တဲ့အခါ သေရပါမယ်။ ကျွန်မဟာ အဝီစိငရဲကို ကျရောက်ရပါမယ်။ အဲဒီငရဲက တကယ့်ကိုပဲ ဆင်းရဲလှပါတယ်။ ကြမ်းတမ်းလှပါတယ်။ အထောင့်လေး

http://www.dhammadownload.com



ထောင့် ရှိပါတယ်။ အရပ်လေးမျက်နှာမှာ တံခါးလေးပေါက်နဲ့ ယှဉ်ပါတယ်။ ဝေဖန်အပ်တဲ့ ပုံစံတူရှိပါတယ်။ သံတံတိုင်းကာရံထားပါတယ်။ သံပြားနဲ့ ပိတ်ဖုံးထားပါတယ်။ အဲဒီငရဲရဲ့မြေကြီးက သံနဲ့ပြီးပါတယ်။ ပတ်ဝန်းကျင်မှာ ဖြစ်ပေါ်တဲ့ မီးလျှံရှိတဲ့ မီးကြီးနဲ့ အမြဲမပြတ် စပ်ယှဉ်နေပါတယ်။ ထက်ဝန်းကျင် အပြင်အရပ်အားလုံးမှာ ယူဇနာတစ်ရာတိုင်တိုင် အမြဲပဲ ပျံ့နှံ့တည်နေပါတယ်။ ကျွန်မဟာ အဲဒီငရဲမှာ ကာလရှည်ကြာစွာ မကောင်းမှုကံရဲ့ အကျိုးဖြစ်တဲ့ ဆင်းရဲဝေဒနာကို ခံစားရပါမယ်။ ဒါကြောင့် ပြင်းထန်စွာ စိုးရိမ်ရပါတယ်'

သူမက သူမရဲ့ ပြုလုပ်ခဲ့တဲ့ ကံအကျိုးနဲ့ နောင်အခါငရဲဘေးကို ပြပြီးတဲ့အခါ အဲဒီဥပါသကာက သနားစိတ်ဖြစ်သွားလို့ 'အခု ငါဟာ သူမရဲ့ထောက်တည်ရာ ဖြစ်မယ်'လို့ ကြံကာ ပြောပါတယ်။

'နတ်သမီး၊ သင်ဟာ ငါတစ်ယောက်အား လှူရတဲ့ အလှူရဲ့အစွမ်းကြောင့် ကာမဂုဏ်အာရုံအားလုံး ပြည့်စုံတယ်။ မွန်မြတ်တဲ့စည်းစိမ် ရတယ်။ အခုတော့ ဒီဥပါသကာတွေအား အလှူ လှူပြီး ဘုရားရှင်ရဲ့ဂုဏ်တော်တွေကိုလည်း အောက်မေ့ကာ ငရဲဖြစ်ရမယ့် အနေအထားမှ လွတ်မြောက်ပါလိမ့်မယ်'

အဲဒီပြိတ္တာမဟာ ရွှင်လန်းကျေနပ်ကာ 'ကောင်းပါပြီ' လို့ ပြောပြီး အဲဒီဥပါသကာတွေကို နတ်ထမင်း၊ နတ်ဖျော်ရည်နဲ့ တင်းတိမ်အားရစေကာ နတ်အဝတ်တွေနဲ့ ရတနာအမျိုးမျိုးတွေကို ပေးလှူပါတယ်။ ဘုရားရှင်ကိုလည်း ရည်စူးကာ

http://www.dhammadownload.com



နတ်အဝတ်အစုံကို အဲဒီဥပါသကာတွေရဲ့လက်မှာ လှူပြီး 'မြတ်စွာဘုရား၊ ဗိမာန်ရှင်ပြိတ္တာမတစ်ယောက်ဟာ ဘုရားရှင်ရဲ့ ခြေတွေကို ဦးခေါင်းနဲ့ ရှိခိုးပါတယ်လို့ သာဝတ္ထိမြို့ကို သွားကာ ဘုရားရှင်ကို ကျွန်မရဲ့စကားနဲ့ ရှိခိုးကြပါ'လို့ ရှိခိုးကြောင်းသတင်းကို ပေးပို့ပါတယ်။ အဲဒီလေ့ကိုလည်း သူမရဲ့တန်ခိုးအစွမ်းနဲ့ အဲဒီဥပါသကာတွေ သွားလိုရာ ပန္နက်ကို အဲဒီနေ့မှာပဲ ပို့ဆောင်ပေးလိုက်ပါတယ်။

အဲဒီအခါ အဲဒီကုန်သည်တွေက အဲဒီပန္နမှ အစဉ်အတိုင်း သာဝတ္ထိမြို့ကိုရောက်ပြီး ဇေတဝန်ကျောင်းကို ဝင်ကာ ဘုရားရှင်အား အဲဒီဝတ်စုံကို လှူကြပါတယ်။ ရှိခိုးလိုက်ကြောင်း သတင်းကိုလည်း လျှောက်ထားကြပါတယ်။ အစကစပြီး အဲဒီဖြစ်ပုံကို ဘုရားရှင်အား လျှောက်ထားကြပါတယ်။ ဘုရားရှင်က အဲဒီအကြောင်းအရာကို အကြောင်းပြုပြီး ရောက်လာတဲ့ ပရိသတ်အား အကျယ်အားဖြင့် တရားဟောပါတယ်။ အဲဒီဒေသနာဟာ လူအများအတွက် အကျိုးများပါတယ်။ အဲဒီဥပါသကာတွေကတော့ ဒုတိယနေ့မှာ ဘုရားအမှူးရှိတဲ့ ရဟန်းအပေါင်းအား အလှူကြီး လှူကာ အဲဒီပြိတ္တာမအား အမျှပေးဝေကြပါတယ်။ အဲဒီပြိတ္တာမကလည်း အဲဒီပြိတ္တာမဘဝက စုတေကာ ရတနာမျိုးစုံနဲ့ တောက်ပတဲ့ တာဝတိံသာနတ်ပြည်က ရွှေဗိမာန်မှာ နတ်သမီးတစ်ထောင် အခြံအရံရှိပါတယ်။ (ပေတဝတ္ထု၊ ဋ္ဌ၊ ၄၄)

http://www.dhammadownload.com



ဆံပင်အလှပိုင်ရှင် ပြည့်တန်ဆာမဟာ ဆံပင်အလှမဲ့သွားတဲ့အခါ ဆီနဲ့အရက် အရောင်းလုပ်ငန်းလုပ်ကာ အသက်မွေးရရှာပါတယ်။ အရက်သမားတွေရဲ့အဝတ်တွေကိုတောင်ခိုးယူမိသွားတယ်။ ဘဝဆိုတာ နိမ့်ကျသွားပြီ၊ မပြည့်မစုံဖြစ်သွားပြီဆိုရင် မတော်တဲ့ခြေလှမ်းတွေကို လှမ်းမိတတ်ပါလား။ အဲဒီခိုးမှု အကုသိုလ်ကံက နောင်ဘဝမှာ သူမကို ဒုက္ခလိုက်ပေးပါတယ်။ အဝတ်မပါ ဗလာဖြစ်နေလို့ လူမြင်မခံဝံ့တဲ့ဘဝ ရောက်နေရပါတယ်။ တမလွန်ဘဝရောက်နေသူတစ်ဦးအား အဝတ်၊ စားစရာ အစားအစာ၊ သောက်စရာ၊ နေစရာတွေကို ပေးလိုရင် လူတစ်ဦးက လူတစ်ဦးအားပေးသလိုပေးလို့ မရတာဟာ သတိပြုစရာ ဖြစ်ပါတယ်။

ဒီဇာတ်လမ်းမှာတော့ အလှူခံပုဂ္ဂိုလ်က ရဟန်းမဟုတ်၊ လူဝတ်ကြောင် ဖြစ်ပါတယ်။ သာမန်လူဝတ်ကြောင်တော့ မဟုတ်ပါ။ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်ခြင်း၊ ကံကံရဲ့အကျိုးကို ယုံကြည်ခြင်းဂုဏ်တွေနဲ့ ပြည့်စုံတဲ့သူ ဖြစ်ပါတယ်။ အမျှပေးဝေပြီး ချက်ချင်းပဲ ပြိတ္တာမမှာ အလှူရဲ့အကျိုးသက်ရောက်သွားတာဟာလည်း သတိပြုစရာပါပဲ။ အစား၊ အသောက်၊ အဝတ်တွေ ချက်ချင်းပဲ ပြည့်စုံသွားပါတယ်။ အမျှဝေမှု၊ သာခုခေါ်မှုဆိုတဲ့ ကောင်းမှုတွေဟာ နိမ့်ရာဘဝကနေ မြင့်ရာဘဝကို ရောက်စေတတ်ပါတယ်။ ဆင်းရဲရာကချမ်းသာသွားစေတတ်ပါတယ်။

http://www.dhammadownload.com

# အရှင်သာရိပုတ္တရာရဲ့ မိခင်ဟောင်း ပြိတ္တာ

တစ်နေ့မှာ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလ္လာန်၊ အရှင်အနုရုဒ္ဓါ၊ အရှင်ကပ္ပိနတို့ဟာ ရာဇဂြိုဟ်မြို့ရဲ့အနီးက တောကျောင်းတစ်ကျောင်းမှာ သီတင်းသုံးကြတယ်။ အဲဒီအခါမှာ ဗာရာဏသီမြို့က ကြွယ်ဝချမ်းသာတဲ့ ပုဏ္ဏားတစ်ယောက်က ရဟန်း၊ ပုဏ္ဏား၊ ဆင်းရဲသား၊ ခရီးသွား၊ တောင်းစားသူတို့ရဲ့ ရေတွင်းသဖွယ်ဖြစ်ကာ ထမင်း၊ ဖျော်ရည်၊ အဝတ်၊ အိပ်ရာ စသည်တွေကို ပေးတယ်။ ပေးတဲ့အခါမှာလည်း လာလာသမျှ ပုဂ္ဂိုလ်တွေအတွက် အချိန်အခါအားလျော်စွာ၊ ထိုက်သင့်အားလျော်စွာ ခြေဆေးရေ၊ ခြေသုတ်လိမ်းဆီစတဲ့ လှူဖွယ်အားလုံးကို စီစဉ်ပေးတယ်။ နံနက်ပိုင်းမှာ ရဟန်းတွေကို ထမင်း၊ ဖျော်ရည်စတာတွေနဲ့ ရိုရိုသေသေ ပြုစုလုပ်ကျွေးတယ်။ အဲဒီပုဏ္ဏားက အရပ်တစ်ပါးကို သွားတဲ့အခါ မယားကိုပြောတယ်။

'အို ရှင်မ၊ ငါ လှူနေကျ ဒီအလှူအစီအစဉ်ကို မယုတ်လျော့စေဘဲ ရိုရိုသေသေ ဆက်လက်ထိန်းသိမ်းပါ'

မယားက 'ကောင်းပါပြီ'လို့ ဝန်ခံပြီး ပုဏ္ဏားဖဲသွားတယ်ဆိုရင်ပဲ ရှေးဦးစွာ ရဟန်းတွေအား လှူတဲ့အလှူအစီ

http://www.dhammadownload.com



အစဥ်ကို ဖြတ်တောက်ပါတယ်။ ခရီးသွားတွေ နေရာအလို့ငှာ ကပ်ရောက်လာကြရင် အိမ်နောက်ကျောမှာ စွန့်ပစ်ထားတဲ့ ဇရပ်အိုကို 'ဒီဇရပ်အိုမှာ နေကြ'လို့ ညွှန်ပြတယ်။ ထမင်း၊ ဖျော်ရည်စသည်အတွက် အဲဒီအရပ်ကို ခရီးသွားတွေ လာကြရင် 'ကျင်ကြီးကို ခဲစားကြ၊ ကျင်ငယ်ကို သောက်ကြ၊ သွေးကို သောက်ကြ၊ သင်တို့အမေရဲ့ ဦးနှောက်ကို ခဲစားကြ'လို့ မစင်ကြယ်၊ စက်ဆုပ်ဖွယ်ဟူသမျှရဲ့နာမည်ကို ယူကာ ကြမ်းတမ်းတဲ့စကားကို ပြောတယ်။ မယားဟာ နောင်အခါမှာ သေပြီး ကံအစွမ်းက ပစ်တင်လို့ ပြိတ္တာဘဝရောက်တယ်။ သူ့ဝစီဒုစရိုက်နဲ့ လျော်တဲ့ဆင်းရဲကို ခံစားရတယ်။ ရှေးဘဝနဲ့ ဆက်စပ်တာကို အဖန်ဖန်သတိရပြီး အရှင်သာရိပုတ္တရာထံ ချဥ်းကပ်လိုလို့ အရှင်သာရိပုတ္တရာရဲ့ ကျောင်းတံခါးကို ရောက်တယ်။ အရှင်သာရိပုတ္တရာရဲ့ ကျောင်းတံခါးစောင့်နတ်တွေက ကျောင်းထဲဝင်တာကို တားမြစ်ကြတယ်။

အဲဒီပြိတ္တာမဟာ ဒီဘဝကနေ လွန်ခဲ့တဲ့ငါးဘဝမြောက်မှာ အရှင်သာရိပုတ္တရာရဲ့ မယ်တော်ဖြစ်ခဲ့ဖူးပါသတဲ့။ ဒါကြောင့် သူမက ဒီလိုပြောတယ်။

'ဒီဘဝကနေ လွန်ခဲ့တဲ့ ငါးဘဝမြောက်မှာ ငါဟာ အရှင်သာရိပုတ္တရာရဲ့ မယ်တော်ဖြစ်ခဲ့တယ်။ ငါ့အား အရှင်သာရိပုတ္တရာကို ဖူးမြော်ဖို့ တံခါးဝင်ခွင့် ပေးကြပါ'

အဲဒီစကားကို ကြားရပြီး နတ်တွေက အဲဒီပြိတ္တာမအား ဝင်ဖို့ခွင့်ပြုလိုက်ကြတယ်။ သူမက ဝင်ပြီး စင်္ကြံအစွန်

http://www.dhammadownload.com



မှာ ရပ်ကာ မထေရ်အား ကိုယ်ထင်ပြတယ်။ မထေရ်က သူမ ကို မြင်ပြီး သနားစိတ်ဖြစ်လာလို့ မေးပါတယ်။

'အလွန်ကြုံလှီပြီး နံရိုးပြိုင်းပြိုင်းထွက်နေတဲ့ မိန်းမ၊ သင်ဟာ အဝတ်လည်းမပါ၊ စက်ဆုပ်ရွံရှာဖွယ် အဆင်းသဏ္ဍာန် လည်း ရှိတယ်၊ ကြုံလှီပြီး အကြောပြိုင်းပြိုင်းထနေတဲ့ ကိုယ် ရှိကာ ဒီအရပ်မှာ ရပ်တည်နေတဲ့ သင်က ဘယ်သူပါလဲ'

မထေရ်က မေးလို့ ပြိတ္တာမက စကားတုံ့ပေးလိုလို့ အောက်ပါစကားတွေကို ပြောပါတယ်။

'အရှင်ဘုရား၊ တပည့်တော်ဟာ ဒီဘဝကနေ လွန်ခဲ့တဲ့ ၅ ခုမြောက်ဘဝမှာ အရှင်ဘုရားရဲ့မိခင်အရင်း ဖြစ်ခဲ့ပါတယ်။ အခု ပြိတ္တာဘုံမှာ ဖြစ်နေရပါတယ်။ ဆာလောင်မွတ်သိပ်မှု တွေရဲ့ နှိပ်စက်ခံနေရပါတယ်။ စွန့်ပစ်ထားတဲ့ တံတွေး၊ နှပ်၊ သလိပ်၊ မီးရှို့ထားတဲ့ လူသေတွေရဲ့အဆီ၊ သားဖွားသူ တွေရဲ့ သွေး ကိုယ်ဝန်အညစ်အကြေး၊ အိုင်းအမာအနာရှိသူ တွေရဲ့ သွေး၊ နှာခေါင်း၊ ဦးခေါင်း၊ လက်၊ ခြေစသည် ပြတ်သူတွေရဲ့ သွေး၊ မိန်းမ ယောကျ်ားကိုယ်ကိုမှီတဲ့ အရေ၊ အကြောစသည်တွေကို ဆာလောင်မှုနှိပ်စက်ခံရလို့ စား သောက်ရပါတယ်။ သားကောင်တွေရဲ့ ပြည် သွေး၊ လူတွေရဲ့ ပြည် သွေးတွေကို စားရပါတယ်။ မှီခိုအားထားစရာ မရှိပါ။ နေရာအိမ် မရှိပါ။ သုသာန်မြေကို ညောင်စောင်း အမှတ် ပြုကာ အိပ်ရပါတယ်။ သားတော်၊ တပည့်တော်အတွက် အလှူကို ပေးလှူပါ။ ပေးလှူပြီး တပည့်တော်အား ရည်ညွှန်း

http://www.dhammadownload.com



လျက် အလှူရဲ့အဖို့ကို ပေးဝေပါ။ ပြည် သွေးကို စားသောက်ရခြင်းမှ လွတ်မြောက်ရပါမူ ကောင်းလေစွ'

အဲဒီစကားကို ကြားရပြီး အရှင်သာရိပုတ္တရာဟာ ဒုတိယနေ့မှာ အရှင်မဟာမောဂ္ဂလ္လာန်စတဲ့ မထေရ်သုံးပါးကို ခေါ်ပြီး သူတို့နဲ့အတူ ရာဇဂြိုဟ်မြို့ထဲ ဆွမ်းခံလှည့်လည်တဲ့အခါ ဗိမ္ဗိသာရမင်းရဲ့ နန်းတော်ကို သွားပါတယ်။ မင်းက မထေရ်တွေကိုမြင်ကာ ရှိခိုးပြီး 'အရှင်ဘုရားတို့၊ ဘာကြောင့်ကြွလာကြပါသလဲ'လို့ လာခြင်းရဲ့အကြောင်းကို မေးတယ်။ အရှင်မဟာမောဂ္ဂလ္လာန်က အဲဒီဖြစ်ပုံကို မင်းအား ပြောပြတယ်။ မင်းက 'သိပါပြီ ဘုရား'လို့ လျှောက်ပြီး မထေရ်တွေကို လွှတ်လိုက်ကာ အလုပ်ကိစ္စအားလုံးမှာ ကြောင့်ကြစိုက်တဲ့ အမတ်ကို အခေါ်ခိုင်းပြီး 'မြို့ရဲ့အနီး ဆိတ်ငြိမ်ပြီး အရိပ်၊ ရေပြည့်စုံတဲ့ အရပ်မှာ ကျောင်း ၄ ဆောင် ဆောက်လုပ်ပေးပါ'လို့ စေခိုင်းလိုက်တယ်။

မြို့တွင်းမှာလည်း လောက်ငနိုင်တဲ့ အထူးအစွမ်းနဲ့ သုံးပိုင်း ခွဲဝေကာ ကျောင်း ၄ ဆောင်ကို လက်ခံစေပါတယ်။ ကိုယ်တိုင်လည်း အဲဒီနေရာကိုသွားပြီး လုပ်ထိုက်တာကို လုပ်တယ်။ ကျောင်းဆောင်တွေ ပြီးသွားတဲ့အခါ ပူဇော်မှုပြုဖွယ်အားလုံးကို စီစဉ်ခိုင်းပြီး ထမင်း၊ အဖျော်၊ အဝတ်စတာတွေကို ရော၊ ဘုရားအမှူးရှိတဲ့ အရပ်လေးမျက်နှာက ရဟန်းအပေါင်းအား သင့်လျော်တဲ့ ပရိက္ခရာအားလုံးကိုပါ တည်ထားစေပြီး အရှင်သာရိပုတ္တရာအား အဲဒီလှူဖွယ်အားလုံးကို အပ်နှင်းပါ

http://www.dhammadownload.com



တယ်။ အဲဒီအခါ မထေရ်က အဲဒီပြိတ္တာမကို ရည်စူးပြီး အဲဒီလှူဖွယ်အားလုံးကို ဘုရားအမှူးရှိတဲ့ အရပ်လေးမျက်နှာက ရဟန်းအပေါင်းအား လှူပါတယ်။ အဲဒီပြိတ္တာမက အဲဒီအလှူကို ဝမ်းမြောက်ဝမ်းသာဖြစ်ကာ နတ်ပြည်မှာ ဖြစ်ပြီး ကာမဂုဏ်အာရုံအားလုံးနဲ့လည်း ပြည့်စုံသွားပါတယ်။ နောင်အခါမှာ အရှင်မဟာမောဂ္ဂလ္လာန်ထံ ချဉ်းကပ်ပြီး ရှိခိုးကာ ရပ်တည်ပါတယ်။ သူမကို မထေရ်က မေးပါတယ်။ သူမက သူမရဲ့ပြိတ္တာဘဝ ရောက်ရပုံနဲ့ တစ်ဖန် နတ်ဘဝရောက်ရပုံကို အကျယ်ပြောပြပါတယ်။

ဒါကြောင့် သံဂါယနာတင်မထေရ်တွေက အောက်ပါစကားတွေကို ပြောထားကြပါတယ်။

'အမိဖြစ်ဖူးတဲ့ ပြိတ္တာမရဲ့စကားကို ကြားရပြီး သနားစောင့်ရှောက်တတ်တဲ့ ဥပတိဿအမည်ရ အရှင်သာရိပုတ္တရာဟာ အရှင်မောဂ္ဂလ္လာန်၊ အရှင်အနုရုဒ္ဓါ၊ အရှင်ကပ္ပိနတို့ကို ပြောကြားပါတယ်။ ကျောင်းငယ်လေးလုံးကို ဆောက်လုပ်ကာ ကျောင်းတွေကိုရော၊ ထမင်း၊ ဖျော်ရည်ကိုပါ အရပ်လေးမျက်နှာက သံဃာအား လှူပါတယ်။ အမိအား အလှူရဲ့အဖို့ကို ရည်ညွှန်းပေးဝေပါတယ်။ ရည်ညွှန်းပြီး လှူတဲ့အလှူရဲ့ အခြားမဲ့မှာ အကျိုးဖြစ်ပေါ်လာပါတယ်။ စားဖွယ်၊ အဝတ်၊ သောက်ရေတွေကို ရလာတာဟာ အလှူရဲ့အကျိုးပါပဲ။ အဲဒီပြိတ္တာမဟာ အဲဒီစားဖွယ်စသည်ကို ရပြီးနောက်မှာ စင်ကြယ်တဲ့ ကိုယ်ရှိပါတယ်။ စင်ကြယ်တဲ့အဝတ် ရှိပါတယ်။ ကာသိ

http://www.dhammadownload.com



တိုင်းဖြစ် အဝတ်ထက် ပိုကောင်းတဲ့အဝတ်ကို ဝတ်ထားပါတယ်။ ဆန်းကြယ်တဲ့ အဝတ်၊ အဆင်တန်ဆာကို ဝတ်ဆင်ထားပါတယ်။ သူမက ကောလိတအမည်ရ အရှင်မဟာမောဂ္ဂလ္လာန်ထံ ချဉ်းကပ်ပါတယ်။'

(ပေတဝတ္ထု၊ ၄၊ ၇၂)

အရှင်သာရိပုတ္တရာရဲ့မိခင် တော်စပ်ဖူးတဲ့ ပြိတ္တာမကြီးမှာ သူမရဲ့နှုတ်က သူမကို ဒုက္ခပေးနေပါတယ်။ 'ဝစီဘေဒထိထိုင်းရှ' ဆိုတဲ့အတိုင်း ကိုယ့်ဝစီကံဆိုးက ကိုယ့်ထံပြန်လာပါတယ်။ ကြောက်စရာ သတိထားစရာပါပဲ။ အရှင်သာရိပုတ္တရာရဲ့ မိခင်တော်ခဲ့လို့ ကျောင်းစောင့်နတ်တွေရဲ့ အခွင့်အရေး ပေးတာကို ခံယူရပါတယ်။ ဂုဏ်ကြီးရှင်သားရဲ့ အရှိန်အဝါဟာ မိခင်မှာပါ ရိုက်ခတ်ပါတယ်။ ဗိမ္ဗိသာရမင်းနဲ့ အရှင်မဟာမောဂ္ဂလ္လာန်တို့ဟာ အရှင်သာရိပုတ္တရာရဲ့ လိုအင်ဆန္ဒကို ပြည့်အောင်ဆောင်ရွက်ပေးကြပါတယ်။ တော်ကြပါပေတယ်။ အရှင်သာရိပုတ္တရာရဲ့ အစီအစဉ်ကြောင့် မိခင်ဟောင်း ပြိတ္တာမခမျာ စားဝတ်နေရေး အဆင်ပြေသွားပါတယ်။ အစားအစာ မပြည့်စုံသူအတွက် အစားအစာ လှူပေးရပါတယ်။ အဝတ်မပြည့်စုံသူအတွက် အဝတ်လှူပေးရပါတယ်။ နေစရာ မပြည့်စုံသူအတွက် နေစရာလှူပေးရပါတယ်။ သောက်စရာ မပြည့်စုံသူအတွက် သောက်စရာ လှူပေးရပါတယ်။

http://www.dhammadownload.com

# မတ္တာနဲ့ တိဿာ

သာဝတ္ထိမြို့က သူကြွယ်တစ်ယောက်က သဒ္ဓါတရားရှိတယ်။ ရတနာသုံးပါးအပေါ် ကြည်ညိုတယ်။ သူ့မယားက သဒ္ဓါမရှိ၊ ရတနာသုံးပါးအပေါ် မကြည်ညို၊ ဒေါသကြီးတယ်၊ အမြုံမ ဖြစ်တယ်။ နာမည်ကတော့ မတ္တာဖြစ်တယ်။ အဲဒီအခါ သူကြွယ်က အမျိုးအနွယ်ပြတ်စဲသွားမှာ ကြောက်လို့ အမျိုးတူမှ တိဿာမည်တဲ့ အခြားသတို့သမီးကို ဆောင်ယူတယ်။ တိဿာက သဒ္ဓါရှိတယ်။ ရတနာသုံးပါးအပေါ် ကြည်ညိုတယ်။ လင်ရဲ့ချစ်မြတ်နိုးမှုကို ခံရတယ်၊ တိဿာဟာ မကြာခင်ပဲ ကိုယ်ဝန်ရှိလာတယ်။ ၁၀ လလွန်တော့ သားလေး မွေးဖွားတယ်။ ဘူတလို့ နာမည်တွင်တယ်။ တိဿာဟာ အိမ်ပိုင်ရှင်မဖြစ်ပြီး ရဟန်း ၄ ပါးကို ရိုရိုသေသေ ပြုစုလုပ်ကျွေးတယ်။ အမြုံမကတော့ သူမကို သဝန်တိုတယ်။

သူတို့နှစ်ယောက်လုံးဟာ တစ်နေ့မှာ ဦးခေါင်းလျှော်ပြီး ဆံပင်တွေ ရေစိုကာ ရပ်တည်နေကြတယ်။ သူကြွယ်က ဂုဏ်ရဲ့အစွမ်းနဲ့ တိဿာအပေါ် သံယောဇဉ်ငြိတွယ်တယ်။ နူးညံ့တဲ့နှလုံးနဲ့ တိဿာနဲ့အတူ စကားအများကြီးပြောကာ ရပ်တည်နေတယ်။ အဲဒါကို သည်းမခံနိုင်တဲ့ မတ္တာက မနာ

http://www.dhammadownload.com



လိုမှု နိုပ်စက်ခံရလို့ အိမ်မှာ တံမြက်လှည်းပြီးထားတဲ့ အမှိုက်ကို တိဿာရဲ့ဦးထိပ်ပေါ်မှာ လောင်းချတယ်။ မတ္တာက နောင်အခါမှာ သေပြီး ပြိတ္တာဘုံမှာဖြစ်တယ်။ သူမရဲ့ကံအစွမ်းကြောင့် ဆင်းရဲငါးမျိုးကို ခံစားရတယ်။ တစ်နေ့မှာ အဲဒီ ပြိတ္တာမက ညနေပိုင်း လွန်သွားတဲ့အခါ အိမ်ရဲ့နောက်ကျောဘက်မှာ ရေချိုးနေတဲ့ တိဿာအား ကိုယ်ထင်ပြတယ်။ အဲဒီ ပြိတ္တာမကို မြင်ပြီး တိဿာက မေးတယ်။

'အလွန်ကြုံလှီပြီး နံရိုးပြိုင်းပြိုင်းထွက်နေတဲ့ မိန်းမ၊ သင်ဟာ အဝတ်လည်းမပါ၊ စက်ဆုပ်ရွံရှာဖွယ်အဆင်းသဏ္ဌာန်လည်း ရှိတယ်။ ကြုံလှီပြီး အကြောပြိုင်းပြိုင်းထနေတဲ့ ကိုယ်ရှိကာ ဒီအရပ်မှာ ရပ်တည်နေတဲ့ သင်က ဘယ်သူလဲ'

မတ္တာက စကားတို့ကို ဒီလိုပေးပါတယ်။

'ငါဟာ မတ္တာပါ။ သင်က တိဿာ၊ ရှေးဘဝက သင်ရဲ့လင်တူ မိန်းမ ဖြစ်ခဲ့ပါတယ်။ မကောင်းမှုကံကို ပြုလုပ်ခဲ့လို့ ဒီလူ့ဘုံကနေ ပြိတ္တာဘုံကို ရောက်နေရပါတယ်'

တိဿာက နောက်ထပ် သူလုပ်ခဲ့တဲ့ကံကို ဒီလို မေးပါတယ်။

'သင်က ကိုယ်၊ နှုတ်၊ စိတ်နဲ့ ဘယ်မကောင်းမှုကို လုပ်ခဲ့ပါသလဲ။ ဘယ်ကံရဲ့အကျိုးကြောင့် ဒီလူ့ဘုံမှ ပြိတ္တာဘုံကို ရောက်နေရပါသလဲ'

မတ္တာက သူလုပ်ခဲ့တဲ့ကံကို ဒီလိုပြောပြပါတယ်။

'ကျွန်မက ဒေါသကြီးပါတယ်။ စကားပြောကြမ်းတမ်း

http://www.dhammadownload.com



ပါတယ်။ မနာလိုတယ်၊ ဝန်တိုတယ်၊ ကောက်ကျစ်စဉ်းလဲတယ်။ ကျွန်မဟာ သင့်ကို မကောင်းတဲ့စကား၊ အကျိုးမရှိတဲ့ စကားကို ပြောမိလို့ ဒီလူ့ဘုံမှ ပြိတ္တာဘုံကို ရောက်ရပါတယ်'

တိဿာ။ ။ မှန်ပါတယ်။ ကျွန်မလည်း သင်ကြမ်းတမ်းတယ်ဆိုတာကို သိပါတယ်။ သင့်ကိုအခြားအကြောင်းကို မေးပါမယ်။ သင်ဟာ ဘာကြောင့် မြေမှုန့်တွေနဲ့ ရောပြွမ်းတဲ့ကိုယ် ရှိပါသလဲ။

မတ္တာ။ ။ သင်တိဿာက ဦးခေါင်းနဲ့တကွ ရေချိုးထားတယ်။ စင်ကြယ်သန့်ရှင်းတဲ့အဝတ်ကို ဝတ်ထားတယ်။ တန်ဆာဆင်ထားတယ်။ ကျွန်မကတော့ သင့်ထက် အလွန်အကဲ ပိုလွန်ပြီး တန်ဆာဆင်ထားတယ်။ ကျွန်မက ကြည့်ရှုနေတုန်း လင်နဲ့ သင် စကားပြောနေတယ်။ ဒါကြောင့် ကျွန်မမှာ မနာလိုမှု ပွားများလာတယ်။ အမျက်ဒေါသလွန်စွာဖြစ်လာတယ်။ ဒါကြောင့် မြေမှုန့်ကိုယူပြီး သင့်ကို မြေမှုန့်နဲ့ ကျွန်မ ကြဲချမိခဲ့ပါတယ်။ အဲဒီမကောင်းမှုကံအကျိုးကြောင့် မြေမှုန့်တွေနဲ့ ရောပြွမ်းတဲ့ ကိုယ်ရှိပါတယ်။

တိဿာ။ ။ မှန်တယ်၊ သင်မတ္တာဟာ ငါ့ကို မြေမှုန့်နဲ့ ကြဲချတာကို ငါသိပါတယ်။ သင့်ကို အခြားအကြောင်း မေးပါမယ်။ သင်ဟာ ဘာကြောင့် ဝဲရောဂါ နှိပ်စက်ခံရပါသလဲ။

http://www.dhammadownload.com



မတ္တာ။ ။ သင်နဲ့ကျွန်မတို့နှစ်ယောက်ဟာ ဆေးကို ဆောင်ယူဖို့ တောကိုသွားခဲ့ကြပါတယ်။ သင်ကတော့ ဆေးဆရာတွေပြောတဲ့ မိမိရဲ့ကျေးဇူးကို ဆောင်ပေးတဲ့ဆေးကို သယ်ဆောင်ခဲ့ပါတယ်။ ကျွန်မကတော့ ခွေးလှေးသီးအရိုင်းကို ဆောင်ယူခဲ့ပါတယ်။ သင် မသိမီ ကျွန်မက သင့်အိပ်ရာပေါ်ခွေးလှေးသီးကို ကြဲချခဲ့ပါတယ်။ အဲဒီမကောင်းမှုကံ အကျိုးကြောင့် ဝဲနာရောဂါ နှိပ်စက်ခံရပါတယ်။

တိဿာ။ ။ မှန်တယ်၊ သင်မတ္တာဟာ ငါရဲ့အိပ်ရာနေရာကို ခွေးလှေးသီး ကြဲချတာကို ငါသိပါတယ်။ သင့်ကို အခြားအကြောင်း မေးပါမယ်။ ဘာကြောင့် သင်ဟာ အဝတ်မရှိပါသလဲ။

မတ္တာ။ ။ သူငယ်တွေရဲ့ ပေါင်းဆုံမှု၊ ဆွေမျိုးတွေရဲ့ စည်းဝေးမှု ဖြစ်ခဲ့ပါတယ်။ လင်နဲ့တကွ သင့်ကို ဖိတ်ခေါ်ပါတယ်။ ကျွန်မကိုတော့ မဖိတ်ခေါ်ပါ။ သင် မသိတုန်း ကျွန်မဟာ သင်ရဲ့အဝတ်ကို ခိုးယူခဲ့ပါတယ်။ အဲဒီကံရဲ့အကျိုးကြောင့် ကျွန်မမှာ အဝတ်မရှိ ဖြစ်ရပါတယ်။

တိဿာ။ ။ မှန်တယ်၊ သင်မတ္တာဟာ ငါရဲ့အဝတ် ခိုးယူတာကို ငါသိပါတယ်။ သင့်ကို အခြားအကြောင်း မေးပါမယ်။ ဘာကြောင့် သင်ဟာ မစင်နံ့ ရှိပါသလဲ။

http://www.dhammadownload.com



မတ္တာ။ ။ သင်ရဲ့နံ့သာ ပန်း အဖိုးများစွာထိုက်တဲ့ နံ့သာပျောင်းတွေကို မစင်တွင်းမှာ ပစ်ချခဲ့ပါတယ်။ အဲဒီမကောင်းမှုကို ကျွန်မ ပြုလုပ်ခဲ့ပါတယ်။ အဲဒီမကောင်းမှုကံရဲ့ အကျိုးကြောင့် မစင်အနံ့ ရှိပါတယ်။

တိဿာ။ ။ မှန်တယ်၊ သင်မတ္တာဟာ အဲဒီမကောင်းမှု ပြုခဲ့တာကို ငါသိပါတယ်။ သင့်ကိုအခြားအကြောင်း မေးပါမယ်။ ဘာကြောင့် သင်ဟာ ဘဝဆိုးကို ရောက်နေရပါသလဲ။

မတ္တာ။ ။ အိမ်မှာရှိတဲ့ ပစ္စည်းဥစ္စာဟာ သင်နဲ့ကျွန်မ နှစ်ယောက်မှာ သာတူညီမျှသာ ဖြစ်ပါတယ်။ လှူဖွယ်ပစ္စည်းတွေ ထင်ရှားရှိပါလျက် မိမိရဲ့မှီခိုရာ ကောင်းမှုကုသိုလ်ကို ကျွန်မဟာ မပြုလုပ်ခဲ့ပါ။ အဲဒီကံရဲ့အကျိုးကြောင့် ကျွန်မဟာ ဘဝဆိုးကို ရောက်ရပါတယ်။ 'သင်ဟာ မကောင်းမှုကံကို မှီဝဲဘိတယ်၊ မကောင်းမှုကံတွေနဲ့ ဘဝကောင်းကို မရလွယ်'လို့ အဲဒီလူ့ဘဝဖြစ်စဉ်အခါကပဲ ကျွန်မကို သင်ပြောခဲ့ဖူးပါတယ်။

တိဿာ။ ။ သင်က သင့်စီးပွားကို လိုလားတဲ့ငါ့ကို ဆန့်ကျင်ဘက်အနေနဲ့ ယုံကြည်ယူဆတယ်။ ငါ့ကို မနာလိုတယ်၊ မကောင်းမှုကံတွေရဲ့အကျိုးဟာ ကြမ်းတမ်းတဲ့သဘောရှိတာကို သင်ရှုပါလော့။ ရှေးက

http://www.dhammadownload.com



သင် သိမ်းဆည်းထားခဲ့တဲ့ သင့်အိမ်တွေ၊ အဲဒီ ကျွန်မတွေ၊ သင့်အဝတ်တန်ဆာတွေ ရှိကြပါ တယ်။ အဲဒီအရာဝတ္ထုတွေကို သူတစ်ပါးတွေ သုံးဆောင်နေကြပါတယ်။ စည်းစိမ်တွေဟာ မမြဲ ကြပါ။

ယခုအခါ ကလေးအဖေဟာ ဈေးမှ အိမ်ကို ရောက်လာပါတော့မယ်။ သင့်အား တစ်စုံတစ်ရာ ပေးကောင်းပေးပါလိမ့်မယ်။ ဒီအရပ်မှ မသွားပါ နဲ့ဦး။

မတ္တာ။ ။ ကျွန်မမှာ အဝတ်လည်း မပါ၊ စက်ဆုပ်ရွံရှာဖွယ် အဆင်းသဏ္ဌာန်လည်း ရှိပါတယ်။ ကြဲ့လို့ပြီး အကြောပြိုင်းပြိုင်းထတဲ့ ကိုယ်ရှိပါတယ်။ ဒီ အဝတ်မပါခြင်းစတာဟာ မိန်းမတွေအတွက် ရှက်စဖွယ်ဖြစ်ပါတယ်။ ကျွန်မကို ကလေးအဖေ မမြင်ပါစေနဲ့။

တိဿာ။ ။ အခု ငါက သင့်အား ဘာကိုပေးရပါမလဲ။ အဝတ် ကိုလား၊ ထမင်းကိုလား၊ သင့်ကို ချမ်းသာစေပြီး သင့်အလိုအားလုံး ပြီးစေမယ့် ဘယ်လိုကျေးဇူးကို အခုအခါမှာ ငါဟာ ပြုလုပ်ပေးရပါမလဲ။

မတ္တာ။ ။ ရဟန်းသံဃာမှ သံဃာအနေနဲ့ ရဟန်း ၄ ပါး၊ ပုဂ္ဂိုလ်အနေနဲ့ ရဟန်း ၄ ပါး ပေါင်း ရဟန်း ၈ ပါးကို အလိုရှိသလောက် ဆွမ်းကျွေးပြီး

http://www.dhammadownload.com



ကျွန်မအား အလှူရဲ့အဖို့ကို ရည်ညွှန်းပေးဝေပါ။
အဲဒီအခါ ကျွန်မဟာ ချမ်းသာပြီး အလိုဆန္ဒဟူ
သမျှ ပြည့်ဝပါလိမ့်မယ်။

အဲဒီစကားကို ကြားရပြီး တိဿာက အဲဒီအကြောင်းကို သူမရဲ့လင်အား ပြောပြကာ ဒုတိယနေ့မှာ ရဟန်း ၈ ပါးကို ဆွမ်းကျွေးပြီး အဝတ်တွေကို လှူဒါန်းကာ အဲဒီပြိတ္တာမအား အလှူရဲ့အဖို့ကို ရည်ညွှန်းပေးဝေပါတယ်။ ရည်ညွှန်းပြီး လှူတဲ့အလှူရဲ့အခြားမဲ့မှာ စားဖွယ်၊ အဝတ်၊ သောက်ရေရခြင်းဆိုတဲ့ အကျိုးဖြစ်ပေါ်လာပါတယ်။ အဲဒီအကျိုးဟာ အလှူရဲ့အကျိုးပါပဲ။ အဲဒီနောက် မတ္တာပြိတ္တာမဟာ စင်ကြယ်တဲ့ကိုယ်ရှိလာတယ်။ စင်ကြယ်တဲ့အဝတ်ကို ဝတ်တယ်။ ကာသိတိုင်းဖြစ်အဝတ်ထက် ပိုကောင်းတဲ့အဝတ်ကို ဝတ်တယ်။ ဆန်းကြယ်တဲ့ အဝတ်၊ အဆင်တန်ဆာရှိတယ်။ လင်တူ တိဿာထံ ချဉ်းကပ်တယ်။

တိဿာ။ ။ အို နတ်သမီး၊ သောက်ရှူးကြယ်ဟာ အရပ်
မျက်နှာအားလုံးကို ထွန်းလင်းတောက်ပစေသလို
သင်ဟာ အလွန်နှစ်သက်ဖွယ် အရောင်အဆင်းနဲ့
အရပ်မျက်နှာအားလုံးကို ထွန်းလင်းစေလျက်
တည်နေတယ်။
သင်ဟာ ဘယ်ကုသိုလ်ထူးကြောင့် ဒီလိုအရောင်
အဆင်း ရှိပါသလဲ။ ဘယ်ကုသိုလ်ထူးကြောင့်
သင့်အား ဒီအရပ်မှာ ကောင်းကျိုးပြည့်စုံနေပါ

http://www.dhammadownload.com



သလဲ။ ဘယ်ကုသိုလ်ထူးကြောင့် သင့်မှာ စိတ်နှစ်သက်ဖွယ် စည်းစိမ်အားလုံး ဖြစ်ပေါ်နေကြပါသလဲ။

တန်ခိုးကြီးတဲ့ နတ်သမီး၊ သင့်ကို ငါမေးပါတယ်။ လူဖြစ်စဉ်က သင်ဟာ ဘယ်ကုသိုလ်ထူးကို ပြုခဲ့ပါသလဲ။ ဘယ်ကုသိုလ်ထူးကြောင့် ဒီလိုတောက်ပတဲ့အစွမ်း ရှိပါသလဲ။ သင်ရဲ့အရောင်အဆင်းကလည်း အရပ်မျက်နှာအားလုံးကို ထွန်းလင်းတောက်ပစေလျက် တည်ရှိပါသလဲ။

မဏ္ဍာ။ ။ ကျွန်မက မဏ္ဍာပါ။ သင်က တိဿာ၊ ရှေးဘဝက သင်ရဲ့လင်တူမိန်းမဖြစ်ခဲ့ပါတယ်။ မကောင်းမှုကံကို ပြုခဲ့လို့ ဒီလူ့ဘုံက ပြိတ္တာဘုံကို ရောက်ရပါတယ်။ ကျွန်မဟာ သင်တိဿာ ပေးလှူတဲ့ အလှူကြောင့် ဘာဘေးမှမရှိဘဲ ဝမ်းမြောက်ရပါတယ်။ ညီမတိဿာ၊ သင်ဟာ ဆွေမျိုးအားလုံးနဲ့အတူ ကြာရှည်စွာ အသက်ရှည်ပါစေ။ သောကကင်းပြီး ချွေး၊ မြူအညစ်အကြေးကင်းရာ နတ်ဘုံဌာနသို့ ရောက်ပါစေ။ ဝသဝတ္တီနတ်တွေရဲ့ နေရာဘုံသို့ ရောက်ပါစေ။

တင့်တယ်တဲ့ ညီမတိဿာ၊ ဒီလူ့ပြည်လောကမှာ တရားကိုကျင့်ပြီး အလှူဒါနကို ပေးလှူကာ ဝန်တိုမှုအညစ်အကြေးကို အမြစ်ပါနုတ်ပြီး ချီး

http://www.dhammadownload.com



မွမ်းထိုက်တဲ့ နတ်ပြည်သို့ ကပ်ရောက်ပါလော။

အဲဒီအခါ တိဿက အဲဒီဖြစ်ပုံကို သူ့လင်သူကြွယ်အား ပြောပြပါတယ်။ သူကြွယ်က ရဟန်းတွေအား လျှောက်ပြပါတယ်။ ရဟန်းတွေက ဘုရားရှင်အား လျှောက်ထားကြပါတယ်။ ဘုရားရှင်က အဲဒီအကြောင်းအရာကို အကြောင်းပြုပြီး ရောက်လာတဲ့ပရိသတ်အား တရားကိုဟောပါတယ်။ အဲဒီတရားစကားကို ကြားနာရပြီး လူအများဟာ သံဝေဂရကာနှမြော်မှုစတဲ့ အညစ်အကြေးကို ပယ်ရှားပြီး ဒါန၊ သီလစသည်နဲ့ မွေ့လျော်ကြပါတယ်။ ဘဝကောင်းကို ရောက်ကြပါတယ်၊

(ပေတဝတ္ထု၊ ၄၊ ၇၇)

ဒီဘဝမှာ အလုပ်ပုပ်၊ အပြောပုပ်၊ စိတ်ထားပုပ်တွေကို ထုပ်ယူသိမ်းဆည်းစုစည်းနေကြရင် သတ္တဝါတွေဟာ သံသရာမှာ အကျိုးပုပ်တွေကို ခံစားကြရပါတော့တယ်။ မတ္တာဟာ အလုပ်၊ အပြောပုပ်၊ စိတ်ထားပုပ်တွေကို ထုပ်ယူသိမ်းဆည်းစုစည်းခဲ့လို့ နောင်ဘဝမှာ အကျိုးပုပ်တွေကို ခံစားရပါတယ်။ တိဿလို အလုပ်မွှေး၊ အပြောမွှေး၊ စိတ်ထားမွှေးတွေကို မတ္တာသာ ထုပ်ယူနိုင်ခဲ့မယ်ဆိုရင် အကျိုးမွှေးတွေကို ခံစားရပေလိမ့်မယ်။ အလုပ်မွှေး၊ အပြောမွှေး၊ စိတ်ထားမွှေးတဲ့ တိဿကို မီခိုခွင့်ရလို့ မတ္တာမှာ အကျိုးမွှေးတွေကို ရရှိသွားပါတယ်။

http://www.dhammadownload.com

# ကရုဏာရှင် အရှင်သာရိပုတ္တရာ

မဂဓတိုင်းမှာ ဣက္ခကဝတီနဲ့ ဒီဃရာဇိဆိုတဲ့ ရွာငယ်နှစ်ရွာ ရှိတယ်၊ အဲဒီရွာငယ်နှစ်ရွာမှာ သံသာရမောစက ဆိုတဲ့ အယူ မှားရှိသူတွေ များစွာနေကြတယ်။ ရှေးအခါကလည်း နှစ် ၅၀၀ ရဲ့အထက်မှာ မိန်းမတစ်ယောက်က အဲဒီဣက္ခကဝတီ ရွာငယ်က သံသာရမောစကအမျိုးမှာ ဖြစ်တယ်။ အယူမှား ကြောင့် ပိုးကောင်၊ နှံကောင်များစွာကို သတ်ကာ ငြိတ္တာဘုံမှာ ဖြင်တယ်။ အနှစ် ၅၀၀ ပတ်လုံး ဆာလောင်မွတ်သိပ်မှု ဆင်းရဲကို ခံစားကာ ဂေါတမဘုရား ပွင့်လာတဲ့အခါ တစ်ဖန် လည်း ဣက္ခကဝတီရွာငယ်က သံသာရမောစကအမျိုးတစ်မျိုး မှာပဲ ဖြစ်တယ်။ ၁၇၊ ၁၈ နှစ်အရွယ်ရောက်တဲ့အခါ အခြား သူငယ်မတွေနဲ့အတူ ရထားငယ်နဲ့ ကစားနိုင်တဲ့အခါ အရှင် သာရိပုတ္တရာက အဲဒီရွာကိုပဲ အမှီပြုကာ အရုဏဝတီကျောင်း မှာ သီတင်းသုံးတယ်။ မထေရ်က တစ်နေ့မှာ ရဟန်း ၁၂ ပါးနဲ့အတူ အဲဒီရွာရဲ့တံခါးအနီးက လမ်းနဲ့ ကျော်လွန်သွား တယ်။ အဲဒီခဏမှာ ရွာက ကလေးမများစွာဟာ ရွာမှထွက်ပြီး တံခါးအနီးမှာ ကစားကြရင်း ကြည်ညိုစိတ်ဖြစ်သွားကြတယ်။ မိဘတွေရဲ့အကျင့်ကို ပြတဲ့အနေနဲ့ အဟုန်နဲ့လာပြီး အရှင် သာရိပုတ္တရာကိုရော အခြားရဟန်းတွေ ပါ တည်ခြင်းငါးပါး

http://www.dhammadownload.com



နဲ့ ရှိခိုးကြတယ်။ သဒ္ဒါမရှိတဲ့ အမျိုးရဲ့အဲဒီသမီးက ကြာမြင့်စွာသော ကာလပတ်လုံး ကုသိုလ်မှာ အလေ့အကျင့်မရှိ။ သူတော်ကောင်းတွေရဲ့အကျင့်မှ ကင်းတယ်။ ရိုသေမှု မရှိ။ ကျက်သရေမရှိသလို ရပ်တည်တယ်။

အရှင်သာရိပုတ္တရာက အဲဒီအမျိုးသမီးရဲ့ရှေးကအကျင့်ကိုရော၊ အခု သံသာရမောစကအမျိုးမှာ ဖြစ်တာကိုရော၊ နောင်အခါ ငရဲမှာ ဖြစ်ထိုက်တာကိုပါ မြင်ပြီး 'ဒီအမျိုးသမီးဟာ ငါ့ကိုရှိခိုးရင် ငရဲမှာ မဖြစ်လတ္တံ့၊ ပြိတ္တာဘုံတွေမှာ ဖြစ်ပြီးပေမယ့် ငါ့ကိုပဲမှီပြီး စည်းစိမ်ကို ရလိမ့်မယ်'လို့ သိလို့ သနားစိတ်က တိုက်တွန်းလို့ အဲဒီကလေးမတွေကိုပြောတယ်။

'သင်တို့က ရဟန်းတွေကို ရှိခိုးကြတယ်၊ ဒီကလေးမကတော့ ကျက်သရေမရှိသူလို ရပ်တည်နေတယ်'

အဲဒီအခါ သူမကို အဲဒီကလေးမတွေက လက်တွေကို ကိုင်ဆွဲငင်ကာ အတင်းပဲ မထေရ်ရဲ့ခြေတွေကို ရှိခိုးခိုင်းကြတယ်။ သူမဟာ နောင်အခါ အရွယ်ရောက်တော့ ဒီဃရာဇိရွာငယ်က သံသာရမောစကအမျိုးမှာ အမျိုးသားတစ်ဦးအား အပေးခံရတယ်။ ကိုယ်ဝန်အရင့်အမာဖြစ်ပြီး သေသွားတော့ ပြိတ္တာဘုံမှာဖြစ်တယ်။ အဝတ်မပါ၊ ရုပ်ဆိုးတယ်။ ဆာလောင်မွတ်သိပ်မှု နှိပ်စက်ခံရတယ်။ အလွန်အကဲ အကြည့်ရဆိုးတယ်။ လှည့်လည်သွားရင်း အရှင်သာရိပုတ္တရာအား ကိုယ်ထင်ပြပြီး သင့်တင့်ရာအရပ်မှာ ရပ်တည်တယ်။ အဲဒီပြိတ္တာမကို မြင်ပြီး မထေရ်က မေးတယ်။

http://www.dhammadownload.com



'အလွန်ကြံ့လှီပြီး နံရိုးပြိုင်းပြိုင်းထွက်နေတဲ့ မိန်းမ၊ သင်ဟာ အဝတ်လည်းမပါ၊ စက်ဆုပ်ရွံရှာဖွယ် အဆင်း သဏ္ဌာန်လည်း ရှိတယ်။ ကြံ့လှီပြီး အကြောပြိုင်းပြိုင်းထနေတဲ့ ကိုယ်ရှိကာ ဒီအရပ်မှာ ရပ်တည်နေတဲ့သင်က ဘယ်သူလဲ'

အဲဒီစကားကို ကြားရပြီး ပြိတ္တာမက သူမကို သိစေလိုလို့ ပြောပါတယ်။

'အရှင်ဘုရား၊ တပည့်တော်ဟာ ယမမင်းနိုင်ငံ ပြိတ္တာဘုံမှာ အကျုံးဝင်တဲ့ ဘဝဆိုးရှိသူ ပြိတ္တာမဖြစ်ပါတယ်။ မကောင်းမှုကံကို ပြုမိခဲ့လို့ ဒီလူ့ဘုံမှ ပြိတ္တာဘုံကို ရောက်ခဲ့ရပါတယ်'

တစ်ဖန် မထေရ်က အောက်ပါအတိုင်း မေးပါတယ်။

'သင်ဟာ ကိုယ်၊ နှုတ်၊ စိတ်နဲ့ ဘယ်မကောင်းမှုကို ပြုခဲ့ပါသလဲ။ ဘယ်ကံရဲ့အကျိုးကြောင့် ဒီလူ့ဘုံမှ ပြိတ္တာဘုံကို ရောက်ရပါသလဲ'

အဲဒီလို အမေးခံရတဲ့အခါ 'လှူလေ့မရှိဘဲ နှမြောလို့ တပည့်တော်ဟာ ပြိတ္တာဘုံမှာ ဖြစ်ကာ ဒီလိုကြီးကျယ်တဲ့ ဆင်းရဲကို ခံစားနေရပါတယ်'လို့ ပြလိုလို့ အောက်ပါစကားတွေကို ပြိတ္တာမက ပြောပါတယ်။

'အရှင်ဘုရား သင်ဟာ ကြည်ညိုစိတ်နဲ့ သမဏ၊ ဗြာဟ္မဏတွေအား အလှူကို လှူလော့'လို့ တိုက်တွန်းကာ သံသရာအကျိုးနဲ့ ချီးမြှောက်တတ်တဲ့ မိဘ၊ ဆွေမျိုးတွေ တပည့်တော်မှာ မရှိခဲ့ပါ။ ဒီဘဝမှ လွန်ခဲ့တဲ့သုံးခုမြောက်ဘဝ

http://www.dhammadownload.com



မှာ တပည့်တော် ပြိတ္တာဘဝရောက်ခဲ့တာကို အဖန်ဖန် အမှတ်ရပြီး အခုအခါမှာလည်း ဒီလိုအဝတ်မပါ ကိုယ်ချည်းသာဖြစ်ကာ ဆာလောင်မွတ်သိပ်မှု နှိပ်စက်ခံရကာ အနှစ် ၅၀၀ ပတ်လုံး လှည့်လည်နေရပါတယ်။ အဲဒါဟာ မကောင်းမှုကံရဲ့ အကျိုးပါပဲ။'

'အရှင်ဘုရား၊ အရှင်ဘုရားကို ကြည်ညိုစိတ်နဲ့ တပည့်တော် ရှိခိုးပါတယ်။ ရဲရင့်ပြီး တန်ခိုးကြီးတဲ့ အရှင်ဘုရား၊ အရှင်ဘုရားဟာ တပည့်တော်ကို တမလွန်အကျိုးနဲ့ ချီးမြှောက်တော်မူပါ။ (တပည့်တော်ကို ရည်စူးပြီး သနားမှုပြုတော်မူပါ) လှူဖွယ်တစ်ခုခုကို အလှူခံပုဂ္ဂိုလ်ကောင်း သမဏ၊ ဗြာဟ္မဏ တွေအား လှူပြီး တပည့်တော်အား အမျှပေးဝေတော်မူပါ။ တပည့်တော်ကို ဘဝဆိုးမှလွတ်မြောက်အောင် လုပ်ပေးတော်မူပါ'

ပြိတ္တာမက အဲဒီလို ပြောလာတဲ့အခါ အရှင်သာရိပုတ္တရာက ဒီလိုဆောင်ရွက်ပေးပါတယ်။

သနားစောင့်ရှောက်တတ်တဲ့ အရှင်သာရိပုတ္တရာဟာ ကောင်းပြီလို့ ဝန်ခံပြီး ရဟန်းတစ်ပါးအား ဆွမ်းတစ်လုတ်စာမျှ၊ တစ်လက်ဝါးမျှသော အဝတ်ပိုင်း၊ သောက်ရေခွက်ကို ပေးလှူပါတယ်။ အဲဒီပြိတ္တာမအား အလှူရဲ့အဖို့ကို ရည်ညွှန်းပေးဝေတော်မူပါတယ်။ ရည်ညွှန်းပြီး လှူတဲ့အလှူရဲ့အခြားမဲ့မှာ အကျိုးဖြစ်ပေါ်လာပါတယ်။ စားဖွယ်၊ အဝတ်၊ သောက်ရေတွေကို ရလာတာဟာ အလှူရဲ့အကျိုးပါပဲ။ အဲဒီပြိတ္တာမ

http://www.dhammadownload.com



ဟာ အဲဒီစားဖွယ်စသည်ကို ရပြီးနောက်မှာ စင်ကြယ်တဲ့ကိုယ် ရှိပါတယ်။ စင်ကြယ်တဲ့အဝတ် ရှိပါတယ်။ ကာသိတိုင်းဖြစ် အဝတ်ထက် ပိုကောင်းတဲ့အဝတ်ကို ဝတ်ထားပါတယ်။ ဆန်းကြယ်တဲ့ အဝတ်၊ အဆင်တန်ဆာကို ဝတ်ဆင်ထားပါတယ်။ သူမက အရှင်သာရိပုတ္တရာထံ ချဉ်းကပ်ပါတယ်။

အဲဒီအခါ အရှင်သာရိပုတ္တရာက အဲဒီပြိတ္တာမ ဣန္ဒြေတွေ ပြည့်ဖြိုး၊ အရေအဆင်း သန့်စင်၊ နတ်အဝတ်အဆင်တန်ဆာတွေကို ဝတ်ဆင်၊ ပတ်ဝန်းကျင်မှာ သူမရဲ့အရောင်အဝါနဲ့ ထွန်းလင်းစေကာ သူ့ထံလာပြီး ရပ်တည်နေတာကို မြင်သွားပါတယ်။ မျက်မှောက်အားဖြင့် ကံရဲ့အကျိုးကို သူမအား ထင်ရှားစေလိုလို့ အောက်ပါစကားတွေကို မိန့်ပါတယ်။

အရှင်သာရိပုတ္တရာ။ ။ အိုနတ်သမီး၊ သောက်ရှုးကြယ်ဟာ အရပ်မျက်နှာအားလုံးကို ထွန်းလင်းတောက်ပစေသလို သင်ဟာ အလွန်နှစ်သက်ဖွယ် အရောင်အဆင်းနဲ့ အရပ်မျက်နှာအားလုံးကို ထွန်းလင်းစေလျက် တည်နေတယ်။

သင်ဟာ ဘယ်ကုသိုလ်ထူးကြောင့် ဒီလို အရောင်အဆင်း ရှိပါသလဲ။ ဘယ်ကုသိုလ်ထူးကြောင့် သင့်အား ဒီအရပ်မှာ ကောင်းကျိုး ပြည့်စုံနေပါသလဲ။ ဘယ်ကုသိုလ်ထူးကြောင့် သင့်မှာ နှစ်သက်ဖွယ် စည်းစိမ်အားလုံး ဖြစ်ပေါ်နေကြပါသလဲ။

တန်ခိုးကြီးတဲ့ နတ်သမီး၊ သင့်ကို ငါမေးပါတယ်။ လူဖြစ်စဉ်က သင်ဟာ ဘယ်ကုသိုလ်ထူးကို ပြုခဲ့ပါသလဲ။

http://www.dhammadownload.com



ကင်မှာသာ တွဲရရွဲကျနေကြပါတယ်။ တပည့်တော်ဟာ စိတ်နှစ်သက်ရာရာအဝတ်ကို ဝတ်ဆင်ရပါတယ်။

သောက်ရေတစ်ခွက်ရဲ့အကျိုးကို ကြည့်ပါ။ ရေကန်တွေဟာ ရေသန့်ပြီး သဲဖြူတွေ ဝန်းရံနေကြပါတယ်။ ဆိပ်ကမ်းကောင်း ရှိကြပါတယ်။ အေးမြတဲ့ရေ ရှိကြပါတယ်။ မွှေးပျံ့သင်းကြိုင် လှိုင်တဲ့ရနံ့ ရှိကြပါတယ်။ ကောင်းစွာဖန်ဆင်းအပ်ပါတယ်။ နက်ကြပါတယ်။ လေးထောင့်ရှိကြပါတယ်။ ပဒုမ္မာကြာ၊ ဥပ္ပလကြာတွေနဲ့ ဖုံးလွှမ်းထားပါတယ်။ ရေရဲ့အထက်မှာ ကြာဝတ်ဆံတွေနဲ့ ဖုံးလွှမ်းလျက် ပြည့်နေကြပါတယ်။

အရှင်ဘုရား၊ တပည့်တော်ဟာ ဘယ်ဘေးရန်မှ မရှိဘဲ မွေ့လျော်ရပါတယ်။ မြူးထူးပျော်ပါးရပါတယ်။ ဝမ်းမြောက်ရပါတယ်။ လောကမှာ သနားကရုဏာရှိတဲ့ အရှင်ဘုရားကို ရှိခိုးဖို့လာခဲ့ပါတယ်။

ပြိတ္တာမက အဲဒီလိုလျှောက်ထားပြီးတဲ့အခါ အရှင်သာရိပုတ္တရာက ကုဏ္ဍကဝတီနဲ့ ဒီဃရာဇိဆိုတဲ့ ရွာငယ် ၂ ရွာက လူတွေ သူ့ထံလာကြတော့ အဲဒီအကြောင်းကို အကျယ်အားဖြင့် ပြောပြတယ်။ သံဝေဂရစေပြီး သံသာရမောစကမကောင်းမှုမှ လွတ်မြောက်စေကာ ဥပါသကာအဖြစ်မှာတည်စေပါတယ်။ အဲဒီဖြစ်ပုံဟာ ရဟန်းတွေထဲမှာ ထင်ရှားသွားပါတယ်။ အဲဒီအကြောင်းကို ဘုရားရှင်အား ရဟန်းတွေက လျှောက်ထားကြပါတယ်။ ဘုရားရှင်က အဲဒီအကြောင်း

http://www.dhammadownload.com



ကို အကြောင်းပြုပြီး ရောက်လာတဲ့ပရိသတ်အား တရားဟော တယ်။ အဲဒီတရားဒေသနာဟာ လူအများအတွက် အကျိုးများ ပါတယ်။ (ပေတဝတ္ထု၊ ၄၊ ၆၂)

အရှင်သာရိပုတ္တရာသာ မကယ်တင်ရင် အဲဒီပြိတ္တာ ဘဝက စားဝတ်နေရေး ဆက်လက်ဆင်းရဲနေမှာပါပဲ။ သူ တော်ကောင်းကို အမှီပြုရတဲ့အတွက် ဆင်းရဲတွင်းမှ လွတ်ခဲ့ ရပါတယ်။ သူတော်ကောင်းတွေနဲ့ ဆက်စပ်ရမှုဟာ အကျိုး ကြီးမားလှပါတယ်။ ပညာရှိသူတော်ကောင်းတွေဟာ ဆင်းရဲ ဒုက္ခရောက်နေသူတွေကို ချမ်းသာသုခရလာအောင် ဆောင် ရွက်ပေးတော်မူတတ်ကြပါပေတယ်။ အရှင်သာရိပုတ္တရာရဲ့ ပညာနဲ့ ကရုဏာဟာ ဒီပြိတ္တာမအတွက် ဇရာမအားကိုးရာ ကြီး ဖြစ်ပါပေတယ်။

http://www.dhammadownload.com

# ကျိန်စာသင့်သူ

သာဝတ္ထိမြို့အနီး ရွာငယ်က သူကြွယ်တစ်ဦးမှာ မြုံနေတဲ့ မယားရှိတယ်။ အဲဒီသူကြွယ်ရဲ့ဆွေမျိုးတွေက 'သင်ရဲ့မယား က မြုံနေတယ်။ သင့်အတွက် အခြားသတို့သမီးကို ဆောင်ယူ ကြမယ်'လို့ ပြောကြတယ်။ သူကြွယ်က သူ့မယားအပေါ် ချစ်လို့အလိုမရှိ။ အဲဒီအခါ သူ့မယားက အဲဒီဖြစ်ပုံကို ကြား ရပြီး 'အို အရှင်၊ ကျွန်မက မြုံနေပါတယ်။ အခြားသတို့ သမီးကို ဆောင်ယူထိုက်ပါတယ်။ သင်ရဲ့အမျိုးအနွယ် မပြတ် စဲပါစေနဲ့'လို့ ပြောတယ်။ မယားက အထပ်ထပ်ပြောလာတဲ့ အခါ အခြားသတို့သမီးကို သူကြွယ်က ဆောင်ယူလိုက်ပါ တယ်။ အဲဒီသတို့သမီး (မယားငယ်) ဟာ နောင်အခါမှာ ကိုယ်ဝန်ရလာတယ်။ အမြုံမိန်းမ (မယားကြီး) က 'ဒီမိန်းမ ဟာ သားကိုရပြီး ဒီအိမ်ရဲ့အစိုးရသူ ဖြစ်သွားလိမ့်မယ်'လို့ ကွေးကာ မနာလိုဖြစ်ပြီး မယားငယ်ရဲ့ကိုယ်ဝန်ဖျက်တဲ့နည်း ကို ရှာမှီးတဲ့အခါ ပရိဗိုဇ်မတစ်ယောက်ကို ထမင်း၊ ဖျော် ရည်စသည်တွေနဲ့ သိမ်းသွင်းကာ အဲဒီပရိဗိုဇ်မကို အဲဒီမယား ငယ်အား ကိုယ်ဝန်ကျဆေး ပေးစေပါတယ်။

မယားငယ်ဟာ ကိုယ်ဝန်ကျပြီးတဲ့အခါ သူမရဲ့မိခင် အား ပြောပြတယ်။ မိခင်က သူ့ဆွေမျိုးတွေကို ပေါင်းစုပြီး

http://www.dhammadownload.com



အဲဒီအကြောင်းကို အသိပေးတယ်။ အဲဒီဆွေမျိုးတွေက အမြဲမကို 'သင်ဟာ ဒီမိန်းမရဲ့ကိုယ်ဝန်ကျအောင် လုပ်သလား'လို့ မေးကြတယ်။

'ကျွန်မ မကျစေပါ'

'သင် ကိုယ်ဝန်မဖျက်ဆီးခဲ့ရင် ကျိန်စာဆိုပါ'

'ငါဟာ ကိုယ်ဝန်ဖျက်ဆီးခဲ့ရင် ဘဝဆိုးကို ရောက်ကာ ဆာလောင်မွတ်သိပ်မှု နှိပ်စက်ခံရပြီး ညနေပိုင်းရောနံနက်ပိုင်းမှာ သား ၅ ယောက် ၅ ယောက်တို့ကို ဖွားမြင်ပြီးခဲစားကာ မတင်းတိမ်ရပါစေသား။ အမြဲ အနံ့ဆိုးကာ ယင်ကောင်တွေလည်း အဝိုင်းခံရပါစေသား'

အဲဒီလိုလိမ်ပြောပြီး ကျိန်စာဆိုပါတယ်။ မယားကြီးဟာ မကြာခင်ပဲ သေပြီး အဲဒီရွာရဲ့အနီးမှာပဲ ရုပ်ဆိုးတဲ့ပြိတ္တာမ ဖြစ်တယ်။ အဲဒီအခါ ဇနပုဒ်မှာ ဝါကျွတ်အောင် နေပြီးတဲ့မထေရ် ၈ ပါးက ဘုရားရှင်ကို ဖူးမြော်ဖို့ သာဝတ္ထိမြို့ကိုလာကြတယ်။ အဲဒီရွာရဲ့အနီးမှာ အရိပ်၊ ရေနဲ့ပြည့်စုံတဲ့ တောအရပ်မှာ ဝါကပ်ကြတယ်။ အဲဒီအခါ အဲဒီပြိတ္တာမက မထေရ်တွေအား ကိုယ်ထင်ပြတယ်။ အဲဒီမထေရ်တွေထဲက မထေရ်ကြီးက အဲဒီပြိတ္တာမကို မေးပါတယ်၊

'သင်ဟာ အဝတ်လည်းမပါ၊ စက်ဆုပ်ရွံရှာဖွယ်အဆင်းသဏ္ဌာန်လည်းရှိတယ်။ မကောင်းနံ့ရှိတယ်။ သင့်ကိုယ်က အပုပ်နံ့ နံတယ်။ ယင်ကောင်တွေနဲ့ ဝိုင်းအုံနေတယ်။ ဒီအရပ်မှာ ရပ်တည်နေတဲ့သင်က ဘယ်သူလဲ'

http://www.dhammadownload.com



မဟာထေရ်က အမေးခံရတဲ့အခါ ပြိတ္တာမက သူ့ကိုယ်ကို ထင်ရှားပြရင်း သတ္တဝါတွေအား သံဝေဂဖြစ်စေလိုလို့ အောက်ပါအတိုင်း ပြောပါတယ်။

'အရှင်ဘုရား၊ တပည့်တော်မဟာ ယမမင်းနိုင်ငံ ပြိတ္တာဘုံမှာ အကျုံးဝင်ပါတယ်။ ဘဝဆိုးရောက်နေတဲ့ ပြိတ္တာမဖြစ်ပါတယ်။ မကောင်းမှုကံကို ပြုမိခဲ့လို့ ဒီလူ့လောကမှ ပြိတ္တာလောကကို ရောက်နေရပါတယ်။ တပည့်တော်မဟာ နံနက်ပိုင်းမှာ သား ၅ ယောက်၊ တစ်ဖန် ညနေပိုင်းမှာ သား ၅ ယောက်တို့ကို နေ့တိုင်း နေ့တိုင်း ဖွားမြင်ပြီး အဲဒီသားတွေကို ခဲစားရပါတယ်။ အဲဒီသား ၁၀ ယောက်ကတောင်မှ တပည့်တော်မရဲ့ တစ်နေ့တာ ဆာလောင်မွတ်သိပ်မှုကို မပယ်ဖျောက်နိုင်ပါ။ တပည့်တော်ရဲ့နှလုံးသားဟာ ဆာလောင်မွတ်သိပ် နှိပ်စက်ခံရလို့ ပူလောင်လှပါတယ်။ အခိုးတထောင်းထောင်းထသလို ဖြစ်ပါတယ်။ ရေဆာလို့ ဟိုဟိုဒီဒီ လှည့်လည်တဲ့အခါ ရေကိုတောင် မသောက်ရပါ။ ဆင်းရဲပျက်စီးခြင်းသို့ ရောက်နေတဲ့ တပည့်တော်ကို ကြည့်ရှုတော်မူပါ'

အဲဒီစကားကို ကြားရပြီး မထေရ်က သူမရဲ့ ပြုလုပ်ခဲ့တဲ့ကံကို မေးပါတယ်။

'သင်ဟာ ကိုယ်၊ နှုတ်၊ စိတ်နဲ့ ဘယ်မကောင်းမှုကို ပြုလုပ်ခဲ့ပါသလဲ။ ဘယ်ကံရဲ့အကျိုးကြောင့် မွေးဖွားလာတဲ့ သားတွေရဲ့အသားတွေကို စားရပါဘိသလဲ'

http://www.dhammadownload.com



အဲဒီအခါ အဲဒီပြိတ္တာမက သူပြုလုပ်ခဲ့တဲ့ကံကို မထေရ်အား ပြောပြပါတယ်။

'အရှင်ဘုရား၊ တပည့်တော်ရဲ့လင်တူမိန်းမမှာ ကိုယ်ဝန် ရှိခဲ့ပါတယ်။ အဲဒီလင်တူမိန်းမအပေါ် ယုတ်မာတဲ့အမှုကို အားထုတ်ခဲ့ပါတယ်။ တပည့်တော်မဟာ ဒေါသစိတ်နဲ့ ကိုယ်ဝန်ကျအောင် ပြုလုပ်ခဲ့ပါတယ်။ အဲဒီလင်တူမိန်းမရဲ့ နှစ်လရှိကိုယ်ဝန်ဟာ ပျက်ပြီး သွေးဖြစ်ကာ ယိုစီးကျလာပါတယ်။ အဲဒီအခါမှာ အဲဒီလင်တူမိန်းမရဲ့မိခင်က တပည့်တော်မကို အမျက်ထွက်ပြီး သူ့ဆွေမျိုးတွေကို စုဝေးစေပါတယ်။ တပည့်တော်မကို ကျိန်စာလည်း ဆိုခိုင်းပါတယ်။ ကြောက်ဖွယ်ဘေးနဲ့လည်း ခြိမ်းခြောက်ပါတယ်။ တပည့်တော်မဟာ 'အဲဒီကိုယ်ဝန်ချတာကို ကျွန်မပြုမိခဲ့ရင် ကျွန်မသားတွေရဲ့ အသားတွေကို ခဲစားရပါစေသား'လို့ ကြမ်းတမ်းတဲ့ ကျိန်စာကိုရော၊ မုသားစကားကိုပါ ပြောဆိုခဲ့ပါတယ်။ အဲဒီကိုယ်ဝန်ချတဲ့ ပါဏာတိပါတကံနဲ့ မုသားစကားပြောတဲ့ မုသာဝါဒကံ နှစ်မျိုးရဲ့အကျိုးကြောင့် ပြည် သွေးတွေနဲ့ လိမ်းကျံတဲ့ သားတွေရဲ့အသားတွေကို ခဲစားခဲ့ရပါတယ်'

အဲဒီပြိတ္တာမက အဲဒီလို သူ့ကံအကျိုးကို ပြောပြပြီး တစ်ဖန် မထေရ်တွေကို ဒီလိုလျှောက်ထားပါတယ်။

'အရှင်ဘုရားတို့၊ တပည့်တော်ဟာ အဲဒီရွာမှာပဲ ဒီအမည်ရှိ သူကြွယ်ရဲ့မယားဖြစ်ကာ မနာလိုမှု နှိပ်စက်ခံရလို့ မကောင်းမှုကို လုပ်ပြီး ဒီလိုပြိတ္တာဘုံမှာ ဖြစ်နေပါတယ်။

http://www.dhammadownload.com



တောင်းပန်ပါတယ် ဘုရား။ အဲဒီသူကြွယ်ရဲ့အိမ်ကို ကြွတော်မူကြပါ။ သူက အရှင်ဘုရားတို့အား အလှူကို လှူပါလိမ့်မယ်။ အဲဒီအလှူကို တပည့်တော်အား အမျှပေးဝေခိုင်းတော်မူကြပါ။ အဲဒီလိုလုပ်ရင် တပည့်တော်ဟာ ဒီပြိတ္တာဘဝမှ လွတ်ရပါလိမ့်မယ်'

မထေရ်တွေက အဲဒီစကားကို ကြားရပြီး သူမကို သနားတဲ့အတွက် ကယ်တင်လိုကြလို့ အဲဒီသူကြွယ်ရဲ့အိမ်ကို ဆွမ်းခံဝင်ကြတယ်။ သူကြွယ်က မထေရ်တွေကို မြင်ရပြီး ကြည်ညိုကာ ခရီးဦးကြိုဆိုတယ်။ သပိတ်တွေကို ယူပြီး မထေရ်တွေကို နေရာတွေမှာ ထိုင်စေကာ မွန်မြတ်တဲ့စားဖွယ်နဲ့ ဆွမ်းကျွေးဖို့ ကြိုးစားတယ်။ မထေရ်တွေက အဲဒီဖြစ်ပုံအကြောင်းကို သူကြွယ်အား ပြောပြပြီး အဲဒီအလှူကို အဲဒီပြိတ္တာမအား အမျှပေးဝေစေကြပါတယ်။ အဲဒီခဏမှာပဲ အဲဒီပြိတ္တာမဟာ အဲဒီဆင်းရဲမှုလွတ်ကင်းကာ မြင့်မြတ်တဲ့စည်းစိမ်ကိုရပြီး ညအခါမှာ သူကြွယ်အား ကိုယ်ထင်ပြတယ်။ အဲဒီအခါ မထေရ်တွေက အစဉ်အတိုင်း သာဝတ္ထိမြို့ကို သွားပြီး ဘုရားရှင်အား အဲဒီအကြောင်းကို လျှောက်ထားကြတယ်။ ဘုရားရှင်က အဲဒီအကြောင်းကို အကြောင်းပြုပြီး ရောက်လာတဲ့ပရိသတ်အား တရားဟောတယ်။ တရားဒေသနာ အဆုံးမှာ လူအများဟာ သံဝေဂရကာ နှမြောဝန်တိုမှုမှ ရှောင်ကြဉ်ကြတယ်။ အဲဒီလို အဲဒီတရားဒေသနာဟာ လူအများမှာ အကျိုးများတယ်။ (ပေတဝတ္ထု၊ ၄၊ ၃၀)

http://www.dhammadownload.com



မဟုတ် မမှန်တာကို ပြောပြီး ကျိန်စာဆိုတာဟာ ကြောက်စရာကောင်းလှပါတယ်။ ကျိန်စာသင့်တဲ့အခါ ခံစားရတဲ့ဒုက္ခဟာ မသက်သာလှပါ။ မထေရ် ၈ ပါးနဲ့ သူ့လင်သားသာ သူတော်ကောင်းစိတ် မရှိခဲ့ရင် သူမရဲ့ဘဝဟာ ဒုက္ခပင်လယ်ဝေနေပါလိမ့်မယ်။ သံဝေဂယူဖွယ် ကောင်းလှပါတယ်။

http://www.dhammadownload.com

# မာနနဲ့ ဣဿာ

သာဝတ္ထိမြို့ရဲ့အနီး ရွယ်ငယ်တစ်ရွာက ဥပါသကာတစ်ယောက်မှာ သား ၂ ယောက် ရှိတယ်။ ပထမအရွယ်မှာ တည်ကြတယ်။ ရုပ်လှကြတယ်။ သီလအကျင့်နဲ့ ပြည့်စုံကြတယ်။ သူတို့ရဲ့မိခင်က 'ငါဟာ သားတွေရှိသူပဲ'လို့ တွေးကာ သားတို့ရဲ့အင်အားနဲ့ လင်အပေါ် အထင်သေးတယ်။ မယားအထင်သေးခံရတဲ့လင်က ငြီးငွေ့လာပြီး အခြားသတို့သမီးကို သယ်ဆောင်တယ်။ သူမဟာ မကြာခင်ပဲ ကိုယ်ဝန်ရှိလာတယ်။ အဲဒီအခါ အဲဒီဥပါသကာရဲ့မယားကြီးက မနာလိုမှု နှိပ်စက်ခံရကာ ဆေးဆရာတစ်ယောက်ကို အစားအစာနဲ့ ဖြားယောင်းပြီး အဲဒီဆေးဆရာကို သူမရဲ့သုံးလရှိကိုယ်ဝန်ကို ဖျက်ခိုင်းတယ်။ အဲဒီအခါ အဲဒီမယားကြီးကို ဆွေမျိုးတွေက ရော၊ လင်ကပါ 'သင်ဟာ အဲဒီမိန်းမရဲ့ကိုယ်ဝန်ကို ဖျက်ဆီးပါသလား'လို့ မေးကြတယ်။ 'ကျွန်မ မဖျက်ပါ'လို့ လိမ်ညာပြောတယ်။ သူတို့က မယုံကြည်ကြလို့ 'သင် ကျိန်စာဆိုပါ' လို့ ပြောကြတယ်။ သူမက 'ညနေပိုင်း၊ နံနက်ပိုင်းတွေမှာ သား ၇ ယောက်၊ ၇ ယောက်တို့ကို မွေးဖွားပြီး သားတွေရဲ့ အသားတွေကို စားရပါစေသား၊ အမြဲအနံ့ဆိုးပါစေသား၊ ယင်ကောင်တွေ အဝိုင်းခံရပါစေသား'လို့ ကျိန်စာဆိုတယ်။

http://www.dhammadownload.com



သူမဟာ နောင်အခါမှာ သေပြီး ကိုယ်ဝန်ဖျက်ခဲ့တဲ့ ကံနဲ့ လိမ်ပြောခဲ့တဲ့ကံရဲ့အကျိုးကြောင့်ပဲ ပြိတ္တာဘုံမှာ ဖြစ်တယ်။ ရှေးဇာတ်လမ်းမှာ ပါခဲ့တဲ့အတိုင်း သားတွေရဲ့အသားတွေကို ခဲစားရင်း အဲဒီရွာအနီးမှာပဲ လှည့်လည်တယ်။ အဲဒီအခါ မထေရ်များစွာဟာ ရှာယ်ကျောင်းမှာ ဝါကျွတ်ပြီး ဘုရားရှင်ကို ဖူးမြော်ဖို့ သာဝတ္ထိမြို့ကို လာကြတဲ့အခါ အဲဒီရွာရဲ့အနီးက အရပ်တစ်ခုမှာ ညအခါ နေကြပါတယ်။ အဲဒီအခါ အဲဒီပြိတ္တာမက အဲဒီမထေရ်တွေအား ကိုယ်ထင်ပြပါတယ်။ ကျန်တာတွေက ရှေးက ပြိတ္တာမလိုပါပဲ။

(ပေတဝတ္ထု၊ ၄၊ ၃၄)

သားအားကိုးကာ မိခင်တွေက ကိုယ့်လင်သားအပေါ် အထင်သေးတတ်တယ်ဆိုတဲ့ လောကသဘာဝကို ဒီဇာတ်လမ်းကို ဖတ်ရှုရမှ သိရပါတယ်။ လောကသတ္တဝါတွေဟာ မာန်တက်စရာ ရှိလာရင် မာန်တက်ကြပါတကား။ မာန်ရဲ့ ဒဏ်ခတ်မှုကို အဲဒီမိခင်ဟာ မကြာခင် ခံရပါတော့တယ်။ လင်က အထင်သေးခံရတော့ အထင်သေးသူအပေါ် စိတ်ကုန်သွားပါတော့တယ်။ လင်သားက နောက်ခြေလှမ်းလှမ်းတော့ သားမာန်တက်တဲ့ မိခင်မှာ ဣဿာဂြိုဟ်မွှေပါတော့တယ်။ ဣဿာရဲ့နှိပ်စက်မှုကြောင့် မလုပ်သင့်တာတွေကို လုပ်ကာ မပြောသင့်တာတွေကို ပြောပါတော့တယ်။ ဘဝသံသရာခရီးမှာ ဆင်းရဲကို အဖော်ပြုရပါတော့တယ်။ ကိုယ့်ရဲ့မစောင့်စည်းတဲ့ နှုတ်က ကိုယ့်ကို ဒုက္ခကောင်းကောင်း ပေးပါတော့တယ်။

http://www.dhammadownload.com

# ဒါနမပါ သံသရာ

ဒီကမ္ဘာကနေ လွန်ခဲ့တဲ့ ၉၂ ကမ္ဘာထက်မှာ ကာသိဆိုတဲ့ မြို့ရှိခဲ့တယ်။ အဲဒီမြို့မှာ ဇယသေန ဆိုတဲ့မင်းအုပ်ချုပ်ခဲ့တယ်။ အဲဒီမင်းရဲ့မိဖုရားက သိရိမာ မည်တယ်။ သူမရဲ့ဝမ်းဗိုက်မှာ ဖုဿမည်တဲ့ ဘုရားလောင်းဟာ ဖြစ်တယ်။ အစဉ်အတိုင်း ဘုရားဖြစ်သွားတယ်။ ဇယသေနမင်းက 'ငါ့သားဟာ တောထွက်ပြီး ဘုရားဖြစ်သွားပြီ။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးဟာ ငါရဲ့သာ ရတနာသုံးပါးပဲ'လို့ ငါ့ဟာအနေနဲ့ သတ်မှတ်ကာ အမြဲတမ်းကိုယ်တိုင်ပဲ ပြုစုတယ်။ အခြားသူတွေအား ပြုစုခွင့် မပေး။ ဘုရားရှင်ရဲ့အမိကွဲ ညီ ၃ ယောက်က 'ဘုရားရှင်တွေဆိုတာ တစ်လောကလုံးရဲ့ စီးပွားအလို့ငှာ ပွင့်တော်မူကြတာပဲ။ တစ်ယောက်အကျိုးငှာသာ မဟုတ်၊ ငါတို့ရဲ့ဖခင်ကလည်း ငါတို့အား ပြုစုခွင့်မပေး၊ ဘုရားနဲ့ ရဟန်းသံဃာကို ပြုစုခွင့်ရအောင် ငါတို့ဘယ်လိုလုပ်ကြရပါမလဲ'လို့ တွေးကြတယ်။ 'အခု ငါတို့ဟာ နည်းလမ်းတစ်ခုခုကို ပြုလုပ်ကြမယ်'လို့ သူတို့မှာ အကြံဖြစ်ပေါ်လာတယ်။

အဲဒီသားတွေက နိုင်ငံအစွန်အဖျားအရပ်ကို ပျက်စီးသလိုဖြစ်အောင် အလုပ်ခိုင်းကြတယ်။ အဲဒီကနောက် မင်းက

http://www.dhammadownload.com



'နိုင်ငံအစွန်အဖျားအရပ် ပျက်စီးနေပြီ'လို့ ကြားရပြီး သား ၃ ယောက်လုံးကို နိုင်ငံအစွန်အဖျားအရပ်ကို ငြိမ်းအေးသွား အောင် လုပ်ဖို့ လွှတ်လိုက်တယ်။ အဲဒီသားတွေက သွားပြီး ငြိမ်းအေးအောင် လုပ်ကာ လာကြတယ်။ မင်းက အားရပြီး 'သင်တို့အလိုရှိတဲ့ဆုကို ယူကြ'လို့ ဆုပေးတယ်။ အဲဒီသား တွေက 'ကျွန်ုပ်တို့ဟာ ဘုရားရှင်ကို ပြုစုလိုကြပါတယ်'လို့ ပြောကြတယ်။ မင်းက 'အဲဒီဆုကို ချန်ထားပြီး အခြားဆုကို ယူကြပါ'လို့ ပြောတယ်။ မင်းသားတွေက 'အကျွန်ုပ်တို့ အခြားဆုကို အလိုမရှိကြပါ'လို့ ပြောကြတယ်။ 'ဒီလိုဆိုရင် အပိုင်းအခြားပြုလုပ်ပြီး ယူကြ'လို့ မင်းက ပြောတယ်။ မင်း သားတွေက ၇ နှစ် တောင်းကြတယ်။ မင်းက မပေး။ အဲဒီလို ၆ နှစ်၊ ၅ နှစ်၊ ၄ နှစ်၊ ၃ နှစ်၊ ၂ နှစ်၊ ၁ နှစ်၊ ၇ လ၊ ၆ လ၊ ၅ လ၊ ၄ လ လို့ပြောပြီး ၃ လ တိုင်အောင် တောင်းကြတယ်။ အဲဒီအခါ မင်းက 'ယူကြ'လို့ ပေးတယ်။

မင်းသားတွေက ဘုရားရှင်ထံ ချဉ်းကပ်ပြီး 'မြတ်စွာ ဘုရား၊ တပည့်တော်တို့ဟာ ဘုရားရှင်ကို ၃ လ ပတ်လုံး ပြုစုလုပ်ကျွေးလိုကြပါတယ်။ မြတ်စွာဘုရား၊ မြတ်စွာဘုရား က တပည့်တော်တို့အတွက် ၃ လ ဝါဆိုပေးဖို့ လက်ခံတော်မူ ပါ'လို့ လျှောက်ကြတယ်။ ဘုရားရှင်က ဆိတ်ဆိတ်နေကာ လက်ခံတော်မူတယ်။ အဲဒီမင်းသား ၃ ယောက်က သူတို့ရဲ့ ဇနပုဒ်က အမှုထမ်းယောကျ်ားထံ 'ဒီသုံးလပတ်လုံး ငါတို့ဟာ ဘုရားရှင်ကို ပြုစုကြပါမယ်၊ ကျောင်းကစပြီး ဘုရားရှင်အား

http://www.dhammadownload.com



ပြုစုဖို့ အဆောက်အအုံအားလုံးကို ပြီးစီးအောင် လုပ်ထား ပါ’လို့စာရေးပို့လွှတ်လိုက်ကြတယ်။ အမှုဆောင်ယောကျ်ားက ကိစ္စအားလုံးကို ပြီးစီးစေပြီး သတင်းပြန်ပို့တယ်။ အဲဒီ မင်း သားတွေဟာ ဖန်ရည်ဆိုးထားတဲ့ အဝတ်တွေကို ဝတ်ပြီး ဝေယျာဝစ္စလုပ်ပေးတဲ့ ယောကျ်ားတစ်ထောင်နဲ့ ဘုရားရှင်နဲ့ ရဟန်းသံဃာကို ရိုသေစွာ ပြုစုကြတယ်။ ဇနပုဒ်ကို ပင့် ဆောင်ပြီး ကျောင်းကိုအပ်နှင်းကာ ဝါဆိုစေကြပါတယ်။

အဲဒီလူတွေထဲက သူကြွယ်သားဖြစ်သူ ဘဏ္ဍာစိုး တစ်ယောက်က မယားနဲ့အတူ သဒ္ဓါတရားရှိတယ်။ ရတနာ သုံးပါးအပေါ် ကြည်ညိုတယ်။ သူက ဘုရားအမှူးရှိတဲ့ ရဟန်း အပေါင်းအား ဒါနဝတ်ကို ရိုရိုသေသေလှူတယ်။ ဇနပုဒ်ရှိ အမှုဆောင်ယောကျ်ားက အဲဒီဘဏ္ဍာစိုးကို ခေါ်ယူပြီး ဇနပုဒ် သား တစ်သောင်းတစ်ထောင်လောက်သော ယောကျ်ားတွေနဲ့ အတူ ရိုရိုသေသေပဲ အလှူကို လည်ပတ်စေပါတယ်။ အဲဒီ လူတွေထဲက တချို့ဇနပုဒ်သားတွေက ဒေါသစိတ်ဖြစ်ကြ တယ်။ အဲဒီလူတွေက အလှူရဲ့အန္တရာယ်ကို ပြုလုပ်ကာ လှူဖွယ်ကို ကိုယ်တိုင်စားကြတယ်။ ထမင်းဇရပ်ကိုလည်း မီးနဲ့ရှို့ကြတယ်။ ဖိတ်မံထားတဲ့ မင်းသားတွေက ဘုရားရှင် အား ပူဇော်မှုကိုပြုပြီး ဘုရားရှင်ကို ရှေ့သွားပြုကာ ဖခင်ထံ ကိုပဲ ပြန်သွားကြတယ်။ အဲဒီနေရာကို ကြွသွားပြီး ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပါတယ်။ မင်းသားတွေရော၊ ဇနပုဒ်က အမှုဆောင်ယောကျ်ားရော၊ ဘဏ္ဍာစိုးပါ အစဉ်အတိုင်း သေပြီး

http://www.dhammadownload.com



ပရိသတ်နဲ့အတူ နတ်ပြည်မှာ ဖြစ်ကြတယ်။ ဒေါသစိတ်ရှိသူတွေက ငရဲမှာဖြစ်ကြတယ်။ အဲဒီလူ ၂ အုပ်စုဟာ နတ်ပြည်က နတ်ပြည်သို့၊ ငရဲက ငရဲသို့ ရောက်ကြရင်း ၉၂ ကမ္ဘာ ကုန်လွန်သွားကြပါတယ်။

ဒီဘဒ္ဒကမ္ဘာမှာ ကဿပဘုရား ပွင့်တော်မူတဲ့အခါ အဲဒီဒေါသစိတ်ရှိသူတွေဟာ ပြိတ္တာဘဝတွေမှာ ဖြစ်ကြတယ်။ အဲဒီအခါ လူတွေက သူတို့ သူတို့ရဲ့ဆွေမျိုးပြိတ္တာတွေရဲ့ အကျိုးငှာ 'ငါတို့ရဲ့ ဒီအလှူဟာ ငါတို့ဆွေမျိုးတွေအတွက် ဖြစ်ပါစေ'လို့ ရည်ညွှန်းမျှဝေကြတယ်။ အဲဒီဆွေမျိုးပြိတ္တာတွေဟာ စည်းစိမ်ကို ရကြပါတယ်။ အဲဒီအခါ ဒီပြိတ္တာတွေဟာလည်း အဲဒီပြိတ္တာတွေ အခြေအနေကို မြင်ရပြီး ကဿပဘုရားရှင်ကို ချဉ်းကပ်ကာ 'မြတ်စွာဘုရား၊ တပည့်တော်တို့လည်း ဒီလိုစည်းစိမ်ကို ရကြပါမလား'လို့ မေးကြပါတယ်။ ကဿပဘုရားရှင်က 'သင်တို့ဟာ အခု မရကြ၊ နောင်အခါမှာတော့ ဂေါတမဘုရားရှင် ပွင့်လိမ့်မယ်။ အဲဒီဘုရားရှင်လက်ထက်မှာ ဗိမ္ဗိသာရမည်တဲ့ မင်းရှိလိမ့်မယ်။ အဲဒီမင်းက ဒီကမ္ဘာကနေ လွန်ခဲ့တဲ့ ၉၂ ကမ္ဘာအထက်မှာ သင်တို့ရဲ့ ဆွေမျိုး ဖြစ်ခဲ့တယ်။ အဲဒီမင်းက ဘုရားရှင်အား အလှူလှူပြီး သင်တို့အား အမျှပေးဝေလိမ့်မယ်။ အဲဒီအခါ သင်တို့ ရကြလိမ့်မယ်'လို့ မိန့်တော်မူတယ်။ အဲဒီလိုမိန့်တော်မူတဲ့အခါ အဲဒီပြိတ္တာတွေအဖို့ အဲဒီစကားကို သင်တို့ နက်ဖြန်မှာ ရကြလိမ့်မယ်'လို့ ပြောသလို ဖြစ်သွားခဲ့တယ်။

အဲဒီကနောက် ဘုရားရှင်တစ်ဆူနဲ့တစ်ဆူကြားကာလ လွန်သွားတဲ့အခါ ငါတို့ရဲ့ဂေါတမဘုရားရှင် ပွင့်တော်မူလာတယ်။ အဲဒီမင်းသားသုံးယောက်လုံးဟာ ယောက်ျားတစ်ထောင်နဲ့အတူ နတ်ပြည်မှ စုတေကာ မဂဓတိုင်းက ပုဏ္ဏားမျိုးမှာဖြစ်တယ်။ အစဉ်အတိုင်း ရသေ့ဝတ်ပြီး ဂယာသီသမှာ ရသေ့သုံးယောက်ဖြစ်ကြတယ်။ ဧနပုဒ်က အမှုဆောင်ယောက်ျားက ဗိမ္ဗိသာရမင်းဖြစ်တယ်။ သူကြွယ်သား ဘဏ္ဍာစိုးက ဝိသာခမည်တဲ့ သူဌေးဖြစ်တယ်။ ဘဏ္ဍာစိုးရဲ့မယားက ဓမ္မဒိန္နာမည်တဲ့ သူဌေးသမီးဖြစ်တယ်။ ကျန်တဲ့ပရိသတ်တွေကတော့ မင်းရဲ့ပရိသတ်တွေပဲ ဖြစ်ကြတယ်။ ငါတို့ရဲ့ဂေါတမဘုရားရှင်ဟာလည်း လောကမှာ ပွင့်ပေါ်လာပြီး ၇ ရက် ၇ လီကို ကျော်လွန်ကာ အစဉ်အတိုင်း ဗာရာဏသီမြို့ကို ရောက်တယ်။ ဓမ္မစကြာကို ဟောပြီး ပဉ္စဝဂ္ဂီတွေကိုအစပြုကာ တစ်ထောင်အခြံအရံရှိတဲ့ ရသေ့ညီနောင်သုံးယောက်ကို ဆုံးမပြီး ရာဇဂြိုဟ်မြို့ကို သွားတယ်။ အဲဒီမှာ အဲဒီနေ့မှာပဲ ချဉ်းကပ်လာတဲ့ ဗိမ္ဗိသာရမင်းကို အင်္ဂတိုင်းသား၊ မဂဓတိုင်းသား တစ်သိန်းတစ်သောင်းတို့နဲ့အတူ သောတာပတ္တိဖိုလ်မှာ တည်စေပါတယ်။

အဲဒီအခါ ဗိမ္ဗိသာရမင်းက ဘုရားရှင်ကို နက်ဖြန်မှာဖြစ်မယ့်ကောင်းမှုအတွက် ဆွမ်းပင့်ဖိတ်တယ်။ ဘုရားရှင်က လက်ခံတယ်။ ဒုတိယနေ့မှာ လုလင်အသွင်ဆောင်ထားတဲ့ သိကြားမင်းက ရှေ့ကသွားတယ်။ ဘုရားရှင်ကို သိကြားမင်း

http://www.dhammadownload.com



က ချီးမွမ်းစကားတွေနဲ့ ချီးမွမ်းတယ်။ ဘုရားရှင်က ရာဇဂြိုဟ် မြို့ကိုဝင်ပြီး မင်းရဲ့နန်းတော်မှာ အလှူကြီးကို လက်ခံတယ်။ အဲဒီပြိတ္တာတွေကတော့ 'အခု ဗိမ္ဗိသာရမင်းက အလှူကို ငါတို့အား ရည်ညွှန်းမျှဝေလိမ့်မယ်။ အခု အမျှဝေလိမ့်မယ်' ဆိုတဲ့ အာသာနဲ့ ဝိုင်းရံပြီး ရပ်တည်နေကြတယ်။ မင်းက အလှူ လှူပြီး 'ဘုရားရှင်ဟာ ဘယ်နေရာမှာ သီတင်းသုံးရပါ့ မလဲ'လို့ ဘုရားရှင်ရဲ့ ကျောင်းနေရာကိုသာ စဉ်းစားနေတယ်။ အဲဒီအလှူကို ဘယ်သူ့ကိုမှ အမျှမဝေမိ။ အဲဒီလို အဲဒီအလှူ ကို မရကြတဲ့ ပြိတ္တာတွေဟာ အာသာပြတ်ကာ ညအခါ မင်းရဲ့နန်းတော်မှာ အလွန်အကဲ ကြောက်မက်ဖွယ် ဖောက်ပြန် တဲ့အသံကို ပြုလုပ်ကြတယ်။

မင်းက ကြောက်လန့်ထိတ်လန့်တုန်လှုပ်ကာ မိုး သောက်လင်းတဲ့အခါ ဘုရားရှင်အား 'မြတ်စွာဘုရား၊ တပည့် တော်ဟာ ဒီလိုအသံကို ကြားခဲ့ရပါတယ်။ တပည့်တော်မှာ ဘယ်လိုဖြစ်မှာလဲ'လို့ မေးလျှောက်တယ်။ ဘုရားရှင်က အောက်ပါအတိုင်း မိန့်တော်မူတယ်။

'မင်းကြီး၊ မကြောက်ပါနဲ့၊ သင့်မှာ ဘာဆိုးသွမ်းတာ မှ မဖြစ်လတ္တံ့။ ဒါပေမဲ့ သင့်မှာ ပြိတ္တာဘုံတွေမှာ ဖြစ်နေ ကြတဲ့ ဆွေမျိုးဟောင်းတွေ ရှိနေကြတယ်။ သူတို့က ဘုရား ရှင်နှစ်ဆူတို့ရဲ့ အကြားကာလတစ်ခုပတ်လုံး အဲဒါကိုပဲ တောင့်တကာ 'ဘုရားရှင်အား အလှူ လှူပြီး ငါတို့အား ရည်ညွှန်းမျှဝေလိမ့်မယ်'လို့ လှည့်လည်နေကြတယ်။ သင်က

http://www.dhammadownload.com



မနေ့က အလှူလှူပြီး အမျှမပေးဝေလိုက်လို့ အာသာပြတ်ကာ အဲဒီလို ဖောက်ပြန်တဲ့အသံကို ပြုလုပ်ကြတယ်'

'မြတ်စွာဘုရား အခုလည်း လှူရင် အဲဒီပြိတ္တာတွေ ရနိုင်ကြပါသလား'

'မင်းကြီး၊ ရနိုင်ကြတယ်'

'မြတ်စွာဘုရား၊ ဒီလိုဆိုရင် မြတ်စွာဘုရားဟာ ဒီနေ့ ဖြစ်မယ့်ကောင်းမှုအတွက် တပည့်တော်ရဲ့အလှူကို လက်ခံတော်မူပါ။ အဲဒီပြိတ္တာတွေအား တပည့်တော် အမျှပေးဝေပါမယ်'

ဘုရားရှင်က ဆိတ်ဆိတ်နေကာ လက်ခံတော်မူပါတယ်။ မင်းက နန်းတော်ကိုသွားပြီး အလှူကြီးကို စီစဉ်ခိုင်းကာ ဘုရားရှင်အား အချိန်ကို လျှောက်ထားခိုင်းတယ်။ ဘုရားရှင်က မင်းနန်းတော်တွင်းကို သွားပြီး ခင်းထားတဲ့နေရာမှာ ရဟန်းအပေါင်းနဲ့အတူ ထိုင်တယ်။ အဲဒီပြိတ္တာတွေက 'ဒီနေ့ ငါတို့ရနိုင်ကြပါရဲ့'လို့ တွေးကာ နံရံတစ်ဖက်စတဲ့ အရပ်တွေမှာ ရပ်တည်နေကြတယ်။ ဘုရားရှင်က အဲဒီပြိတ္တာအားလုံးပဲ မင်းရဲ့မြင်ကွင်းရောက်အောင် လုပ်လိုက်ပါတယ်။ မင်းက အလှူရေစက်ကို လှူပြီး 'ဒီအလှူဟာ ငါ့ဆွေမျိုးတွေအတွက် ဖြစ်ပါစေ'လို့ အမျှပေးဝေလိုက်ပါတယ်။ အဲဒီအမျှပေးဝေလိုက်တဲ့ ခဏမှာပဲ ပြိတ္တာတွေမှာ ပဒုမ္မာကြာတွေနဲ့ ဖုံးလွှမ်းတဲ့ ရေကန်တွေ ဖြစ်ပေါ်လာကြတယ်။ အဲဒီပြိတ္တာတွေဟာ အဲဒီရေကန်တွေမှာ ရေလည်းချိုး၊ ရေလည်းသောက်ကာ ပူ

http://www.dhammadownload.com



လောင်ပင်ပန်း ဆာလောင်မှုတွေ ငြိမ်းပျောက်ပြီး ရွှေအဆင်းလို အဆင်းရှိသွားကြတယ်။

မင်းက ယာဂု၊ ခဲဖွယ်၊ စားဖွယ်တွေကိုလှူပြီး အမျှပေးဝေတယ်။ အဲဒီအမျှပေးဝေတဲ့ခဏမှာပဲ အဲဒီပြိတ္တာတွေမှာ နတ်မှာဖြစ်တဲ့ ယာဂု၊ ခဲဖွယ်၊ စားဖွယ်တွေဖြစ်ပေါ်လာကြတယ်။ အဲဒီပြိတ္တာတွေက အဲဒီ ယာဂု၊ ခဲဖွယ်၊ စားဖွယ်တွေကို သုံးဆောင်ပြီး ဣန္ဒြေတွေ ပြည့်ဖြိုးသွားကြတယ်။ ပြီးတော့ အဝတ်၊ အိပ်ရာ နေရာတွေကို ပေးလှူပြီး အမျှပေးဝေတယ်။ အဲဒီပြိတ္တာတွေမှာ နတ်မှာဖြစ်တဲ့ အဝတ်၊ ပြာသာဒ်၊ အခင်း၊ အိပ်ရာစတဲ့ အဆင်တန်ဆာအမျိုးမျိုးတွေ ဖြစ်ပေါ်လာကြတယ်။ အဲဒီပြိတ္တာတွေရဲ့ အဲဒီစည်းစိမ်အားလုံးလည်း မင်းမှာ ထင်ရှားသွားအောင် ဘုရားရှင်က အဓိဋ္ဌာန်လိုက်ပါတယ်။ မင်းက အဲဒီအခြေအနေ ကိုမြင်ပြီး အလွန်ပဲ ဝမ်းသာသွားတယ်။ ဘုရားရှင်က ဆွမ်းဘုဉ်းပေးပြီးတဲ့အခါ ဗိမ္ဗိသာရမင်း ဝမ်းမြောက်ဝမ်းသာဖြစ်ဖို့ တိရောကုဍ္ဍပေတဝတ္ထုကို ဟောပါတယ်။

ပြိတ္တာတွေဟာ သူတို့ရဲ့ဆွေမျိုးဟောင်းအိမ်ကို လာကြပြီး နံရံပြင်ဘက်၊ လမ်းဆုံလမ်းခွ၊ အိမ်ခြံစပ်၊ တံခါးဝ တံခါးပေါင်အရပ်တွေမှာ ရပ်တည်နေကြတယ်။ များစွာသော ထမင်း၊ ဖျော်ရည်၊ ခဲဖွယ်၊ စားဖွယ်တွေကို လှူဒါန်းဖို့ စီစဉ်ထားပေမယ့် အဲဒီပြိတ္တာသတ္တဝါတွေရဲ့ ကံအကြောင်းကြောင့် အဲဒီပြိတ္တာသတ္တဝါတွေကို ဘယ်သူကမှ သတိမရ။

http://www.dhammadownload.com



အကျိုးစီးပွား လိုလားတဲ့သူတွေက ဆွေမျိုးပြိတ္တာတွေ ကပ်ရောက်လာတဲ့အခါ စင်ကြယ်မွန်မြတ် လျောက်ပတ်တဲ့ ဖျော်ရည်၊ စားဖွယ်စတဲ့ လှူဖွယ်ကို 'ဒီလှူဖွယ်ပစ္စည်းဟာ ဆွေမျိုးပြိတ္တာတွေအတွက် ဖြစ်ပါစေ။ ဆွေမျိုးပြိတ္တာတွေဟာ ဒီအကျိုးကို ခံစားရကာ ချမ်းသာကြပါစေ'လို့ ဆွေမျိုးပြိတ္တာတွေအတွက် ရည်ညွှန်းကာ ပေးလှူကြတယ်။ အမျှဝေကြတယ်။ အပ်နှင်းကြတယ်။ အဲဒီဆွေမျိုးပြိတ္တာတွေဟာ အဲဒီအရပ်ကို 'ငါတို့ရဲ့ ဒီဆွေမျိုးတွေက ငါတို့အကျိုးငှာ အလှူကို ရည်ညွှန်းမျှဝေနေကြတယ်'လို့ ဝမ်းမြောက်ဝမ်းသာဖြစ်ဖို့ စုပေါင်းရောက်လာကြကာ များစွာသော ထမင်း၊ ဖျော်ရည်စတဲ့ လှူဖွယ်ကို သူတို့အား ရည်စူးပေးလှူ မျှဝေတဲ့အခါ ရိုရိုသေသေ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြတယ်။

'ဆွေမျိုးတွေကို အကြောင်းပြုပြီး ငါတို့ပြိတ္တာတွေဟာ ဒီလိုစည်းစိမ်ကို ရကြရပေတယ်။ ငါတို့ရဲ့ဆွေမျိုးတွေဟာ အသက်ရှည်ကြပါစေ။ ဒီလှူဖွယ်ဟာ ဆွေမျိုးတွေအတွက် ဖြစ်ပါစေ'လို့ ရည်ညွှန်းမျှဝေတဲ့ အလှူရှင်တွေဟာ ငါတို့ပြိတ္တာတွေအားလည်း ပူဇော်မှု ပြုကြပေတယ်။ အလှူရှင်တွေမှာလည်း အကျိုးရှိကြတယ်'

အဲဒီပြိတ္တာဘုံမှာ ချမ်းသာစွာ အသက်မွေးဖို့ လယ်ထွန်ရတာလည်း မရှိ၊ နွားကျောင်းရတာလည်း မရှိ။ စည်းစိမ်ဥစ္စာရကြောင်း ကုန်သွယ်ရတာလည်း မရှိ။ ရွှေငွေနဲ့ ရောင်းဝယ်ရတာလည်း မရှိ။ သေပြီး တမလွန်ဘဝကို ပြောင်းသွား

http://www.dhammadownload.com



ကြတဲ့ ပြိတ္တာတွေဟာ ဒီလူ့ဘုံက ကျန်ရစ်တဲ့ဆွေမျိုး မိတ်ဆွေတွေ ပေးဝေတဲ့ကုသိုလ်အဖို့နဲ့ အဲဒီပြိတ္တာဘုံမှာ မျှတကြရတယ်။ ခန္ဓာကိုယ်အတ္တဘောကို ဖြစ်စေကြရတယ်။

ကုန်းမြင့်ရာအရပ်မှာ ရွာတဲ့မိုးရေဟာ ချိုင့်ဝှမ်းရာအရပ်ကို စီးသွားတယ်။ အဲဒီလိုပဲ ဒီလူ့ဘုံက ပေးဝေတဲ့ ကုသိုလ်အဖို့ဟာ ပြိတ္တာတွေထံ ကပ်ရောက်တယ်။ (အကျိုးဖြစ်ပေါ်ဖို့ အသုံးဝင်တယ်)။ ရေပြည့်တဲ့ မြစ်တွေဟာ သမုဒ္ဒရာကို ပြည့်စေကြတယ်။ အဲဒီလိုပါပဲ။ ဒီလူ့ဘုံက ပေးဝေတဲ့ ကုသိုလ်အဖို့ဟာ ပြိတ္တာတွေထံ ကပ်ရောက်တယ်။

'ဒီလူက ငါ့အား ဒီပစ္စည်းကို ပေးဖူးတယ်။ ဒီလူက ငါရဲ့ကိစ္စကို ဆောင်ရွက်ပေးဖူးတယ်။ ဒီလူက ငါ့ဆွေမျိုးပဲ။ ငါ့မိတ်ဆွေပဲ။ ငါငယ်စဉ်က ကစားဖော်ပဲ'လို့ ရှေးကပြုလုပ်ခဲ့သမျှကို အဖန်ဖန်အောက်မေ့သူဟာ ပြိတ္တာတွေအား အလှူကို အပ်နှင်းရာပါ၏။

ငိုကြွေးမှု၊ စိုးရိမ်မှု၊ ပြောဆိုမြည်တမ်းမှုတွေဟာ ပြိတ္တာတွေရဲ့အကျိုးငှာ မဟုတ်ပါ။ ဒါကြောင့် အဲဒါတွေကို မပြုလုပ်သင့်ပါ။ ဒါပေမဲ့ ပညာမရှိသူ ကျန်ရစ်တဲ့ဆွေမျိုးတွေကတော့ ငိုကြွေးနေကြတယ်။

တမလွန်ဘဝသို့ ပြောင်းသွားသူကို ရည်စူးကာ သံဃာမှာ ကောင်းစွာတည်တဲ့ ပေးလှူအပ်တဲ့ ဒီအလှူဟာ ပြိတ္တာရဲ့ ကာလရှည်ကြာစွာ စီးပွားအလို့ငှာ တစ်ခဏချင်း ကပ်ရောက်နိုင်ပါတယ်။

http://www.dhammadownload.com



တမလွန်ဘဝသို့ ပြောင်းသွားသူကို ရည်စူးပြီး ပေးလှူခြင်းဆိုတဲ့ ဆွေမျိုးတွေအပေါ် ပြုရတဲ့ဝတ္တရားလို့ ညွှန်ပြအပ်တယ်။ ပြိတ္တာတွေအား မြတ်တဲ့ပူဇော်မှုကို ပြုရာရောက်ပါတယ်။ ရဟန်းတွေအား ကိုယ်ခွန်အားကို ပေးလှူအပ်သည်လည်း မည်တယ်။ သင်တို့ဟာ ကြီးကျယ်တဲ့ ကုသိုလ်ကို ပွားများဆည်းပူးသည်လည်း မည်တယ်။

တရားဒေသနာရဲ့အဆုံးမှာလည်း ပြိတ္တာဘုံမှာ ဖြစ်ရတာရဲ့အပြစ်ကို ဖော်ပြလို့ စိတ်နှလုံး ထိတ်လန့်တုန်လှုပ်ကြပြီး သင့်တဲ့အကြောင်းနဲ့ အားထုတ်ကြတဲ့ သတ္တဝါပေါင်း ၈ သောင်း ၄ ထောင်မှာ တရားထူးကို ထိုးထွင်းသိကြတယ်။ ဒုတိယနေ့မှာလည်း နတ်လူတွေအား ဒီတိရောကုဍ္ဍတရားဒေသနာကိုပဲ ဟောတော်မူပါတယ်။ အဲဒီလို ၇ ရက်တိုင်တိုင် အဲဒီလောက်ပဲ တရားထူးကို ထိုးထွင်းသိမြင်ကြတယ်။

(ပေတဝတ္ထု၊ ဠ၊ ၁၈)

ဗိမ္ဗိသာရမင်းရဲ့ ဆွေမျိုးပြိတ္တာတွေဟာ မင်းရဲ့နန်းတော်မှာ ဆန္ဒဖော်ပြတဲ့အနေနဲ့ ကြောက်ဖွယ်အသံတွေကို ပြုလုပ်ကြပါတယ်။ ကုသိုလ်တွေကို မပြုလုပ်ခဲ့တဲ့အတွက် အမျှပေးဝေမှာကိုသာ မျှော်လင့်နေကြရှာတဲ့ ပြိတ္တာတွေရဲ့ဘဝဟာ သံဝေဂယူစရာကောင်းပါတယ်။ ကိုယ့်ဘဝ သံသရာခရီးအတွက် ကိုယ့်ရိက္ခာကို ကိုယ်ကိုယ်တိုင်ပဲ ကြိုတင်ထုပ်ထားသင့်ကြပါတယ်။ ဒါနမပါ၊ သံသရာ၊ မျက်နှာငယ်ရပါတယ်။

http://www.dhammadownload.com



သံသရာမှာ မျက်နှာမငယ်ရအောင် ဒါနများများပြုဖို့ လိုအပ် လှပါတယ်။ ဒါနကုသိုလ်ဟာ သံသရာမှာ မျက်နှာပွင့်လန်းစေ ပါတယ်။

၁။ မေး။ ။ တမလွန်ဘဝက ဆွေမျိုးပြိတ္တာတွေအား အမျှ ဝေရင် ဘယ်လိုဝေရပါသလဲ။

ဖြေ။ ။ ဒီလှူဖွယ်ပစ္စည်းဟာ ပြိတ္တာဘုံဘဝရောက်နေ ကြတဲ့ ငါတို့ရဲ့ဆွေမျိုးတွေအတွက် ဖြစ်ပါစေ၊ အဲဒီဆွေမျိုးတွေဟာ ဒီအကျိုးကို ခံစားရကာ ချမ်း သာကြပါစေ။

ဣဒံ ဝေါ ဉာတီနံ ဟောတု၊ သုခိတာ ဟောန္တု ဉာတယော။ (ပေတဝတ္ထု၊ ၄၊ ၂၂)

၂။ မေး။ ဘယ်လိုအချက်တွေနဲ့ ပြည့်စုံမှ တမလွန်ဆွေမျိုး ပြိတ္တာတွေကို ရည်စူးကာ လှူတဲ့အလှူက အဲဒီ လှူရာခဏမှာပဲ ဆွေမျိုးပြိတ္တာတွေအား အကျိုး ပေးနိုင်ပါသလဲ။

ဖြေ။ ၁။ တမလွန်က ဆွေမျိုးပြိတ္တာတွေက သူကိုယ်တိုင် အလှူကို ဝမ်းမြောက်ဝမ်းသာဖြစ်ခြင်း၊

၂။ အလှူပြုလုပ်သူတွေက အဲဒီတမလွန်ဆွေမျိုးပြိတ္တာ တွေကို ရည်စူးကာ အမျှပေးဝေခြင်း။

၃။ သီလစသည်နဲ့ ပြည့်စုံတဲ့အလှူခံပုဂ္ဂိုလ်ကောင်း ဖြစ်ခြင်း။

ဒီအချက် ၃ ချက်နဲ့ ပြည့်စုံရပါတယ်။

http://www.dhammadownload.com



ပေတာနဉ္စ အတ္တနော အနုမောဒနေန၊ ဒါယကာနံ ဥဒ္ဒိသနေန၊ ဒက္ခိဏေယျသမ္ပတ္တိယာ စာတိ တီဟိ အင်္ဂေဟိ ဒက္ခိဏာ တင်္ခဏညေဝ ဖလနိဗ္ဗတ္တိကာ ဟောတိ။

(ပေတဝတ္ထု၊ ဋ္ဌ၊ ၂၅)

၃။ မေး။ ကျန်ရစ်သူဆွေမျိုးတွေ သန္တာန်မှာ ဖြစ်တဲ့ ကောင်းမှုစေတနာက တမလွန်ရောက်သူတို့အား အကျိုးသွားပေးပါသလား။

ဖြေ။ အကျိုးသွားမပေးပါ။ အခြားသူ ပြုလုပ်တဲ့ကံက နောက်အခြားသူအား အကျိုးမပေးပါ။

အညေန ကတမမ္မံ န အညဿ ဖလဒံ ဟောတိ။

(ပေတဝတ္ထု၊ ဋ္ဌ၊ ၂၄)

၄။ မေး။ 'ဣဒံ ဝေါ ဉာတီနံ ဟောတု။ ဒီလှူဖွယ်ဟာ ငါတို့ဆွေမျိုးပြိတ္တာတွေအတွက် ဖြစ်ပါစေ'လို့ ဆိုထားလို့ အဲဒီလှူဖွယ်ပစ္စည်းက ဘယ်လိုကျေးဇူး ပြုပါသလဲ။

ဖြေ။ တမလွန်က ဆွေမျိုးတွေအား အဲဒီလိုရည်စူးပြီး လှူလိုက်တဲ့ အဲဒီလှူဖွယ်ပစ္စည်းက တမလွန်က ဆွေမျိုးပြိတ္တာတွေရဲ့ ကုသိုလ်ကံအား အထောက်အပံ့ ဖြစ်ပါတယ်။

တထာ ဥဒ္ဒိဿ ဒီယမာနံ တံ ဝတ္ထု ဉာတိ ပေတာနံ ကုသလကမ္မဿ ပစ္စယောဟောတိ။

၅။ မေး။ ပြိတ္တာဘုံမှာ ရောက်နေတဲ့ သတ္တဝါတွေကို ကျန်

http://www.dhammadownload.com



ရစ်သူ မိဘ၊ သားသမီး၊ မြေးတွေက အမျှပေးဝေဖို့ သတိမရတာဟာ ဘယ်လိုကံကြောင့်ပါလဲ။

ဖြေ။ အဲဒီပြိတ္တာတွေကိုယ်တိုင် ပြုလုပ်ခဲ့တဲ့ မလှူခြင်း၊ လှူတာကို တားမြစ်ခြင်းစတဲ့ နှမြောတဲ့ကံအကြောင်းကြောင့်ပါပဲ။ မှန်ပါတယ်။ အဲဒီကံက အဲဒီဆွေမျိုးပြိတ္တာတွေကို သတိရခွင့်မပေး။

အတ္တနာ ကတဿ အဒါန ဒါနပဋိသေဓနာဒိဘေဒဿ ကဒရိယကမ္မဿ၊ ကာရဏဘာဝတော။ တံ ဟိကမ္မံ တေသံ ဉာတီနံ သရိတုံ န ဒေတိ။ (ပေတဝတ္ထု၊ ဋ္ဌ၊ ၂၃)

၆။ မေး။ တမလွန်က ပြိတ္တာတွေက ရှိသေစွာ အနုမောဒနာပြုကြရာမှာ ဘယ်လိုရှိသေပြီး ဘယ်လို အနုမောဒနာ ပြုကြတာပါလဲ။

ဖြေ။ ကံရဲ့အကျိုးကို ယုံကြည်၊ ရှိသေလေးစားမှုကို မစွန့်လွှတ်၊ စိတ်မပျံ့လွင့်ကြဘဲ ဒီအလှူဒါနဟာ ငါတို့ရဲ့ စီးပွားချမ်းသာအတွက် ဖြစ်ပါစေ' လို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြတယ်။ နှစ်သိမ့်အားရမှု၊ ဝမ်းမြောက်မှုတွေ ဖြစ်ကြတယ်။

ကမ္မဖလံ အဘိသဒ္ဒဟန္တာ စိတ္တီကာရံ အဝိဇဟန္တာ အဝိက္ခိတ္တ စိတ္တာ ဟုတွာ။

'တ္တုဒံ နော ဒါနံ ဟိတာယ သုခါယ ဟောတူ'တိ မောဒန္တိ အနုမောဒန္တိ ပီတိ သောမနဿဇာတာ ဟောန္တိ။

(ပေတဝတ္ထု၊ ဋ္ဌ၊ ၂၅)

http://www.dhammadownload.com



၇။ မေး။ ပြိတ္တာတွေက ဒီဆွေမျိုးတွေထံမှ တစ်စုံတစ်ခုကို ရယူကြမယ်လို့ ရလိုတဲ့အာသာလွှမ်းမိုးခံရလို့ ဆွေမျိုးအိမ်ကို လာကာ 'ငါတို့အား ဒီမည်တဲ့ပစ္စည်းကို ပေးကြပါ'လို့ တောင်းနိုင်ကြပါသလား။

ဖြေ။ မတောင်းနိုင်ကြပါ။

ယသ္မာ ပေတာ 'ဣတော ကိဉ္စိ လဘာမာ'တိ အာသာဘိဘူတာ ဉာတိဃရံ အာဂန္တွာပိ 'ဣဒံ နာမ နော ဒေထာ' တိ ယာစိတုံ န သက္ကောန္တိ။

(ပေတဝတ္ထု၊ ဋ္ဌ၊ ၂၈)

http://www.dhammadownload.com

# ပြိတ္တာအား ပေးနည်း

သာဝတ္ထိမြို့ရဲ့အနီး ရွာငယ်တစ်ရွာက နန္ဒိသေနမည်တဲ့ ဥပါသကာ ရှိတယ်။ သဒ္ဓါရှိတယ်။ ရတနာသုံးပါးအပေါ် ကြည်ညိုတယ်။ သူ့မယားကတော့ နန္ဒာမည်တယ်။ သဒ္ဓါမရှိ၊ ရတနာသုံးပါးအပေါ် မကြည်ညို၊ နမြောတယ်။ ကြမ်းကြုတ်တယ်။ စကားပြောကြမ်းတယ်။ လင်အပေါ် မရိုသေ၊ မကိုင်းရှိုင်း၊ ယောက္ခမမိန်းမကို ခိုးသူမလို့ ပြောကာ ဆဲတယ်။ ရေရွတ်တယ်၊ သူမဟာ နောင်အခါမှာ သေပြီးပြိတ္တာဘုံမှာ ဖြစ်တယ်။ အဲဒီရွာရဲ့အနီးမှာပဲ လှည့်လည်တယ်။ တစ်နေ့မှာ နန္ဒိသေနဥပါသကာ ရွာမှထွက်တဲ့အခါ အနီးမှာ ကိုယ်ထင်ပြတယ်။ နန္ဒိသေနက အဲဒီပြိတ္တာမကို မြင်ပြီးပြောတယ်။

'သင်ဟာ အဆင်းမည်းနက်တယ်၊ စက်ဆုပ်ရွံရှာဖွယ် ပုံပန်းသဏ္ဌာန်ရှိတယ်၊ ကြမ်းတမ်းတဲ့ ကိုယ်ခန္ဓာရှိတယ်၊ ကြောက်မက်ဖွယ် အမြင်ရှိတယ်၊ မျက်စိကြောင်တယ်၊ သွားကျဲတယ်၊ သင့်ကို လူမိန်းမလို့ ငါမထင်၊ ပြိတ္တာမလို့ပဲ ထင်တယ်'

အဲဒီစကားကို ကြားရပြီး ပြိတ္တာမက သူ့ကိုယ်ကို ထင်ရှားပြလိုလို့ ပြောပါတယ်။

http://www.dhammadownload.com



'နန္ဒိသေန၊ ကျွန်မက နန္ဒာပါ။ ရှေးဘဝက သင်ရဲ့ မယားဖြစ်ခဲ့ပါတယ်။ မကောင်းမှုကံကို ပြုခဲ့လို့ ဒီလူ့ဘုံမှ ပြိတ္တာဘုံကို ရောက်ရပါတယ်'

နန္ဒိသေန။ ။ သင်ဟာ ကိုယ်နှုတ် စိတ်နဲ့ ဘယ်မကောင်းမှုကို ပြုခဲ့ပါသလဲ။ ဘယ်ကံရဲ့အကျိုးကြောင့် ဒီလူ့ဘုံမှ ပြိတ္တာဘုံကို ရောက်ရပါသလဲ။

နန္ဒာ။ ။ ကျွန်မဟာ ဒေါသကြီးသူ၊ စကားကြမ်းသူ ဖြစ်ခဲ့ပါတယ်။ သင့်အပေါ်မှာလည်း မရိုသေခဲ့ပါ။ ကျွန်မဟာ သင့်ကို မကောင်းတဲ့စကား ပြောမိခဲ့ပါတယ်။ ဒါကြောင့် ဒီလူ့ဘုံမှ ပြိတ္တာဘုံကို ရောက်ခဲ့ရပါတယ်။

နန္ဒိသေန။ ။ ယခု သင့်အား ငါရဲ့အပေါ်ရုံအဝတ်ကို ပေးပါမယ်။ ဒီအဝတ်ကို ဝတ်ပါ။ ဒီအဝတ်ကို ဝတ်ပြီး လာပါ။ သင့်ကို အိမ်သို့ခေါ်ဆောင်သွားပါမယ်။

သင်ဟာ အိမ်ရောက်ရင် အဝတ်၊ ထမင်း၊ ဖျော်ရည်တွေကို ရပါမယ်။ သင်ရဲ့သားတွေနဲ့ ချွေးမတွေကိုလည်း မြင်ရပါလိမ့်မယ်။

နန္ဒာ။ ။ သင်ရဲ့လက်နဲ့ ကျွန်မလက်သို့ သင်ပေးတဲ့ ပစ္စည်းဟာ ကျွန်မထံ မရ မရောက်နိုင်ပါ။ ရာဂကင်း၊ အကြားအမြင်များ၊ သီလနဲ့ပြည့်စုံတဲ့ ရဟန်းတွေကို ထမင်း၊ ဖျော်ရည်နဲ့ နှစ်သိမ့်

http://www.dhammadownload.com



ရောင့်ရဲစေပါ။ ကျွန်မအား အလှူရဲ့အဖို့ကို ရည်ညွှန်းပေးဝေပါ။ အဲဒီအခါ ကျွန်မ ချမ်းသာပြီး အလိုရှိရာအားလုံးနဲ့ ပြည့်စုံရပါလိမ့်မယ်။

*ဟတ္ထေန ဟတ္ထေ တေ ဒိန္နံ၊ န မယှံ ဥပကပ္ပတိ၊
ဘိက္ခူ စ သီလသမ္ပန္နေ၊ ဝီတရာဂေ ဗဟုဿုတေ။
*တပ္ပေဟိ အန္နပါနေန၊ မမ ဒက္ခိဏမာဒိသ၊
တဒါဟံ သုခိတာ ဟေဿံ၊ သဗ္ဗကာမသမိဒ္ဓိနီ။

အဲဒီနန္ဒိသေနဟာ ကောင်းပါပြီလို့ ဝန်ခံပြီး ထမင်း၊ ဖျော်ရည်၊ ခဲဖွယ်၊ အဝတ်၊ ကျောင်း အိပ်ရာနေရာ၊ ထီး၊ နံ့သာ၊ ပန်း၊ ဖိနပ်အမျိုးမျိုးဆိုတဲ့ ပြန့်ပြောများမြတ်တဲ့ ဒါနမျိုးကို ကြဲချလှူဒါန်းပါတယ်။ ရာဂကင်း၊ အကြားအမြင်များ၊ သီလနဲ့ပြည့်စုံတဲ့ ရဟန်းတွေကို ထမင်း၊ ဖျော်ရည်တွေနဲ့ နှစ်သိမ့်ရောင့်ရဲစေပြီး အဲဒီနန္ဒာပြိတ္တာမအား အလှူရဲ့အဖို့ကို ရည်ညွှန်းပေးဝေတယ်။

ရည်ညွှန်းပြီး လှူတဲ့အလှူရဲ့ အခြားမဲ့မှာ စားဖွယ်၊ အဝတ်၊ သောက်ရေရခြင်းဆိုတဲ့ ဒီအကျိုးဖြစ်ပေါ်လာတယ်။ ဒီအကျိုးဟာ အလှူရဲ့အကျိုးပဲ။

သမနန္တရာနုဒ္ဒိဋ္ဌေ၊ ဝိပါကော ဥဒပဇ္ဇထ၊
ဘောဇနစ္ဆာဒနပါနီယံ၊ ဒက္ခိဏာယ ဣဒံ ဖလံ။

အဲဒီနောက် နန္ဒာပြိတ္တာမဟာ စင်ကြယ်တဲ့ကိုယ် ရှိလာတယ်။ စင်ကြယ်တဲ့အဝတ်ကို ဝတ်တယ်။ ကာသိတိုင်းဖြစ်အဝတ်ထက် ပိုကောင်းတဲ့အဝတ်ကို ဝတ်တယ်။ ဆန်း

http://www.dhammadownload.com



ကြယ်တဲ့အဝတ်၊ အဆင်တန်ဆာရှိတယ်။ လင်နန္ဒိသေနထံ ချဉ်းကပ်တယ်။

နန္ဒိသေန။ ။ အို နတ်သမီး၊ သောက်ရှူးကြယ်ဟာ အရပ်မျက်နှာအားလုံးကို ထွန်းလင်းတောက်ပစေသလို သင်ဟာ အလွန်နှစ်သက်ဖွယ် အရောင်အဆင်းနဲ့ အရပ်မျက်နှာအားလုံးကို ထွန်းလင်းစေလျက် တည်နေတယ်။

သင်ဟာ ဘယ်ကုသိုလ်ထူးကြောင့် ဒီလို အရောင်အဆင်းရှိပါသလဲ။ ဘယ်ကုသိုလ်ထူးကြောင့် သင့်အား ဒီအရပ်မှာ ကောင်းကျိုးပြည့်စုံနေပါသလဲ။ ဘယ်ကုသိုလ်ထူးကြောင့် သင့်မှာ စိတ်နှစ်သက်ဖွယ် စည်းစိမ်အားလုံး ဖြစ်ပေါ်နေကြပါသလဲ။

တန်ခိုးကြီးတဲ့ နတ်သမီး၊ သင့်ကို ငါမေးပါတယ်။ လူဖြစ်စဉ်က သင်ဟာ ဘယ်ကုသိုလ်ထူးကို ပြုခဲ့ပါသလဲ။ ဘယ်ကုသိုလ်ထူးကြောင့် ဒီလိုတောက်ပတဲ့ အစွမ်းရှိပါသလဲ။ သင့်ရဲ့ အဆင်းကလည်း အရပ်မျက်နှာအားလုံးကို ထွန်းလင်းတောက်ပစေလျက် တည်ရှိပါသလဲ။

နန္ဒာ။ ။ နန္ဒိသေန၊ ကျွန်မက နန္ဒာပါ။ ရှေးဘဝက သင်ရဲ့မယားဖြစ်ခဲ့ပါတယ်။ မကောင်းမှုကံကို ပြုခဲ့လို့ ဒီလူ့ဘုံက ပြိတ္တာဘုံကို ရောက်ရပါတယ်။

http://www.dhammadownload.com



ကျွန်မဟာ သင်ပေးလှူတဲ့ အလှူကြောင့် ဘာဘေးမှမရှိဘဲ ဝမ်းမြောက်ရပါတယ်။ သူကြွယ်၊ သင်ဟာ ဆွေမျိုးအားလုံးနဲ့အတူ ကြာရှည်စွာ အသက်ရှည်ပါစေ။ သောကကင်းပြီး ချွေး၊ မြူ အညစ်အကြေးကင်းရာ နတ်ဘုံဌာနသို့ ရောက်ပါစေ။ ဝသဝတ္တိနတ်တွေရဲ့ နေရာဘုံသို့ ရောက်ပါစေ။

သူကြွယ်၊ ဒီလူ့ပြည်လောကမှာ တရားကို ကျင့်ပြီး အလှူဒါနကို ပေးလှူကာ ဝန်တိုမှု အညစ်အကြေးကို အမြစ်ပါနုတ်ပြီး ချီးမွမ်းထိုက်တဲ့နတ်ပြည်သို့ ကပ်ရောက်ပါလော့။

နန္ဒာဟာ အဲဒီလို သူမရဲ့နတ်စည်းစိမ်ကိုရော၊ အဲဒီနတ်စည်းစိမ်ရဲ့အကြောင်းကံကိုရော နန္ဒိသေနအား ထင်ရှားပြပြီး သူမရဲ့နေရာအရပ်ကိုပဲ သွားတယ်။ နန္ဒိသေနက အဲဒီဖြစ်ပုံကို ရဟန်းတွေအား လျှောက်ပြတယ်။ ရဟန်းတွေက ဘုရားရှင်အား လျှောက်ကြတယ်။ ဘုရားရှင်က အဲဒီအကြောင်းကို အကြောင်းပြုပြီး ရောက်လာတဲ့ပရိသတ်အား တရားဟောပါတယ်။ အဲဒီတရားဒေသနာဟာ လူအများအတွက် အကျိုးများပါတယ်။ (ပေတဝတ္ထု၊ ဋ္ဌ၊ ၈၄)

အိမ်ရှင်မတွေဟာ နန္ဒာပြိတ္တာမရဲ့ဘဝကို သင်ခန်းစာယူသင့်ကြပါတယ်။ သူမဟာ အကြောင်းဆိုးတွေကို ပြုလုပ်

http://www.dhammadownload.com



ခဲ့လို့ အကျိုးဆိုးတွေကို ရခဲ့ပါတယ်။ ပြိတ္တာဘဝရောက်နေသူတွေအား အဝတ်မရှိလို့ အဝတ်ကို တိုက်ရိုက်ပေးပေမယ့် ပေးလို့မရ၊ မရောက်ပါ။ အစား အသောက်မရှိလို့ အစားအသောက်ကို တိုက်ရိုက်ပေးပေမယ့် ပေးလို့ မရ မရောက်ပါ။ စားစရာ သောက်စရာ၊ ဝတ်စရာ၊ နေရာတွေကို ပေးချင်ရင် အဲဒီပြိတ္တာတွေကို ရည်စူးကာ ကုသိုလ်ပြုပေးရပါတယ်။ စားစရာ၊ သောက်စရာ၊ ဝတ်စရာ၊ နေစရာတွေကို လှူရပါတယ်။ ပြီးတော့ အမျှပေးဝေရပါတယ်။ အဲဒီကုသိုလ်မျှဝေတာကို တမလွန်က ပြိတ္တာက ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်။ သာဓုခေါ်ရပါတယ်။ ဒါမှသာ ပြိတ္တာမှာ စားသောက်စရာ၊ ဝတ်စရာ၊ နေစရာတွေ ပြည့်စုံနိုင်ပါတယ်။ တချို့က လူသေသွားရင် သေသွားသူအား ပေးလိုတဲ့ပစ္စည်းတွေကို အလောင်းကို မီးသင်္ဂြိုဟ်ရာမှာ ထည့်ပေးတတ်ကြပါတယ်။ အဲဒီလို ပေးလို့လည်း သေသွားသူ မရနိုင်တာကို သိရှိရပါတယ်။

http://www.dhammadownload.com

# အရုပ်ကလေး

အနာထပိဏ်သူကြွယ်ရဲ့ မြေးမ (သမီးရဲ့သမီး) လေးအား အထိန်းတော်က မုန့်ညက်နဲ့ပြုလုပ်ထားတဲ့ သမီးအရုပ်ကလေးကို 'ဒါက သင်ရဲ့သမီးပဲ၊ ဒီသမီးလေးကို ယူပြီး ကစားပါ'လို့ ပေးထားတယ်။ မြေးမလေးက အဲဒီအရုပ်လေးအပေါ် သမီးလို မှတ်ယူထားတယ်။ တစ်နေ့မှာ အဲဒီမြေးမလေးက အဲဒီအရုပ်လေးကိုယူပြီး ကစားတဲ့အခါ မေ့လျော့လို့ ကျပြီး ကွဲပျက်သွားတယ်။ အဲဒီကနောက် မြေးမလေးက 'ငါ့သမီးသေသွားပြီ'လို့ ငိုတယ်။ ငိုနေတဲ့ အဲဒီမြေးမလေးကို အိမ်ကလူ ဘယ်သူကမှ နားလည်သွားအောင် မတတ်နိုင်၊ အဲဒီအခါမှာလည်း ဘုရားရှင်က အနာထပိဏ်သူကြွယ်ရဲ့အိမ်မှာ ခင်းထားတဲ့နေရာပေါ် ထိုင်တော်မူနေတယ်။ အနာထပိဏ်သူဌေးကြီးကလည်း ဘုရားရှင်ရဲ့အနီးမှာ ထိုင်နေတယ်။ အထိန်းတော်က အဲဒီမြေးမလေးကို ခေါ်ယူပြီး သူဌေးထံသွားတယ်။ သူဌေးက အဲဒီမြေးမလေးကို မြင်ရပြီး 'ဒီမြေးမလေးက ဘာလို့ငိုတာလဲ' လို့ မေးတယ်။

အထိန်းတော်က အဲဒီဖြစ်ပုံကို သူဌေးအား ပြောပြတယ်။ သူဌေးက အဲဒီမြေးမလေးကို ရင်ခွင်မှာထိုင်ခိုင်းကာ

http://www.dhammadownload.com



'သင်ရဲ့သမီးအတွက် အလှူ လှူမယ်'လို့ နားလည်အောင် ပြောပြပြီး ဘုရားရှင်အား လျှောက်တယ်။

'မြတ်စွာဘုရား၊ တပည့်တော်မြေးမလေးရဲ့ သမီးဖြစ်တဲ့ သမီးအရုပ်ကလေးကို ရည်စူးပြီး အလှူ လှူလိုပါတယ်။ တပည့်တော်ရဲ့ အဲဒီအလှူကို နက်ဖြန်ဖြစ်မယ့် ကောင်းမှုအတွက် ရဟန်း ၅၀၀ နဲ့အတူ အလှူခံတော်မူပါ'

ဘုရားရှင်က ဆိတ်ဆိတ်နေကာ လက်ခံတော်မူပါတယ်။ ဒုတိယနေ့မှာ ဘုရားရှင်က ရဟန်း ၅၀၀ နဲ့အတူ သူဌေးအိမ်ကို ကြွသွားပြီး ဆွမ်းကိစ္စပြုကာ အနုမောဒနာ ပြုတော်မူပါတယ်။

'နှမြောဝန်တိုမှု မရှိသူဟာ မင်္ဂလာစသည်တွေထဲက တစ်ခုခုကို အကြောင်းပြုပြီးဖြစ်စေ၊ ရှေးက သေပြီးသူတွေကို အကြောင်းပြုပြီးဖြစ်စေ၊ အိမ်နေရာစသည်မှာ စောင့်တဲ့နတ်တွေကို အကြောင်းပြုပြီးဖြစ်စေ၊ အခြံအရံများတဲ့ လောကစောင့်နတ်မင်းကြီး ၄ ဦး ကုဝေရနတ်၊ ဓတရဋ္ဌနတ်၊ ဝိရူပက္ခနတ်၊ ဝိရူဠှကနတ်တွေကို အကြောင်းပြုပြီးဖြစ်စေ၊ အခြားနတ်၊ လူစတဲ့ သတ္တဝါအားလုံးကို အကြောင်းပြုပြီးဖြစ်စေ အလှူကို ပေးလှူရာ၏။ အဲဒီလိုပေးလှူရင် အဲဒီနတ်မင်းကြီး ၄ ယောက်နဲ့ အိမ်စောင့်နတ်စသည်၊ သေလွန်ပြီးသူတွေကိုလည်း (သူတို့ကို ရည်စူးပြုတာဖြစ်လို့) ပူဇော်မြတ်နိုးရာ ရောက်ပါတယ်။ ပေးလှူသူတွေမှာလည်း အကျိုးရှိကြပါတယ်။'

'ငိုကြွေးမှု၊ စိုးရိမ်မှု၊ ပြောဆိုမြည်တမ်းမှုတွေဟာ ပြိတ္တာ

http://www.dhammadownload.com



တွေရဲ့အကျိုးငှာ မဟုတ်ပါ။ ဒါကြောင့် အဲဒါတွေကို မပြု လုပ်သင့်ပါ။ ဒါပေမဲ့ ပညာမရှိတဲ့ ဆွေမျိုးတွေကတော့ ငို ကြွေးနေ၊ စိုးရိမ်နေ၊ မြည်တမ်းနေကြတယ်။'

'တမလွန်ဘဝသို့ ပြောင်းသွားသူကို ရည်စူးကာ သံဃာ မှာ ကောင်းစွာတည်တဲ့ ပေးလှူအပ်တဲ့ ဒီအလှူဟာ ပြိတ္တာရဲ့ (သေသွားသူရဲ့) ကာလရှည်စွာ စီးပွားအလို့ငှာ တစ်ခဏချင်း ကပ်ရောက်နိုင်ပါတယ်။'

အဲဒီလို ဘုရားရှင်က တရားဟောပြီး လူအများကို ပြိတ္တာတွေကို ရည်စူးကာ ဒါနမှာ မွေ့လျော်တဲ့စိတ်ရှိအောင် ပြုလုပ်ပြီး နေရာမှထကာ ဖဲသွားပါတယ်။ နောက်နေ့မှာ သူဌေးကတော်ကရော၊ ကျန်ဆွေမျိုးတွေကပါ သူဌေးကို အတုလိုက်ကာ အဲဒီလို သုံးလလောက် အလှူကြီးကို လှူ ကြပါတယ်။ အဲဒီအခါ ပသေနဒီကောသလမင်းက ဘုရား ရှင်ထံ ချဉ်းကပ်ပြီး 'မြတ်စွာဘုရား၊ ရဟန်းတွေက ဘာ ကြောင့် တစ်လလောက် တပည့်တော်နန်းတော်ကို မကြွလာ ကြပါသလဲ'လို့ မေးတယ်။ ဘုရားရှင်က အဲဒီအကြောင်းကို ပြောပြပြီးတဲ့အခါ မင်းကလည်း သူဌေးကို အတုလုက်ကာ ဘုရားအမှူးရှိတဲ့ ရဟန်းအပေါင်းအား အလှူကြီး လှူပါ တယ်။ အဲဒါကိုမြင်ရပြီး မြို့သူမြို့သားတွေက မင်းကို အတု လိုက်ကာ တစ်လလောက် အလှူကြီး လှူကြပါတယ်။ အဲဒီ လို နှစ်လပတ်လုံး မုန့်ညက်သမီးအရုပ်ကလေးကို အကြောင်း ပြုကာ အလှူကြီး လှူကြပါတယ်။ (ပေတဝတ္ထု၊ ဋ္ဌ၊ ၁၅)

http://www.dhammadownload.com



အလှူဒါန ရက်ရောသူတွေဟာ အကြောင်းမရှိရင် အကြောင်းရှာကာ ဒါနပြုတတ်ကြပါပေတယ်။

မေး။ ။ ပြိတ္တာတွေကို ရည်စူးပြီး အလှူကို လှူရင် ပြိတ္တာတွေက အဲဒီအလှူကို ဝမ်းမြောက်ဝမ်းသာဖြစ်ရင် အဲဒီခဏမှာပဲ အဲဒီဝမ်းမြောက်ဝမ်းသာဖြစ်တဲ့ စေတနာရဲ့အကျိုးကြောင့် ပြိတ္တာဘဝမှ လွတ်မြောက်ကြပါသလား။

ဖြေ။ ။ လွတ်မြောက်ကြပါတယ်။ အဲဒါဟာ ဓမ္မတာပါပဲ။

အယံ ဟိ တတ္ထ ဓမ္မတာ၊ ယံ ပေတေ ဥဒ္ဒိဿ
ဒါနေ ဒိန္နေ ပေတာ စေ အနုမောဒန္တိ။
တာဝဒေဝ တဿ ဖလေန ပေတာ ပရိမုစ္စန္တိ။
(ပေတဝတ္ထု၊ ဋ၊ ၁၇)

http://www.dhammadownload.com

# သဲကန္တာရထဲက ပြိတ္တာ

ဘုရားရှင်ပွင့်တော်မမူခင် ပဏ္ဏတိုင်းဇရကစ္ဆမြို့မှာ ခနပါလက မည်တဲ့ သူဌေးရှိတယ်။ သူက သဒ္ဓါတရားမရှိ။ ရတနာ သုံးပါးအပေါ် မကြည်ညို၊ နှမြောတယ်။ ကံ ကံရဲ့အကျိုးမရှိ လို့ အယူရှိတယ်။ သူဟာ သေပြီး သဲကန္တာရထဲမှာ ပြိတ္တာ ဖြစ်တယ်။ သူ့ခန္ဓာကိုယ်က ထန်းပင် ပင်စည်လောက်ရှိတယ်၊ အရေက ဖူးကြွနေတယ်၊ သူက ကြမ်းတမ်းတယ်၊ ဆံပင် ဖရိုဖရဲရှိတယ်၊ ကြောက်ဖွယ်ကောင်းတယ်၊ အရုပ်ဆိုးတယ်၊ အလွန်အကဲ ပုံသဏ္ဌာန်ဆိုးတယ်၊ မြင်ရတာ ရွံဖွယ်ဖြစ်တယ်။ သူဟာ ၅၅ နှစ်ပတ်လုံး ထမင်းလုံးနဲ့ ရေပေါက်ကို မရလို့ လည်ပင်း၊ နှုတ်ခမ်း၊ လျှာတွေ ခြောက်ကပ်နေတယ်။ ထမင်း ဆာ၊ ရေဆာလို့ ဟိုဟိုဒီဒီပြေးသွားနေတယ်။

အဲဒီအခါ ငါတို့ရဲ့ဂေါတမဘုရားရှင် လောကမှာ ပွင့်လာပြီး ဓမ္မစကြာတရားမြတ်ကို ဟောတယ်။ အစဉ်အတိုင်း သာဝတ္ထိမြို့မှာ သီတင်းသုံးတဲ့အခါ သာဝတ္ထိမြို့နေ ကုန်သည် တွေဟာ လှည်း ၅၀၀ ကို ကုန်ပစ္စည်းနဲ့ပြည့်စေကာ ဥတ္တရာ ပထအရပ်ကို သွားကြတယ်။ ကုန်ပစ္စည်းကို ရောင်းပြီး ရတဲ့ ပစ္စည်းကို လှည်းတွေပေါ်တင်ကာ ပြန်လာကြတယ်။ ညနေ ချမ်းအချိန်မှာ ရေခန်းခြောက်နေတဲ့ မြစ်တစ်မြစ်ကို ရောက်ပြီး

http://www.dhammadownload.com



အဲဒီအရပ်မှာ လှည်းယာဉ်တွေကို ချွတ်ကြတယ်။ ညအခါ နေကြတယ်။ အဲဒီအခါ အဲဒီပြိတ္တာက ရေဆာလို့ သောက်ရေအတွက်လာကာ အဲဒီမြစ်မှာ သောက်ရေတစ်ပေါက်ကိုတောင် မရလို့ အာသာကင်းပြတ်သွားတယ်။ အမြစ်ပြတ်တဲ့ထန်းပင်ပမာ အခြေပြတ်ကာ လဲကျတယ်။

ကုန်သည်များ။ ။ သင်ဟာ အဝတ်မပါ၊ စက်ဆုပ်ရွံရှာဖွယ် အဆင်းသဏ္ဌာန်ရှိတယ်။ ကြုံလှီပြီး အကြောပြိုင်းပြိုင်းထတဲ့ ကိုယ်ရှိတယ်။ နံရိုးပြိုင်းပြိုင်း ထွက်ပြီး ကြုံလှီတယ်။ မိတ်ဆွေ သင်ဟာ ဘယ်သူပါလဲ။

ပြိတ္တာ။ ။ မိတ်ဆွေတို့ အကျွန်ုပ်ဟာ ဘဝဆိုးကို ရောက်နေပါတယ်။ ယမမင်းရဲ့နိုင်ငံမှာဖြစ်တဲ့ ပြိတ္တာဖြစ်ပါတယ်။ မကောင်းမှုကံကို ပြုမိခဲ့လို့ ဒီလူ့ဘုံမှ ပြိတ္တာဘုံကို ရောက်နေရပါတယ်။

ကုန်သည်များ။ ။ သင်ဟာ ကိုယ် နှုတ် စိတ်နဲ့ ဘယ်မကောင်းမှုကံကို ပြုခဲ့ပါသလဲ။ ဘယ်ကံရဲ့ အကျိုးကြောင့် ဒီလူ့ဘုံမှ ပြိတ္တာဘုံကို ရောက်ရပါသလဲ။

ပြိတ္တာ။ ။ ပဏ္ဏမင်းတွေရဲ့ ဧရကစ္ဆလို့ ကျော်ကြားတဲ့ မြို့ရှိပါတယ်။ အဲဒီမြို့မှာ အကျွန်ုပ်ဟာ ရှေးဘဝက သူဌေးဖြစ်ခဲ့ပါတယ်။ ကျွန်ုပ်ကို ဓနပါလကလို့ သိကြပါတယ်။

http://www.dhammadownload.com



ကျွန်ုပ်မှာ ရွှေငွေလှည်းအစီး ၈၀ တိုက် ရှိပါတယ်။ ရွှေက များလှပါတယ်။ ပုလဲ၊ ကြောင်မျက်ရွဲတွေ များပြား လှပါတယ်။ အဲဒီလောက်များတဲ့ဥစ္စာတွေရှိပေမယ့် ကျွန်ုပ်ဟာ ပေးလှူဖို့ မလိုလားပါ။ ကျွန်ုပ်ကို တောင်းတဲ့လူတွေ မမြင် ကြပါစေနဲ့လို့ နှလုံးသွင်းပြီး တံခါးကိုပိတ်ကာ သုံးဆောင် စားသောက်ပါတယ်။

ကျွန်ုပ်မှာ သဒ္ဓါတရားမရှိ။ ကျွန်ုပ်ဟာ နှမြောတယ်၊ ဝန်တိုအားကြီးတယ်။ အလှူလှူသူတွေကို မြင်ရရင် ဘေးနဲ့ ခြိမ်းခြောက်တတ်တယ်။ လှူသူ ကောင်းမှုပြုသူတွေကို မလုပ် အောင် တားမြစ်တယ်။ အလှူရဲ့အကျိုးမရှိ၊ စောင့်စည်းမှု သီလရဲ့အကျိုးက ဘယ်မှာရှိမှာလဲလို့ ပြောတယ်။ လေး ထောင့်ကန်တွေ၊ ရေတွင်းတွေ၊ စိုက်ပျိုးအပ်တဲ့ အရာမ်၊ ဥယျာဉ်တွေ၊ ရေအိုးစင်တွေ၊ ရေ ရွံ့ညွန်ကြောင့် အသွားခက် တဲ့ခရီးက တံတားတွေကို ကျွန်ုပ်ဟာ ဖျက်ဆီးခဲ့ပါတယ်။

ကောင်းမှုကို မပြုလုပ်၊ မကောင်းမှုကိုသာ ပြုလုပ်ခဲ့ တဲ့ အကျွန်ုပ်ဟာ အဲဒီလူ့ပြည်က သေပြီး ပြိတ္တာဘုံမှာဖြစ်ကာ ဆာလောင်မွတ်သိပ်မှုရဲ့ နှိပ်စက်မှုကို ခံနေရပါတယ်။ ကျွန်ုပ် ဟာ သေပြီးခဲ့တဲ့အချိန်ကစပြီး ၅၅ နှစ်တို့ပတ်လုံး စားရတာ၊ သောက်ရေသောက်ရတာကို မသိရစဖူးပါ။

ပေးလှူမှုမှ ရှောင်ကြဉ်မှု (မပေးလှူမှု) ဟာ ပြိတ္တာ ဘုံမှာ ဖြစ်တဲ့သတ္တဝါတွေအတွက် ပျက်စီးကြောင်းပါပဲ။ ပြိတ္တာတွေရဲ့ ပျက်စီးကြောင်းဆိုတာ လောဘစသည်ရဲ့အစွမ်း

http://www.dhammadownload.com



ကြောင့် မပေးလှူမှုပါပဲ။ မှန်တယ်၊ မပေးလှူတာဟာ ပြိတ္တာတွေရဲ့ ပျက်စီးကြောင်းဆိုတာကို ပြိတ္တာတွေသာ ပိုသိကြပါတယ်။

ကျွန်ုပ်ဟာ ရှေးဘဝက လောဘစသည်ရဲ့အစွမ်းကြောင့် ကိုယ်တိုင်လည်း ဒါနစတဲ့ ကောင်းမှုပြုဖို့ တွန့်ဆုတ်ခဲ့ပါတယ်။ ဥစ္စာများစွာရှိပါလျက် မပေးလှူခဲ့ပါ။ လှူဖွယ်ဝတ္ထုတွေ မိမိရဲ့မှီခိုရာ ကျွန်းသဖွယ်ဖြစ်တဲ့ ကုသိုလ်ကောင်းမှုကို မပြုလုပ်ခဲ့ပါ။ ကျွန်ုပ်ဟာ မိမိကံအကျိုးကို ကပ်ရောက်ရလို့ နောင်အခါမှ နောင်တရပါတယ်။

လေးလလွန်တဲ့အခါ သေရပါမယ်။ ကျွန်ုပ်ဟာ အဝီစိငရဲကို ကျရောက်ရပါမယ်။ အဲဒီငရဲက တကယ့်ကိုပဲ ဆင်းရဲလှပါတယ်။ ကြမ်းတမ်းလှပါတယ်။ အထောင့်လေးထောင့်ရှိပါတယ်။ အရပ်လေးမျက်နှာမှာ တံခါးလေးပေါက်နဲ့ ယှဉ်ပါတယ်။ ဝေဖန်အပ်တဲ့ ပုံစံတူရှိပါတယ်။ သံတံတိုင်းကာရံထားပါတယ်။ သံပြားနဲ့ ပိတ်ဖုံးထားပါတယ်။ အဲဒီငရဲရဲ့ မြေကြီးက သံနဲ့ပြီးပါတယ်။ ပတ်ဝန်းကျင်မှာ ဖြစ်ပေါ်တဲ့ မီးလျှံရှိတဲ့ မီးကြီးနဲ့ အမြဲမပြတ် စပ်ယှဉ်နေပါတယ်။ ထက်ဝန်းကျင် အပြင်အရပ်အားလုံးမှာ ယူဇနာတစ်ရာတိုင်တိုင် အမြဲပဲ ပျံ့နှံ့တည်နေပါတယ်။ ကျွန်ုပ်ဟာ အဲဒီငရဲမှာ ကာလရှည်ကြာစွာ မကောင်းမှုကံရဲ့အကျိုးဖြစ်တဲ့ ဆင်းရဲဝေဒနာကို ခံစားရပါမယ်။ ဒါကြောင့် ပြင်းထန်စွာ စိုးရိမ်ပါတယ်။

ဒါကြောင့် သင်တို့အား ပြောပါမယ်။ သင်တို့မှာ

http://www.dhammadownload.com



ကောင်းခြင်းမင်္ဂလာဖြစ်ပါစေ။ ဒီအရပ်မှာ စုဝေးရောက်လာတဲ့ သင်တို့အားလုံးဟာ ကျွန်ုပ်ရဲ့စကားကို နားထောင်ကြပါ။ သင်တို့ဟာ မျက်မှောက်မှာရော၊ မျက်ကွယ်မှာပါ မကောင်းမှုကို မလုပ်ကြပါနဲ့။ (မျက်မှောက်မှာ မကောင်းတဲ့ ကိုယ်မှု၊ နှုတ်မှုကို မပြုလုပ်ကြပါနဲ့။ မျက်ကွယ်မှာ မကောင်းတဲ့ စိတ်အကြံကို မကြံ မပြုလုပ်ကြပါနဲ့)

အဲဒီမကောင်းမှုကံကို နောင်အခါ ပြုလုပ်ရင်၊ ယခုလည်း ပြုလုပ်ရင် ကောင်းကင်ပျံတက်သွားပေမယ့် သင်တို့မှာ အပါယ်ဆင်းရဲ၊ လူ့ဘဝဆင်းရဲတွေမှ လွတ်မြောက်တယ်ဆိုတာ မရှိပါ။

သင်တို့ဟာ မိဘတွေကို ပြုစုခြင်းစသည်တွေကို ပြုလုပ်ကြပါ။ အမျိုးထဲမှာ ကြီးသူတွေကို ရိုသေကြပါ။ သူတော်ကောင်း သမဏ၊ ဗြာဟ္မဏတွေကို ပူဇော်ကြပါ။ အဲဒီလိုလုပ်ရင် နတ်ပြည်ကို ရောက်ကြပါလိမ့်မယ်။

အဲဒီကုန်သည်တွေဟာ အဲဒီပြိတ္တာရဲ့စကားကို ကြားရပြီး သံဝေဂဖြစ်ကြတယ်။ အဲဒီပြိတ္တာကို သနားပြီး ခွက်တွေနဲ့ သောက်ရေကိုယူကာ သူ့ကိုအိပ်ခိုင်းပြီး ပါးစပ်ထဲ သွန်လောင်းကြတယ်။ အဲဒီကနောက် လူအများ အချိန်ကြာမြင့်စွာ သွန်လောင်းတဲ့ရေဟာ အဲဒီပြိတ္တာရဲ့ မကောင်းမှုအစွမ်းကြောင့် လည်ပင်းအတွင်းကို မသက်ရောက်၊ ဘယ်မှာ ရေဆာမှုကို ပယ်ဖျောက်ပေးနိုင်မလဲ။ အဲဒီကုန်သည်တွေက အဲဒီပြိတ္တာကို မေးကြတယ်။ ပြိတ္တာက ဖြေတယ်။

http://www.dhammadownload.com



'သင့်မှာ သက်သာရာတစ်စုံတစ်ရာ ရပါရဲ့လား'

'ကျွန်ုပ်မှာ ဒီလောက်လူတွေ ဒီလောက်အချိန်ပတ်လုံး သွန်လောင်းထည့်ပေးတဲ့ ရေဟာ တစ်ပေါက်လေးတောင် လည်ချောင်းထဲ ဝင်ခဲ့ရင် ဒီပြိတ္တာဘဝမှ မလွတ်မြောက်ပါစေနဲ့'

အဲဒီအခါ အဲဒီကုန်သည်တွေက အဲဒီစကားကို ကြားရပြီး အလွန်အကဲ သံဝေဂဖြစ်ကာ မေးကြတယ်။

'ရေဆာလောင်မှု ငြိမ်းပျောက်ဖို့ နည်းလမ်းတစ်စုံတစ်ခု ရှိပါသလား'

'ဒီမကောင်းမှု ကုန်သွားတဲ့အခါ ဘုရားရှင်နဲ့ ဘုရားရှင် တပည့်တွေအား အလှူလှူပြီး ကျွန်ုပ်အား အမျှပေးဝေရင် ကျွန်ုပ်ဟာ ဒီပြိတ္တာဘဝမှ လွတ်မြောက်ပါမယ်'

အဲဒီစကားကို ကြားရပြီး ကုန်သည်တွေက သာဝတ္ထိမြို့ကိုသွားပြီး ဘုရားရှင်ထံ ချဉ်းကပ်ကာ အဲဒီဖြစ်ပုံကို လျှောက်ထားကြတယ်။ သရဏဂုံ၊ သီလတွေကိုယူပြီး ဘုရားအမှူးရှိတဲ့ ရဟန်းအပေါင်းအား ၇ ရက်ပတ်လုံး အလှူလှူတယ်။ ပြီးတော့ အဲဒီပြိတ္တာအား အမျှပေးဝေကြတယ်။ ဘုရားရှင်က အဲဒီအကြောင်းကို အကြောင်းပြုပြီး ပရိသတ် ၄ ပါးအား တရားဟောတယ်။ လူအများလည်း လောဘစတဲ့ နမြောမှုအညစ်အကြေးကို ပယ်ရှားကာ ဒါနစတဲ့ ကောင်းမှုမှာ ပျော်သွားကြတယ်။

(ပေတဝတ္ထု၊ ၅၊ ၉၄)

http://www.dhammadownload.com



အရင်ဘဝမှာ သူဌေး၊ နောက်ဘဝမှာ ရေလေးတစ်ပေါက်တောင် မသောက်ရတဲ့ ပြိတ္တာဘဝ၊ ဘဝချင်းက ခြားနားလှပေပါတယ်။ ကွာခြားလှပါပေတယ်။ ပစ္စည်းပေါတဲ့ သူဌေးဖြစ်ပါလျက် မလှူမိခဲ့လို့ ပြိတ္တာဘဝမှာ ဒုက္ခကို ကောင်းကောင်းကြီး ခံစားရပါတယ်။ ရေတွေ ပါးစပ်ထဲထည့်ပေးပေမယ့် ရေတစ်ပေါက်တောင် လည်ချောင်းထဲ မဝင်တဲ့ဘဝဟာ ကြောက်စရာကောင်းလှပါတယ်။ ကုန်သည်တွေက သရဏဂုံသီလတွေကို ယူပြီး ဒါနပြုကာ အမျှဝေကြပါတယ်။ မှတ်သားစရာပါပဲ။ အလှူရှင်တွေက ဒါနပြုရုံမက သရဏဂုံသီလတွေကိုပါ ယူကြပါတယ်။ အလှူခံပုဂ္ဂိုလ်တွေကလည်း ဘုရားအမှူးရှိတဲ့ ရဟန်းအပေါင်းတွေဆိုတော့ အကောင်းတကာ့ အကောင်းဆုံး လယ်ယာမြေကောင်းသဖွယ် ဖြစ်နေကြပါတယ်။

http://www.dhammadownload.com

# လှူမှုဝေ၍နှင့် ပတ်သက်၍

၁။ မေး။ ။ လယ်၊ လယ်သမား၊ မျိုးစေ့နဲ့တူတဲ့အရာတွေက ဘာတွေပါလဲ။

ဖြေ။ ။ ရဟန္တာတွေ (ကျန်တဲ့အရိယာပုဂ္ဂိုလ်တွေစသည်) ဟာ လယ်နဲ့တူကြပါတယ်။ အလှူရှင်တွေက လယ်သမားတွေနဲ့ တူကြပါတယ်။ လှူဖွယ် ဝတ္ထုပစ္စည်းတွေ (ဒါနစေတနာ) က မျိုးစေ့နဲ့တူပါတယ်။

အလှူခံမှာ၊ လယ်ပမာ၊ လှူရှာသူများ လယ်သမား။

အများလှူဖွယ်၊ မျိုးစေ့နှယ်၊ နောင်ဝယ်အသီးစား။

ခေတ္တူပမာ အရဟန္တော၊ ဒါယကာ၊ ကဿကူပမာ။

ဗီဇူပမံ ဒေယျဓမ္မံ၊ ဧတ္တော နိဗ္ဗတ္တတေ ဖလံ။

(ပေတဝတ္ထု၊ ဋ္ဌ၊ ၆)

၂။ မေး။ ။ ပြိတ္တာတွေကို ရည်စူးပြီး လှူတဲ့အလှူနဲ့ မရည်စူးဘဲ လှူတဲ့အလှူဟာ အကျိုးပေး ဘယ်လိုခြားနားပါသလဲ။

http://www.dhammadownload.com



ဖြေ။ ။ ပဌမအလှူက ပြိတ္တာတွေအားရော၊ အလှူရှင်အားပါ ကျေးဇူးပြုပါတယ်။ ဒုတိယအလှူကတော့ အလှူရှင်အားသာ ကျေးဇူးပြုပါတယ်။ ယဒိ ဒါယကော ပေတောဥဒ္ဒိဿ ဒါနံ ဒေတိ၊ ပေတာနဉ္စ ဒါယကဿစ၊ ယဒိ န ပေတေ ဥဒ္ဒိဿ ဒါနံ ဒေတိ၊ ဒါယကဿေဝ ဖလံ ဗီဇံ သာ ကာသိ ဖလံ ခေတ္တံ ဥပကာရာယ ဟောတိ။ (ပေတဝတ္ထု၊ ဋ္ဌ၊ ၈)

၃။ မေး။ ။ ပတ္တာနုမောဒနနဲ့ အနုမောဒနဟာ တူပါသလား၊ ထူးပါသလား။

ဖြေ။ ။ သူတစ်ပါးတွေက ပေးတဲ့ကုသိုလ်ဝေစု (အမျှ) ကို ဝမ်းမြောက်တာ၊ ဝမ်းမြောက်မှုကို သိစေတာက ပတ္တာနုမောဒန။

သူတစ်ပါးတွေက မပေးဝေတဲ့ ကောင်းမှုကို ဝမ်းမြောက်တာကတော့ အနုမောဒနပါပဲ။ ပတ္တာနုမောဒန မဟုတ်ပါ။ အကြောင်းကတော့ သူတစ်ပါးက ပေးဝေတဲ့ ကုသိုလ်ဝေစု မရှိလို့ပါပဲ။

ပရေဟိ ဒိန္နာယ ပတ္တိယာ အနုမောဒနံ အတ္တမနတာပဝေဒနံ ပတ္တာနုမောဒနံ နာမ၊

အဒိန္နာဿ ပုညဿ အနုမောဒနံ ပန အနုမောဒနမေဝ ဟောတိ၊ န ပတ္တာနုမောဒနံ၊ ပတ္တိယာ ဝေ အဘာဝတော။ (ပရမတ္ထဒီပနီ၊ ၃၀၄)

http://www.dhammadownload.com



၄။ မေး။ ။ ပတ္တိ (ပေးဝေတဲ့ကုသိုလ်ဝေစု) က ဘယ်လောက်ရှိပါသလဲ။ ဘယ်လိုခြားနားပါသလဲ။

ဖြေ။ ။ ပတ္တိက ဥဒ္ဒိသိကာ ပတ္တိ (ပြိတ္တာဖြစ်နေသူ တစ်စုံတစ်ယောက်ကို သီးခြားရည်စူးပြီး ပေးအပ်တဲ့ အဖို့) အနုဒ္ဒိသိကာ ပတ္တိ (တစ်စုံတစ်ယောက် အတွက်မဟုတ်ဘဲ သတ္တဝါအများကို ပေးအပ်တဲ့ အဖို့) လို့ နှစ်မျိုး ရှိပါတယ်။

အဲဒီနှစ်မျိုးထဲက မိမိကို ရည်စူးပြီး ပေးဝေတဲ့ ကုသိုလ်ဝေစုကို ဝမ်းမြောက်ဝမ်းသာဖြစ်မှသာ မျက်မှောက်ဘဝမှာ အကျိုးရတယ်လို့ သိရပါတယ်။ ဒီကုသိုလ်ဝေစု (ပတ္တိ) နှစ်မျိုးလုံးဟာ ဒါနကောင်းမှုတွေမှာသာ အထူးအားဖြင့် ထင်ရှားပါတယ်။ မှန်ပါတယ်၊ အဲဒီဒါနကောင်းမှုကို ရည်စူးကာ ပြုလုပ်ပြီး နတ်တွေအားဖြစ်စေ၊ သူတစ်ပါးကိုမှီပြီး အသက်မွေးတဲ့ ပြိတ္တာတွေအားဖြစ်စေ၊ တစ်ခါတစ်ခါ နတ်လိုစည်းစိမ်ခံစားပြီး တစ်ခါတစ်ခါ ပြိတ္တာလို ဒုက္ခခံရတဲ့ ဗိမာန်ရှင်ပြိတ္တာတွေအားဖြစ်စေ၊ ဘုမ္မစိုးနတ်ကြီးတွေကို မှီခိုကပ်ရပ်လျက် တန်ခိုးနုန့်နဲ့လှတဲ့ နတ်ကလေးတွေအားဖြစ်စေ ပေးလည်းပေးဝေရင်၊ ဝမ်းမြောက်ဝမ်းသာလည်းဖြစ်ရင် အဲဒီဝမ်းမြောက်သူတွေမှာ အဲဒီခဏမှာပဲ လက်တွေ့အကျိုးရပါတယ်။

http://www.dhammadownload.com



ပတ္တိ စ ဒုဝိဓာ ဥဒ္ဒိဿကာ၊ အနုဒ္ဒိဿကာတိ၊ တတ္ထ အတ္တာနံ ဥဒ္ဒိဿကံ အနုမောဒန္တဿေဝ ဒိဋ္ဌဓမ္မဝေဒနီယံ ဇာတန္တိ ဝေဒိတဗ္ဗံ၊ ဣဒံ ပန ဒွယံ ဒါနပုညေသု ဧဝ ဝိသေသတော ပါကဋံ၊ တဉှိ ဥဒ္ဒိဿကံ ကတ္វာ ဒေဝတာနံ ဝါ ပရဒတ္တုပဇီဝိပေတာနံ ဝါ ဝေမာနိကပေတာနံ ဝါ ဝိနိပါတိကာသုရာနံ ဝါ ဒိန္နံ အနုမောဒိတဉ္စ တေသံ တင်္ခဏေ ဧဝ ဒိဋ္ဌဓမ္မဝေဒနီယံ ဇာတန္တိ။

(ပရမတ္ထဒီပနီ၊ ၃၀၄)

၅။ မေး။ ။ ပတ္တိဒါနနဲ့ ပတ္တာနုမောဒနတို့ရဲ့ အဓိပ္ပာယ်က ဘယ်လိုပါလဲ။

ဖြေ။ ။ အလှူရှင် မိမိမှာ ရောက်ရှိရရှိလာတဲ့ ကုသိုလ်ကောင်းမှုအဖို့အစုက ပတ္တိ။ တစ်နည်း၊ အလှူရှင်တွေက အရောက်ပို့အပ်တဲ့ (ဝမ်းမြောက် ဝမ်းသာသူတစ်ပါးသူတွေ ရရှိထိုက်တဲ့) ကောင်းမှုအကျိုးဟာ ပတ္တိ။ အဲဒီပတ္တိ (ကောင်းမှုအဖို့အစု၊ တစ်နည်း၊ ကောင်းမှုအကျိုး) ကို ပေးဝေကြောင်းစေတနာက ပတ္တိဒါန။

(တစ်စုံတစ်ယောက်ယောက်အားဖြစ်စေ၊ သတ္တဝါအားလုံးအားဖြစ်စေ မိမိနဲ့ အညီအမျှ ကုသိုလ်ရပါစေလို့ သဘောထားပြီး ဝေငှကြောင်းစေတနာက ပတ္တိဒါန)။

http://www.dhammadownload.com



မိမိနဲ့ အညီအမျှရပါစေလို့ ပေးဝေလို့ ယခုကာလမှာ 'အမျှဝေ'လို့ ခေါ်ပါတယ်။ သူတစ်ပါးတွေက ပေးဝေတဲ့ အဲဒီကောင်းမှုအဖို့အစုကိုပဲ ဝမ်းမြောက်ကြောင်း၊ သာဓုခေါ်ကြောင်း စေတနာက ပတ္တာနုမောဒန။

မိမိပြုလုပ်ထားတဲ့ ကောင်းမှုအားလုံးကို သူတစ်ပါးတွေနဲ့ ဆက်ဆံဆက်စပ်သွားအောင် ပြုလုပ်တာဟာ ပတ္တိဒါနမည်တယ်။

ပဒ္ဓိတ္ထာတိ ပတ္တိ၊ အတ္တနိ လဒ္ဓပုညကောဋ္ဌာသဿေတံ နာမံ၊ ပါပီယတီတိ ဝါ ပတ္တိ၊ ပရေဟိ အနုမောဒနွှေဟိ လဒ္ဓဗ္ဗဿ ပုညာနိသန္ဒဿေတံ နာမံ၊ ပတ္တိ ဒဒန္တိ ဧတေနာတိ ပတ္တိဒါနံ။

တဒေဝ ပရေဟိ ဒိန္နံ အနုမောဒန္တိ၊ သာဓုကာရံ ဒဒန္တိ ဧတေနာတိ ပတ္တာနုမောဒနံ။

အတ္တနာ ကတဿ ယဿ ကဿစိ ပုညဿ ပရေဟိ သာဓာရဏာကရဏံ ပတ္တိဒါနံ နာမ။

၆။ မေး။ ။ ဘယ်လိုကောင်းမှုကို ပြုလုပ်ပြီး ဘယ်လိုအမျှပေးဝေတာကို ပတ္တိဒါနလို့ သိရမှာပါလဲ။

ဖြေ။ ။ အလှူကို လှူပြီး၊ နံ့သာစသည်တွေနဲ့ ပူဇော်မှုကို ပြုလုပ်ပြီး 'ဒီအမည်ရှိသူအတွက် ကုသိုလ်အဖို့အစုဖြစ်ပါစေ'လို့ ဖြစ်စေ၊ 'သတ္တဝါအားလုံး

http://www.dhammadownload.com



အတွက် ဖြစ်ပါစေ'လို့ဖြစ်စေ အမျှပေးဝေတာကို ပတ္တိဒါနလို့ သိရပါတယ်။

ဒါနံ ဒတွာ၊ ဂန္ဓာဒီဟိ ပူဇံကတွာ 'အသုကဿ နာမ ပတ္တိ ဟောတု' တိ ဝါ 'သဗ္ဗသတ္တာနံ ဟောတူ'တိ ဝါ ပတ္တိံ ဒဒတော ပတ္တာနုပ္ပဒါနံ ဝေဒိတဗ္ဗံ။ (အဋ္ဌသာလိနီ၊ ၂၀၂)

၇။ မေး။ ။ အမျှပေးဝေသူမှာ ကုသိုလ်ကောင်းမှု ကုန်သွား လျော့သွားပါသလား။

ဖြေ။ ။ ကုန်မသွား၊ လျော့မသွားပါ။ ဆီမီးတစ်ခုကို ထွန်းညှိပြီး အဲဒီဆီမီးမှ ဆီမီးပေါင်းတစ်ထောင် ကို ထွန်းညှိလိုက်ရင် ပထမဆီမီးကို ကုန်သွား တယ်လို့ မဆိုထိုက်။ တကယ်တော့ ရှေ့ဆီမီး ရောင်နဲ့အတူ နောက်ဆီမီးရောင်ဟာ တစ်ပေါင်း တည်းဖြစ်သွားပြီး အလွန်ကြီးကျယ်သွားပါတယ်။ အဲဒီလိုပါပဲ အမျှပေးဝေရာမှာ ကုသိုလ်လျော့သွား တယ်ဆိုတာ မရှိပါ။ တိုးသာ တိုးလာပါတယ်။ (ပတ္တိဒါနကုသိုလ်ထပ်တိုးလာတယ်) လို့ သိရပါ တယ်။

ကိံ ပနေဝံ ပတ္တိံ ဒဒတော ပုညက္ခယော ဟောတီတိ၊ န ဟောတိ၊ ယထာ ပန ဧကံ ဒီပံ ဇာလေတွာ တတော ဒီပသဟဿံ ဇာလေန္တဿ ပထမဒီပေါ ခီဏောတိ န စတ္တဗ္ဗော၊ ပုရိမာ

http://www.dhammadownload.com



လောကေန ပန သဒ္ဓိံ ပစ္စိမာလောကော ဇာ
တော ဟုတွာ အတိမဟာ ဟောတိ၊ ဇဝမေဝ
ပတ္တိံ ဒဒတော ပရိဟာနိ နာမ နတ္ထိ၊ ဝုမိုယေဝ
ပန ဟောတီတိ ဝေဒိတဗ္ဗော။

(အဋ္ဌသာလိနီ၊ ၂၀၂)

၈။ မေး။ ။ အမျှဝေရာ၊ သာဓုခေါ်ရာမှာ ဒါနကုသိုလ်ကို
သာ အမျှဝေလို့ သာဓုခေါ်လို့ ရတာပါလား။

ဖြေ။ ။ ပစ္စည်းလေးပါး (ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊
ဆေး) ကို လှူပြီး သတ္တဝါအားလုံးအတွက်
ကုသိုလ်အဖို့အစု ဖြစ်ပါစေလို့ ဖြစ်တဲ့စေတနာရဲ့
အစွမ်းနဲ့ ပတ္တာနုပ္ပဒါန (အမျှဝေမှု) ကို သိထိုက်
ပါတယ်။ (ဒီစကားရပ်မှာ ဒါနပြုပြီး အမျှဝေမှု
သာ လာပါတယ်။)

မိမိသန္တာန်မှာ ရရှိရောက်ရှိလာတဲ့ ကောင်းမှု
ကို ပေးဝေကြောင်း စေတနာဟာ ပတ္တာနုပ္ပဒါန
ဖြစ်တယ်။ (ဒီစကားရပ်မှာ ဒါနကောင်းမှုကို
သာမက အခြားကောင်းမှုကိုပါ အမျှပေးဝေမှု
ပါဝင်ပါတယ်။)

စတ္တာရော ပစ္စယေ ဒတွာ သဗ္ဗသတ္တာနံ
ပတ္တိ ဟောတူတိ ပဝတ္တနဝသေန ပတ္တာနုပ္ပဒါနံ
ဝေဒိတဗ္ဗံ။

(ပါထိက၊ ၄၊ ၁၈၂)

http://www.dhammadownload.com



အတ္တနော သန္တာနေ ပတ္တံ ပုညံ အနုပ္ပဒီယတိ ဧတေနာတိ ပတ္တာနုပ္ပဒါနံ။ (ပါထိက၊ ဋီ၊ ၂၀၆)

သူတစ်ပါးတွေက ပေးဝေတဲ့ကုသိုလ်အဖို့အစုကို 'ကောင်းပါပေတယ်၊ ကောင်းပါပေတယ်'လို့ ဝမ်းမြောက်မှုရဲ့အစွမ်းနဲ့ ပတ္တာနုမောဒနကို သိထိုက်ပါတယ်။

သူတစ်ပါးတွေက ပေးဝေတဲ့ ဒါနကုသိုလ်အဖို့အစုကိုဖြစ်စေ၊ အခြားကုသိုလ်ကောင်းမှုကိုဖြစ်စေ 'ကောင်းပါပေတယ်၊ ကောင်းပါပေတယ်' လို့ ဝမ်းမြောက်မှုအစွမ်းနဲ့ အဗ္ဘာနုမောဒနကို သိရပါတယ်။

ပရေဟိ ဒိန္နာယ ပတ္တိယာ 'သာဓု သုဋ္ဌု'တိ အနုမောဒနဝသေန ပတ္တဗ္ဘာနုမောဒနံ ဝေဒိတဗ္ဗံ။ (ပါထိက၊ ဋ္ဌ၊ ၁၈၂) (ဒီမှာ ပတ္တိသဒ္ဒါပါတယ်။)

ပရေဟိ ဒိန္နာယ ပတ္တိယာ ဝါ အညာယ ဝါ ပုညကိရိယာယ 'သာဓု သာဓု'တိ အနုမောဒနဝသေန အဗ္ဘာနုမောဒနံ ဝေဒိတဗ္ဗံ။ (အဋ္ဌသာလိနီ၊ ၂၀၃) (ဒီမှာ ပတ္တိသဒ္ဒါမပါပါ။)

၉။ မေး။ ။ ပတ္တိဒါနနဲ့ ပတ္တာနုမောဒနတို့ကို ဒါန၊ သီလ၊ ဘာဝနာသုံးမျိုးထဲက ဘယ်ထဲမှာထည့်ရပါမလဲ။ ဘာကြောင့်ပါလဲ။

ဖြေ။ ။ ဒါနထဲမှာ ထည့်ရပါတယ်။ အကြောင်းက

http://www.dhammadownload.com



တော့ ကုသာ (မနာလိုမှု)၊ မစ္ဆေရ (ဝန်တိုမှု) တို့ရဲ့ ဆန့်ကျင်ဘက်အနေနဲ့ အဲဒီဒါနသဘော ရှိလို့ပါပဲ။

ပတ္တိဒါနာနုမောဒနာနိ ဒါနေ သင်္ဂယှန္တိ၊ ဣဿာမစ္ဆေရာနံ ပဋိပက္ခဘာဝေန တံ သဘာဝတ္တာ။ (ပရမတ္ထဒီပနီ၊ ၃၀၅)

ပတ္တာနုပ္ပဒါန အဗ္ဘနုမောဒနာနိ ဒါနမယေ။ (အဋ္ဌသာလိနီ၊ ၂၀၃)

၁၀။ မေး။ ။ ဒါနအကျိုးကို ဒါနစေတနာက ပြီးစေတာပါ လား။ လှူဖွယ်ပစ္စည်းက ပြီးစေတာပါလား။

ဖြေ။ ။ ဒါနစေတနာက ပြီးစေပါတယ်။ လှူဖွယ် ပစ္စည်းက မပြီးစေပါ။

သာ ဟိ ပဋိသန္ဓိအာဒိပ္ပဘေဒဿ တဿ နိဿယာရမ္မဏာပ္ပဘေဒဿ စ ဖလဿ နိပ္ဖာဒိ ကာ၊ န ဒေယျဓမ္မော။ (ပေတဝတ္ထု၊ ၄၊ ၈)

၁၁။ မေး။ ။ ပြိတ္တာတစ်ယောက်ကို ပြိတ္တာဘဝဆင်းရဲမှ လွတ်အောင် ဘယ်လိုလုပ်ရပါသလဲ။

ဖြေ။ ။ ဘုရားရှင်နဲ့ အရိယာသံဃာအား၊ ရဟန်းတစ် ပါးအားပင်ဖြစ်စေ အလှူလှူပြီး အဲဒီပြိတ္တာအား အမျှဝေတယ်။ အဲဒီပြိတ္တာကလည်း အဲဒီအလှူကို ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်တယ်။ အဲဒီလို လုပ်ရင် လွတ်ပါမယ်။

http://www.dhammadownload.com



ယဒိ ဘဂဝတော အရိယသံဃဿ စ ဧကေ ဿေဝ ဝါ ဘိက္ခုနော ဒါနံ ဒတွာ ဣမိဿာ ဥဒ္ဒိသိယတိ၊ အယျဿ တံ အနုမောဒတိ၊ ဧဝ မေတိဿာ ဣတော ဒုက္ခတော မုတ္တိ ဘဝိဿတိ။ (ပေတဝတ္ထု၊ ဋ္ဌ၊ ၄၃)

http://www.dhammadownload.com

# ရေမှ သွေးသို့

ဘုရားရှင် ပရိနိဗ္ဗာန်စံပြီး ပထမသင်္ဂါယနာ တင်နေတဲ့အခါ အရှင်မဟာကစ္စာယနက ရဟန်း ၁၂ ပါးနဲ့အတူ ကောသမ္ဗီ မြို့ရဲ့အနီးက တောကျောင်းတစ်ကျောင်းမှာ သီတင်းသုံးတယ်။ အဲဒီအခါ ဥဒေနမင်းရဲ့အမတ်တစ်ယောက် သေတယ်။ အဲဒီ အမတ်က ရှေးအခါက မြို့အလုပ်တွေကို စီစဉ်ဆောင်ရွက် တယ်။ သေသွားတော့ မင်းက အဲဒီအမတ်ရဲ့သား ဥတ္တရ လုလင်ကို အခေါ်ခိုင်းပြီး 'သင်ဟာ သင့်ဖခင်စီစဉ်ဆောင်ရွက် ခဲ့တဲ့ လုပ်ငန်းတွေကို စီစဉ်ဆောင်ရွက်ပါ'လို့ သူ့ဖခင်နေရာ မှာ ထားရှိတယ်။ ဥတ္တရက ကောင်းပါပြီလို့ လက်ခံပြီး တစ်နေ့မှာ မြို့ပြုပြင်ဖို့ သစ်သားတွေအတွက် လက်သမား တွေကို ခေါ်ကာ တောကိုသွားတယ်။ အဲဒီတောက အရှင် မဟာကစ္စာယနရဲ့ နေရာအရပ်ကိုချဉ်းကပ်ပြီး မထေရ် အဲဒီ အရပ်မှာ ပံ့သကူသင်္ကန်းဆောင်ပြီး တိတ်ဆိတ်ရာမှာ ထိုင်နေ တာကို မြင်တွေ့သွားတယ်။ ဣရိယာပုထ်မှာပဲ ကြည်ညိုပြီး နှုတ်ဆက်စကားဆိုကာ ရှိခိုးပြီး သင့်တင့်ရာအရပ်မှာ ထိုင် တယ်။ မထေရ်က ဥတ္တရအား တရားဟောတယ်။

ဥတ္တရက တရားကိုနာကြားရပြီး ရတနာသုံးပါးအပေါ် ကြည်ညိုသွားတယ်။ သရဏဂုံတွေမှာတည်ကာ မထေရ်ကို

http://www.dhammadownload.com



'အရှင်ဘုရား၊ အရှင်ဘုရားဟာ ရဟန်းတွေနဲ့အတူ တပည့်တော်ရဲ့ဆွမ်းကို သနားချီးမြှောက်တဲ့အနေနဲ့ နက်ဖြန်ခါ အလှူခံတော်မူပါ'လို့ ဖိတ်မံတယ်။ မထေရ်က ဆိတ်ဆိတ်နေကာ လက်ခံတယ်။ ဥတ္တရက အဲဒီတောအရပ်မှ ထွက်လာပြီး မြို့ကိုသွားကာ အခြားဥပါသကာတွေအား 'ငါဟာ မထေရ်ကို နက်ဖြန် ဆွမ်းကပ်ဖို့ ပင့်ဖိတ်ခဲ့ပါတယ်။ သင်တို့လည်း ငါ့ရဲ့အလှူပွဲကို လာကြပါ'လို့ ပြောတယ်။ ဥတ္တရက ဒုတိယနေ့မှာ စောစောပဲ မွန်မြတ်တဲ့ စားဖွယ် ခဲဖွယ်ကို စီစဉ်ခိုင်းပြီး အချိန်ကို လျှောက်ခိုင်းတယ်။ ရဟန်းတွေနဲ့အတူ ကြွလာတဲ့ မထေရ်အား ခရီးဦးကြိုဆိုရှိခိုးကာ ရှေ့သွားပြုပြီး အိမ်ထဲဝင်စေပါတယ်။ အဲဒီအခါ မြင့်မြတ်သူတွေအား ထိုက်တဲ့အပ်စပ်တဲ့ အခင်းတွေနဲ့ ခင်းထားတဲ့ နေရာတွေမှာ မထေရ်ရော ရဟန်းတွေပါ ထိုင်နေကြတယ်။ နံ့သာ၊ ပန်း၊ အခိုးတွေနဲ့ ပူဇော်မှုပြုပြီး မွန်မြတ်တဲ့ ထမင်း၊ ဖျော်ရည်နဲ့ အဲဒီရဟန်းတွေကို ရောင့်ရဲကျေနပ်စေပါတယ်။ ကြည်ညို လက်အုပ်ချီကာ အနုမောဒနာတရားကို နာကြားပါတယ်။ ဆွမ်းအနုမောဒနာပြီးလို့ မထေရ်သွားတဲ့အခါ သပိတ်ကိုယူပြီး နောက်ကလိုက်သွားတယ်။ မြို့မှထွက်ပြီး ပြန်လှည့်လာတဲ့အခါ 'အရှင်ဘုရားတို့၊ အရှင်ဘုရားတို့ဟာ အမြဲတပည့်တော်အိမ်ကို ဝင်သင့်ပါတယ်'လို့ တောင်းဆိုပြီး မထေရ်ရဲ့ လက်ခံတာကို သိကာ ပြန်လှည့်လာတယ်။ အဲဒီလို ဥတ္တရဟာ မထေရ်ကို ပြုစုရင်း မထေရ်ရဲ့ ဩဝါဒမှာ ရပ်တည်ကာ သောတာပတ္တိဖိုလ်သို့

http://www.dhammadownload.com



ရောက်ပါတယ်။ ကျောင်းကိုလည်း ဆောက်လုပ်စေပါတယ်။ သူ့ဆွေမျိုးအားလုံးကိုလည်း သာသနာမှာ ကြည်ညိုလာအောင် လုပ်တယ်။

ဥတ္တရရဲ့ မိခင်ကတော့ နှမြောမှုအညစ်အကြေး ထကြွစိတ်ရှိကာ 'ငါ အလိုဆန္ဒမရှိဘဲသာ သင်က ရဟန်းတွေအား ပေးလှူတဲ့ ထမင်း၊ ဖျော်ရည်ဟာ သင်ရဲ့နောင်ဘဝမှာ သွေးအဖြစ်နဲ့ ပြီးစီးပါစေဟယ်'လို့ ရေရွတ်ပြောဆိုတယ်။ ဥဒေါင်းအမြီးအစုတစ်ခုကိုတော့ ကျောင်းပူဇော်ပွဲနေ့မှာ လှူဖို့ ခွင့်ပြုလိုက်တယ်။ အဲဒီမိခင်ဟာ သေပြီး ပြိတ္တာဘုံမှာ ဖြစ်တယ်။ အဲဒီပြိတ္တာမရဲ့ဆံပင်တွေက ဥဒေါင်းအမြီးအစုလှူတာဝမ်းသာခဲ့လို့ ညိုတယ်၊ ညက်ညောတယ်၊ အဖျားကော့တယ်၊ နူးညံ့တယ်၊ ရှည်တယ်။ သူမဟာ ဂင်္ဂါမြစ်ကို 'သောက်ရေသောက်မယ်'လို့ ကြံကာ သက်ဆင်းတဲ့အခါ မြစ်ဟာ သွေးတွေနဲ့ ပြည့်နေတယ်။ သူမဟာ ၅၅ နှစ်ပတ်လုံး ဆာလောင်မွတ်သိပ်မှုနှိပ်စက်ခံရကာ လှည့်လည်နေရတယ်။ တစ်နေ့မှာ ကင်္ခါရေဝတထေရ် ဂင်္ဂါမြစ်ကမ်းနားမှာ နေ့အခါ သီတင်းသုံးထိုင်နေတာကို မြင်တွေ့သွားတယ်။ သူမရဲ့ကိုယ်ကို သူမရဲ့ဆံပင်တွေနဲ့ ဖုံးအုပ်ကာ ချဉ်းကပ်ပြီး သောက်ရေကို တောင်းတယ်။

ပြိတ္တာမ။ ။ အရှင်ဘုရား၊ တပည့်တော်ဟာ သေသွားတဲ့အချိန်ကစပြီး ၅၅ နှစ်ပတ်လုံး ထမင်းစားရတာ၊ သောက်ရေ သောက်ရတာကို မသိစဖူးပါ၊ တပည့်

http://www.dhammadownload.com



တော်ဟာ ရေဆာလှပါတယ်။ အရှင်ဘုရားဟာ တပည့်တော်အား ရေပေးတော်မူပါ။

မထေရ်။ ။ ဒီဂင်္ဂါမြစ်ဟာ အေးတဲ့ရေရှိပါတယ်။ ဟိမဝန္တာ တောင်မင်းမှ စီးဆင်းပါတယ်။ ဒီဂင်္ဂါမြစ်မှယူပြီး သောက်ပါ၊ ဘာကြောင့် ငါ့ကို သောက်ရေတောင်း နေရတာလဲ။

ပြိတ္တာမ။ ။ အရှင်ဘုရား၊ တပည့်တော်ဟာ ဂင်္ဂါမြစ်မှာ ရေကို ကိုယ်တိုင်ယူရင် ရေက တပည့်တော်အတွက် သွေးအဖြစ်နဲ့ ပြောင်းလဲသွားပါတယ်။ ဒါကြောင့် သောက်ရေကို တောင်းပါတယ်။

မထေရ်။ ။ သင်ဟာ ကိုယ် နှုတ် စိတ်နဲ့ ဘယ်မကောင်း မှုကို ပြုခဲ့ပါသလဲ။ ဘယ်ကံရဲ့အကျိုးကြောင့် ဂင်္ဂါ မြစ်ရေဟာ သင့်အတွက် သွေးဖြစ်ရပါသလဲ။

ပြိတ္တာမ။ ။ အရှင်ဘုရား၊ တပည့်တော်ရဲ့ ဥတ္တရမည်တဲ့ သားဟာ သဒ္ဓါတရားရှိတဲ့ ဥပါသကာ ဖြစ်ခဲ့ပါ တယ်။ အဲဒီသားက တပည့်တော် အလိုမရှိဘဲ ရဟန်းတွေအား သင်္ကန်း၊ ဆွမ်း၊ ဆေး၊ ကျောင်း တွေကို လှူခဲ့ပါတယ်။ အဲဒီပေးလှူတဲ့သားကို တပည့်တော်က ဝန်တိုမှုနှိပ်စက်ခံရလို့ ဆဲရေး ရေရွတ် ကြိမ်းမောင်းမိပါတယ်။

'ဥတ္တရ၊ သင်ဟာ ငါအလိုမရှိဘဲ သင်္ကန်း၊ ဆွမ်း၊ ဆေး၊ ကျောင်းတွေကို ရဟန်းတွေအား

http://www.dhammadownload.com



ပေးလှူဘိတယ်၊ အဲဒီလှူဖွယ်ဟာ သင့်အတွက် နောက်ဘဝမှာ သွေးဖြစ်ပါစေသတည်း'လို့ ဆဲရေး ရေရွတ် ကြိမ်းမောင်းမိပါတယ်။ အဲဒီမကောင်းမှုကံ ရဲ့အကျိုးကြောင့် ဂင်္ဂါမြစ်ရေဟာ တပည့်တော် အတွက် သွေးဖြစ်နေပါတော့တယ်။

အဲဒီအခါ အရှင်ရေဝတက အဲဒီပြိတ္တာမကို ရည်စူး ပြီး ရဟန်းအပေါင်းအား သောက်ရေကို လှူဒါန်းပါတယ်။ ဆွမ်းခံလှည့်လည်ပြီး ဆွမ်းကိုယူကာ ရဟန်းတွေအား လှူ ပါတယ်။ အမှိုက်ပုံစသည်တွေမှ ပံ့သကူအဝတ်ကို ယူပြီး ဖွပ်လျှော်ကာ ဘုံလျှိုနဲ့မြေအခင်းပြုလုပ်ပြီး ရဟန်းတွေအား လှူတယ်။ အဲဒီအလှူကြောင့် အဲဒီပြိတ္တာမမှာ နတ်စည်းစိမ် တွေ ဖြစ်ပေါ်လာကြတယ်။ အဲဒီပြိတ္တာမက မထေရ်ထံ သွား ပြီး သူမရရှိထားတဲ့ နတ်စည်းစိမ်ကို မထေရ်အား ပြတယ်။ မထေရ်က အဲဒီဖြစ်ပုံကို သူ့ထံလာကြတဲ့ ပရိသတ် ၄ ပါး အား ထင်ရှားပြပြီး တရားစကားဟောပြောတယ်။ ဒါကြောင့် လူအများဟာ သံဝေဂဖြစ်ပြီး နှမြောမှုအညစ်အကြေး ကင်းကာ ဒါန၊ သီလစတဲ့ ကုသိုလ်တရားတွေမှာ မွေ့လျော်သွားကြ တယ်။ (ပေတဝတ္ထု၊ ဋ္ဌ၊ ၁၃၁)

နှမြောမှု၊ နှုတ်မစောင့်စည်းမှုတွေဟာ ဒုက္ခကောင်း ကောင်းကြီး ပေးတတ်ကြောင်းကို ဒီဇာတ်လမ်းအရ သိရပါ တယ်။ ဒီပြိတ္တာမလို ဒုက္ခမရောက်ချင်ရင် နှမြောတာကို ဖယ်ရှားရပါမယ်။ နှုတ်စောင့်စည်းကြရပါမယ်။ အရှင်ရေဝတ

http://www.dhammadownload.com



သာ မကယ်တင်ရင် ဒီပြိတ္တာမဟာ ရေငတ်မှုဒဏ်ကို ဆက်လက်ခံရဖွယ်ရှိပါတယ်။ အရှင်ရေဝတဆိုတဲ့ သူတော်ကောင်းကို အမှီပြုရတဲ့အတွက် ပြိတ္တာမခမျာ ဆင်းရဲတွင်းထဲမှ ရုန်းထွက်နိုင်ခဲ့ပါတယ်။ သူတော်ကောင်းကို မှီခိုရတာဟာ အကျိုးကြီးမားလှပါပေတယ်။

http://www.dhammadownload.com

# တံငါသည့်ရဲ့သား သူတော်ကောင်းလေး

ရှေးအခါက ဗာရာဏသီပြည်မှာ ကိတဝမည်တဲ့မင်းရဲ့ သား ဟာ ဥယျာဉ်မှာ ပျော်ပါးပြီး ပြန်လာတဲ့အခါ သုနေတ္တမည်တဲ့ ပစ္စေကဗုဒ္ဓါ ဆွမ်းခံလှည့်လည်ကာ မြို့မှထွက်လာတာကို မြင်သွားတယ်။ အစိုးရမှုမာန်နဲ့ မာန်ယစ်နေလို့ 'ဒီကတုံးစုတ်က ဘာကြောင့် ငါ့ကို လက်အုပ်မချီဘဲ သွားရတာလဲ'လို့ စိတ်ဆိုးပြီး ဆင်ကျောပေါ်ကဆင်းကာ 'ဘယ်လိုပါလဲ၊ သင်ဟာ ဆွမ်းကို ရခဲ့ပါသလား'လို့ မေးတယ်။ လက်မှ သပိတ်ကိုယူကာ မြေကြီးပေါ် ပေါက်ခွဲပစ်တယ်။ အဲဒီအခါ ပစ္စေကဗုဒ္ဓါက အရာရာမှာ မတုန်လှုပ်လို့ ဖောက်ပြန်မှုမရှိ။ သနားမှုကရုဏာ ပုံ့နှံ့ကာ ဝမ်းသာမှုကျရောက်ပြီး ကြည်လင်တဲ့စိတ်နဲ့ပဲ ကြည့်နေတယ်။ စိတ်မဆိုးသင့်ရာမှာ စိတ်ဆိုးတဲ့ အဲဒီမင်းသားက 'ငါ ကိတဝမင်းရဲ့သားဆိုတာ သင်မသိဘူး လား၊ သင်က ကြည့်ပြီး ငါ့ကို ဘာလုပ်မှာလဲ'လို့ ပြောကာ ပြောင်လှောင်ရင်း ဖဲသွားတယ်။

မင်းသားဖဲသွားခါမျှမှာပဲ မင်းသားမှာ ငရဲမီးအပူနဲ့တူ တဲ့ အကြီးအကျယ်ခန္ဓာကိုယ် ပူလောင်မှုဖြစ်တယ်။ မင်းသား ဟာ အဲဒီပူလောင်မှုကြီးနဲ့ ခန္ဓာကိုယ်ပူလောင်ကာ အပြင်း အထန် ဒုက္ခဝေဒနာနှိပ်စက်ခံရပြီး သေကာ အဝီစိငရဲကြီးမှာ

http://www.dhammadownload.com



ဖြစ်တယ်။ သူက အဝီစိငရဲကြီးမှာ ဘယ် ညာ နံပါးနဲ့ တစ်မျိုး၊ ပက်လက်တစ်ဖုံ၊ မှောက်လျက်တစ်နည်းနဲ့ နည်းပေါင်းများစွာနဲ့ လူးလိမ့်ကာ နှစ်ပေါင်း ၈ သောင်း ၄ ထောင်တို့ပတ်လုံး ကျက်ရတယ်။ အဲဒီငရဲက စုတေပြီး ပြိတ္တာဘုံတွေမှာ အတိုင်းအတာမရှိတဲ့ကာလပတ်လုံး ဆာလောင်မွတ်သိပ်မှုစတဲ့ ဆင်းရဲကို ခံစားရတယ်။ အဲဒီဘဝက စုတေပြီး ဒီဂေါတမဘုရားရှင် ပွင့်တော်မူတဲ့အခါ ကုဏ္ဍိမြို့ရဲ့အနီးက တံငါရွာမှာဖြစ်တယ်။ သူ့မှာ အရင်ဘဝတွေကို ပြန်အမှတ်ရတဲ့ဉာဏ် ဖြစ်ပေါ်တယ်။ သူဟာ အဲဒီဉာဏ်နဲ့ ရှေးဘဝတွေက သူခံစားခဲ့ရတဲ့ ဆင်းရဲကို အဖန်ဖန်အမှတ်ရပြီး အရွယ်ရောက်လာပေမယ့် မကောင်းမှုကို ကြောက်လို့ ဆွေမျိုးတွေနဲ့အတူတောင်မှ ငါးဖမ်းဖို့ မသွား။

အဲဒီဆွေမျိုးတွေ သွားကြတဲ့အခါ ငါးတွေကို မသတ်လိုလို့ ပုန်းကွယ်နေတယ်။ သွားပြန်တော့လည်း ပိုက်ကွန်ကို ဖောက်ခွဲတယ်၊ အသက်ရှင်နေတဲ့ငါးတွေကိုလည်း ဖမ်းပြီး ရေထဲလွှတ်တယ်။ သူ့ရဲ့အဲဒီအမှုအရာကို မနှစ်သက်ကြတဲ့ ဆွေမျိုးတွေက အိမ်မှ သူ့ကိုဆွဲထုတ်ကြတယ်။ သူ့ရဲ့အစ်ကိုတစ်ယောက်ကတော့ မေတ္တာစိတ်ထားရှိတယ်။ အဲဒီအခါမှာ အရှင်အာနန္ဒာက ကုဏ္ဍိမြို့ကို အမှီပြုပြီး သာဏတောင်မှာ နေတယ်။ အဲဒီအခါ အဲဒီတံငါသည်သားက ဆွေမျိုးတွေ စွန့်ပစ်ခံရလို့ ဟိုဟိုဒီဒီလျှောက်သွားရင်း အဲဒီအရပ်ကို ရောက်တယ်။ ဆွမ်းစားချိန်မှာ မထေရ်ထံ ချဉ်းကပ်တယ်။ မထေရ်က

http://www.dhammadownload.com



သူ့ကိုမေးပြီး စားဖွယ်အလိုရှိတာကို သိလို့ သူ့အား ထမင်းပေးတယ်။ ဆွမ်းကိစ္စပြုပြီး အဲဒီဖြစ်ပုံအားလုံးကို သိကာ တရားစကားကြောင့် စိတ်ကြည်နေတာကို သိလို့ 'ဒကာ သင်ဟာ ရှင်ဝတ်မလား'လို့ မေးတဲ့အခါ 'မှန်ပါ၊ ရှင်ဝတ်ပါမယ်ဘုရား' လို့ လျှောက်တယ်။ မထေရ်က သူ့ကိုရှင်ဝတ်ပေးပြီး သူနဲ့အတူ ဘုရားရှင်ထံ သွားတယ်။

အဲဒီအခါ အရှင်အာနန္ဒာကို ဘုရားရှင်က 'အာနန္ဒာ၊ သင်ဟာ ဒီကိုရင်ကို သနားတယ်မဟုတ်လား'လို့ ပြောတယ်။ အဲဒီကိုရင်ကလည်း ကုသိုလ်မပြုခဲ့လို့ လာဘ်လာဘနည်းပါးတယ်။ အဲဒီအခါ အဲဒီကိုရင်ကို ဘုရားရှင်က ချီးမြှောက်လိုလို့ ရဟန်းတွေရဲ့ အသုံးအဆောင်အကျိုးငှာ သောက်ရေအိုးတွေကို ဖြည့်ပေးဖို့ တိုက်တွန်းတယ်။ အဲဒီကိုရင်ကို မြင်ရပြီး ဥပါသကာတွေက သူ့အတွက် အမြဲဆွမ်းများစွာကို ဖြစ်စေကြပါတယ်။ အဲဒီကိုရင်ဟာ နောင်အခါမှာ ရဟန်းဖြစ်ပြီး ရဟန္တာဖြစ်တယ်။ မထေရ်ဖြစ်ကာ ရဟန်း ၁၂ ပါးနဲ့အတူ သာဏတောင်မှာ နေပါတယ်။ သူ့ဆွေမျိုးတွေကတော့ ၅၀၀ လောက်ရှိတယ်။ ကုသိုလ်ကံကို မဆည်းပူးကြ၊ နှမြောမှုစတဲ့ မကောင်းမှုတွေကို ဆည်းပူးထားကြတယ်။ သေပြီး ပြိတ္တာဘုံတွေမှာ ဖြစ်ကြတယ်။ သူ့မိဘတွေကတော့ 'အဲဒီသားကို ငါတို့က ရှေးဘဝက အိမ်က နှင်ထုတ်ခဲ့ကြတယ်'လို့ ရှက်ကာ အဲဒီသားမထေရ်ထံ မချဉ်းကပ်ဘဲ အဲဒီမထေရ်အပေါ် သံယောဇဉ်ရှိတဲ့ အစ်ကိုကို စေလွှတ်ကြတယ်။ အဲဒီအစ်ကိုက

http://www.dhammadownload.com



မထေရ် ရွာထဲဆွမ်းခံဝင်လာတဲ့အခါ လက်ယာ ပုဆစ်ဒူးဝန်းကို မြေကြီးပေါ် တည်စေပြီး လက်အုပ်ချီကာ သူ့ကိုယ်ကို ပြပါတယ်။

သံဂါယနာတင် မထေရ်တွေက အောက်ပါအတိုင်း မှတ်တမ်းတင်ခဲ့ကြပါတယ်။

မထေရ်ဟာ ကုဏ္ဍိမြို့သားဖြစ်တယ်။ အရိယာမဂ်ဘာဝနာနဲ့ သဒ္ဓါစတဲ့ဣန္ဒြေတွေကို ပွားများထားတဲ့ ရဟန္တာဖြစ်တယ်။ မကောင်းမှုတွေ ငြိမ်းနေတယ်။ နာမည်က ပေါဋ္ဌပါဒ ဖြစ်တယ်။ သာဏတောင်မှာ နေတယ်။ အဲဒီသာဏဝါသီမထေရ်ရဲ့ မိဘနဲ့အစ်ကိုက မကောင်းမှုကို ပြုလုပ်ခဲ့ကြလို့ ဘဝဆိုးကိုရောက်နေကြတယ်။ ယမမင်းနိုင်ငံ ပြိတ္တာဘုံကို ရောက်နေကြတယ်။ ဒီလူ့ဘုံမှ ပြိတ္တာဘုံကို ရောက်နေကြတယ်။

ဘဝဆိုးကို ရောက်နေကြတဲ့ အဲဒီပြိတ္တာတွေဟာ အပ်နဲ့ ထိုးဆွခံရသလို ဝေဒနာမှုရဲ့နှိပ်စက်ခံနေကြရတယ်။ ကိုယ်စိတ် ပင်ပန်းနေကြတယ်။ အဝတ်မပါကြ၊ ပိန်ချုံးနေကြတယ်။ ထိတ်လန့်ကြောက်ရွံ့နေကြတယ်။ ရှေးဘဝက သူတို့ပြုခဲ့တဲ့ကံကို အကြောင်းပြုပြီး အကြောက်အားကြီးနေကြတယ်။ ကြမ်းတမ်းတဲ့ မကောင်းမှုရှိကြတယ်။ ဒါကြောင့် သူတို့ကိုယ်ကို ထင်ရှားမပြဝံ့ကြ။

အဲဒီသာဏဝါသီမထေရ်ရဲ့အစ်ကိုဟာ အဝတ်မပါဘဲ ခြေတစ်ဖဝါးသွားရာရှိတဲ့ လမ်းကျဉ်းမှာ အဆောတလျင်

http://www.dhammadownload.com



တစ်ယောက်တည်း လေးဖက်ထောက်သွားကာ မထေရ်အား ကိုယ်ထင်ပြတယ်။ မထေရ်က 'ဒီသူက အဲဒီသူပဲ'လို့ နှလုံး မသွင်းမိလို့ စကားမပြောဘဲ လွန်သွားတယ်။ အဲဒီပြိတ္တာက လည်း မထေရ်ကို ဒီလိုသိစေပါတယ်။

'တပည့်တော်ဟာ အရှင်ဘုရားရဲ့အစ်ကိုပါ။ ပြိတ္တာ ဘဝ ရောက်နေပါတယ်။ အရှင်ဘုရား အရှင်ဘုရားရဲ့မိဘ တွေလည်း မကောင်းမှုကို ပြုလုပ်ခဲ့ကြလို့ ဘဝဆိုးကို ရောက် နေကြပါတယ်။ ယမမင်းနိုင်ငံပြိတ္တာဘုံကို ရောက်နေကြပါ တယ်။ ဒီလူ့ဘုံမှ ပြိတ္တာဘုံကို ရောက်နေကြပါတယ်။ ဘဝဆိုး ကို ရောက်နေကြတဲ့ အဲဒီမိဘတွေဟာ အပ်နဲ့ထိုးဆွခံရသလို တော် မွတ်မှုရဲ့ နှိပ်စက်ခံနေကြရပါတယ်။ ကိုယ်၊ စိတ်ပင်ပန်း နေကြပါတယ်။ အဝတ်မပါကြပါ၊ ပိန်ချုံးနေကြတယ်။ ထိတ် လန့်ကြောက်ရွံ့နေကြပါတယ်။ ရှေးဘဝက သူတို့ပြုခဲ့တဲ့ ကံကို အကြောင်းပြုပြီး အကြောက်အားကြီးနေကြပါတယ်။ ကြမ်းတမ်းတဲ့မကောင်းမှု ရှိကြပါတယ်။ ဒါကြောင့် သူတို့ ကိုယ်ကို ထင်စွာမပြဝံ့ကြပါ'

အရှင်ဘုရား၊ သနားတတ်တဲ့ အရှင်ဘုရားက သနား စောင့်ရှောက်ချီးမြှောက်တော်မူပါ။ တပည့်တော်တို့အတွက် ပေးလှူပြီး ကုသိုလ်အဖို့ကို ရည်ညွှန်းပေးဝေပါ။ ပေးလှူတဲ့ အလှူဒါနနဲ့ ကြမ်းတမ်းတဲ့ မကောင်းမှုရှိသူ မိဘတွေဟာ မျှတကြပါလိမ့်မယ်။

အဲဒီစကားကို ကြားရပြီး မထေရ်က သူ့ဆောင်ရွက်ပုံ ကို ဒီလိုပြောပြပါတယ်။

http://www.dhammadownload.com



သာဏာဝါသီမထေရ်ရော၊ အခြားရဟန်း ၁၂ ပါးပါ ဆွမ်းလှည့်လည်ပြီး ဆွမ်းကိစ္စအကြောင်းကြောင့် တစ်ပေါင်းတည်း စုဝေးကြပါတယ်။ သာဏာဝါသီမထေရ်က အဲဒီရဟန်းအားလုံးကို 'အရှင်ဘုရား၊ အရှင်ဘုရားတို့ ရသမျှဆွမ်းကို တပည့်တော်အား ပေးကြပါ။ ဆွေမျိုးတွေကို ချီးမြှောက်ဖို့ သံဃာအား ဆွမ်းလုပ်ကျွေးမှုကို တပည့်တော် ပြုလုပ်ပါမယ်' လို့ပြောတယ်။ ၁၂ ပါးသော ရဟန်းတွေက သာဏာဝါသီမထေရ်အား ရသမျှဆွမ်းကို လှူဒါန်းဆောင်နှင်းကြပါတယ်။ မထေရ်က သံဃာကိုပင့်ဖိတ်ပါတယ်။ မထေရ်က လှူပြီး 'ငါ့ရဲ့ဒီအလှူဟာ ဆွေမျိုးတွေအတွက် ဖြစ်ပါစေ၊ ဆွေမျိုးတွေဟာ ချမ်းသာကြပါစေ'လို့ မိဘနဲ့အစ်ကိုအား အလှူရဲ့အဖို့ကို ရည်ညွှန်းပေးဝေပါတယ်။ ရည်ညွှန်းပေးဝေပြီးတာရဲ့ အခြားမဲ့မှာ ပြိတ္တာတွေမှာ စင်ကြယ်မွန်မြတ်ပြီး အရသာနဲ့ ပြည့်စုံ၊ အရသာအမျိုးမျိုးရှိ ဟင်းတွေပါတဲ့ စားဖွယ်ဟာ ဖြစ်ပေါ်လာပါတယ်။ အဲဒီကနောက် အစ်ကိုက အဆင်းလှ၊ အားရှိ၊ ချမ်းသာကာ ကိုယ်ထင်ရှားပြတယ်။

'အရှင်ဘုရား၊ စားဖွယ်က များပြားလှပါတယ်။ ကြည့်ပါဦး၊ တပည့်တော်တို့ဟာ အဝတ်မဆီး အချည်းနှီး ဖြစ်နေကြပါသေးတယ်။ အရှင်ဘုရား၊ တပည့်တော်တို့ အဝတ်ရနိုင်လောက်တဲ့ နည်းနဲ့ ကြိုးစားပေးတော်မူပါ'

အစ်ကိုပြိတ္တာက အဲဒီလို သာဏာဝါသီမထေရ်ကို လျှောက်ထားပါတယ်။

http://www.dhammadownload.com



သာဏဝါသီမထေရ်ဟာ အမှိုက်ပုံမှ အနားပြတ်တဲ့ အဝတ်အပိုင်းအစတွေကို ရှာမှီးကောက်ယူပြီး ပုဆိုးကြမ်း သင်္ကန်းပြုလုပ်ကာ အရပ်လေးမျက်နှာက လာတဲ့ရဟန်း အပေါင်းအား ပေးလှူတယ်။ သာဏဝါသီမထေရ်ဟာ သင်္ကန်း ပေးလှူပြီး 'ငါရဲ့ဒီအလှူဟာ ဆွေမျိုးတွေအတွက် ဖြစ်ပါစေ၊ ဆွေမျိုးတွေ ချမ်းသာကြပါစေ'လို့ အမိအဖ အစ်ကိုအား အလှူရဲ့အဖို့ ရည်ညွှန်းပေးဝေတယ်။

ရည်ညွှန်းပေးဝေတာရဲ့ အခြားမဲ့မှာ ပြိတ္တာတွေမှာ အဝတ်တွေ ဖြစ်လာကြတယ်။ အဲဒီကနောက် အစ်ကိုပြိတ္တာ ဟာ အဝတ်ကောင်းကိုဝတ်လျက် မထေရ်အား သူ့ကိုယ်ကို ထင်ရှားပြတယ်။

'အရှင်ဘုရား၊ နန္ဒမင်းရဲ့တိုင်းနိုင်ငံမှာရှိတဲ့ အဝတ် ပုဆိုးတွေထက် တပည့်တော်တို့ရဲ့ အဝတ်ပုဆိုးတွေက ပိုများ ပါတယ်။ ပိုးကမ္ဗလာထည်၊ ခေါမထည်၊ ဝါချည်ထည်တွေ ဟာ အလျားအနံအားဖြင့်လည်း ကျယ်ပြန့်ကြပါတယ်။ အဖိုး များစွာလည်း ထိုက်ကြပါတယ်။ အဲဒီအဝတ်တွေကလည်း ကောင်းကင်မှာသာ တွဲရရွဲကျနေကြပါတယ်။ တပည့်တော်တို့ ဟာ စိတ်နှစ်သက်ရာရာအဝတ်ကို ဝတ်ဆင်ကြရပါတယ်။ အရှင်ဘုရား၊ တပည့်တော်တို့ အိမ်တွေကို ရနိုင်လောက်တဲ့ နည်းနဲ့ ကြိုးစားပေးတော်မူပါ'

အဲဒီလို အစ်ကိုပြိတ္တာက လျှောက်တယ်။

သာဏဝါသီမထေရ်ဟာ သစ်ရွက်မိုးကျောင်းတွေကို

http://www.dhammadownload.com



ဆောက်လုပ်ပြီး အရပ်လေးမျက်နှာကလာတဲ့ သံဃာအား ပေးလှူတယ်။ မထေရ်က ပေးလှူပြီး 'ငါ့ရဲ့ဒီအလှူဟာ ဆွေမျိုးတွေအတွက် ဖြစ်ပါစေ၊ ဆွေမျိုးတွေ ချမ်းသာကြပါစေ'လို့ အမိ၊ အဖ၊ အစ်ကိုအား အလှူရဲ့အဖို့ ရည်ညွှန်းပေးဝေတော်မူတယ်။ ရည်ညွှန်းပေးဝေတာရဲ့ အခြားမဲ့မှာ အဲဒီပြိတ္တာတွေမှာ ပုံစံတူ စုလစ်မွမ်းချွန် အထွတ်တပ်အိမ်တွေ ဖြစ်ပေါ်လာကြတယ်။

'ဒီပြိတ္တာဘုံက တပည့်တော်တို့အိမ်တွေလို အိမ်တွေဟာ လူ့ပြည်တွေမှာ မရှိကြပါ။ နတ်ပြည်တွေက အိမ်တွေလို ဖြစ်ကြပါတယ်။ တပည့်တော်တို့ရဲ့အိမ်တွေဟာ အရောင်နဲ့ ထွန်းပကာ ထက်ဝန်းကျင် အရပ်လေးမျက်နှာတွေကို တင့်တယ်စေကြပါတယ်။ အရှင်ဘုရား၊ တပည့်တော်တို့ သောက်ရေကို ရနိုင်လောက်တဲ့နည်းနဲ့ ကြိုးစားပေးတော်မူပါ'

အဲဒီလို အစ်ကိုပြိတ္တာက လျှောက်ထားပါတယ်။

မထေရ်ဟာ ဓမကရိုဏ်ရေစစ်ကို ရေနဲ့ပြည့်စေပြီး အရပ်လေးမျက်နှာက လာတဲ့သံဃာအား လှူတယ်။ မထေရ်က ပေးလှူပြီး 'ငါ့ရဲ့ ဒီအလှူဟာ ဆွေမျိုးတွေအတွက် ဖြစ်ပါစေ။ ဆွေမျိုးတွေ ချမ်းသာကြပါစေ'လို့ အမိ၊ အဖ၊ အစ်ကိုအား အလှူရဲ့အဖို့ကို ရည်ညွှန်းပေးဝေတယ်။ ရည်ညွှန်းပေးဝေတာရဲ့ အခြားမဲ့မှာ အဲဒီပြိတ္တာတွေမှာ သောက်ရေ ဖြစ်ပေါ်လာတယ်။ ရေကန်တွေဟာ ရေသန့်ပြီး သဲဖြူတွေ ဝန်းရံနေကြပါတယ်။ ဆိပ်ကမ်းကောင်း ရှိကြပါတယ်။ အေး

http://www.dhammadownload.com



မြတဲ့ ရေရှိကြပါတယ်။ မွေးပျံ့သင်းကြိုင်လှိုင်တဲ့ ရနံ့ရှိကြပါတယ်။ ကောင်းစွာဖန်ဆင်းအပ်ပါတယ်။ နက်ကြပါတယ်။ လေးထောင့်ရှိကြပါတယ်။ ပဒုမ္မာကြာ၊ ဥပ္ပလကြာတွေနဲ့ ဖုံးလွှမ်းထားပါတယ်။ ရေရဲ့အထက်မှာ ကြာဝတ်ဆံတွေနဲ့ ဖုံးလွှမ်းလျက် ပြည့်နှက်နေကြပါတယ်။

အဲဒီပြိတ္တာတွေဟာ အဲဒီရေကန်မှာ ချိုးသောက်ပြီး မထေရ်အား ကိုယ်ထင်ပြကြပါတယ်။

'အရှင်ဘုရား သောက်ရေက များပြားလှပါပြီ။ တပည့်တော်တို့ရဲ့ ခြေတွေဟာ ကျင်နာကြပါတယ်။ ပြတ်ကွဲကြပါတယ်။ ကျောက်စရစ်ရှိ၊ သမန်းမြက်၊ ဆူး၊ ခြောင့်ရှိရာ အရပ်မှာ လှည့်လည်နေကြရတဲ့ တပည့်တော်တို့ဟာ ခြေခွင်ကာ သွားကြပါတယ်။ အရှင်ဘုရား၊ တပည့်တော်တို့ ယာဉ်ကို ရနိုင်လောက်တဲ့နည်းနဲ့ ကြိုးစားပေးတော်မူပါ'

အဲဒီလိုလျှောက်ကြပါတယ်။

မထေရ်က တစ်လွှာတစ်ထပ်ရှိတဲ့ ဖိနပ်ကို ရပြီး အရပ်လေးမျက်နှာက လာတဲ့ ရဟန်းအပေါင်းအား ပေးလှူတယ်။ ပေးလှူပြီး 'ငါရဲ့ဒီအလှူဟာ ဆွေမျိုးတွေအတွက် ဖြစ်ပါစေ၊ ဆွေမျိုးတွေ ချမ်းသာကြပါစေ'လို့ အမိ အဖ အစ်ကိုအား အလှူရဲ့အဖို့ကို ရည်ညွှန်းပေးဝေတယ်။ ပေးဝေတာရဲ့ အခြားမဲ့မှာ မထေရ်ရဲ့ ဆွေမျိုးပြိတ္တာတွေက ရထားနဲ့ မထေရ်ထံ လာကြပါတယ်။

'အရှင်ဘုရား၊ ထမင်းလှူမှု၊ အဝတ်လှူမှု၊ အိမ်လှူမှု၊

http://www.dhammadownload.com



သောက်ရေလှူမှု၊ ယာဉ် (ဖိနပ်) လှူမှု၊ (ယာဉ်လှူမှုနဲ့ ပစ္စည်းလေးပါးလှူမှု) နှစ်ပါးစုံနဲ့ အရှင်ဘုရားဟာ တပည့်တော်တို့ကို သနားချီးမြှောက်ပါပေတယ်။ အရှင်ဘုရား၊ လောကမှာ ကရုဏာရှိတဲ့ရဟန်းလို တပည့်တော်တို့လာခဲ့ကြပါတယ်'

အဲဒီလို လျှောက်ကြပါတယ်။

မထေရ်က အဲဒီဖြစ်ပုံကို ဘုရားရှင်အား လျှောက်ပြပါတယ်။ ဘုရားရှင်က အဲဒီအကြောင်းကို အကြောင်းပြုပြီး 'အခု ဒီပြိတ္တာတွေလိုပဲ သင်လည်း ဒီဘဝက အခြားမဲ့ဘဝမှာ ပြိတ္တာဖြစ်ပြီး ဆင်းရဲအကြီးအကျယ် ခံစားခဲ့ရတယ်'လို့ မိန့်ကာ မထေရ်က တောင်းပန်လို့ သုတ္တပေတဝတ္ထုကို ဟောပြတယ်။ ရောက်လာတဲ့ပရိသတ်အား တရားဟောတယ်။ အဲဒီတရားကို ကြားနာရပြီး လူအများက သံဝေဂဖြစ်ကြတယ်။ ဒါန၊ သီလ စတဲ့ကောင်းမှုတွေမှာ မွေ့လျော်သွားကြတယ်။

(ပေတဝတ္ထု၊ ဌ၊ ၁၆၄)

တံငါသည်သားလေးသာ အတိတ်ဘဝကို ပြန်ပြီး အမှတ်မရခဲ့ရင် ဒီလိုသူတော်ကောင်းစိတ် သူ့မှာ မဖြစ်ပေါ်နိုင်ရာပါ။ သူတော်ကောင်းစိတ်ဝင်ပြီး ဘုရားရှင်နဲ့ အရှင်အာနန္ဒာဆိုတဲ့ သူတော်ကောင်းကြီးတွေကို တွေ့လိုက်ရတော့ တကယ့်သူတော်ကောင်းကြီး ဖြစ်သွားပါတယ်။ မိဘ၊ အစ်ကိုတွေပါ သူ့ကိုမှီပြီး ချမ်းသာရာ ရသွားကြပါတယ်။ သူတော်ကောင်းတွေနဲ့ ပေါင်းသင်းရတာဟာ ချမ်းသာဖို့ရာ ဖြစ်ပါပေစွ။

http://www.dhammadownload.com

# သမီးနဲ့ အဇေပြိတ္တာ

သာဝတ္ထိမြို့က သူကြွယ်တစ်ဦးဟာ ဥစ္စာတွေ ကုန်ခန်းသွားတယ်။ သူ့မယားက သေသွားတယ်။ သမီးတစ်ယောက်တည်းပဲ ရှိတယ်။ သူကြွယ်က အဲဒီသမီးကို သူ့မိတ်ဆွေအိမ်မှာ ထားပြီး အကြွေးယူထားတဲ့ အသပြာတစ်ရာနဲ့ ကုန်သည်အပေါင်းနဲ့အတူ ကုန်သွယ်ဖို့ရာ သွားတယ်။ မကြာခင်ပဲ အရင်းနဲ့တကွ အတိုးဖြစ်တဲ့ ကျပ် ၅၀၀ ကို ရပြီး ကုန်သည်အပေါင်းနဲ့အတူ ပြန်လာခဲ့တယ်။ လမ်းခရီးအကြားမှာ သူခိုးတွေက သူပုန်ထပြီး ကုန်သည်အပေါင်းနောက် လိုက်ကြတယ်။ ကုန်သည်တွေက ဟိုဟိုဒီဒီ ထွက်ပြေးကြတယ်။ အဲဒီသူကြွယ်ကတော့ ချုံတစ်ချုံမှာ အသပြာတွေကို ထားခဲ့ပြီး အနီးမှာပုန်းကွယ်နေတယ်။ သူခိုးက သူကြွယ်ကို ဖမ်းယူပြီး သတ်ပစ်ကြတယ်။ အဲဒီသူကြွယ်ဟာ အဲဒီနေရာမှာပဲ ဥစ္စာလောဘကြောင့် ပြိတ္တာဖြစ်နေတယ်။

ကုန်သည်တွေက သာဝတ္ထိကိုသွားပြီး အဲဒီသူကြွယ်ရဲ့ သမီးအား အဲဒီဖြစ်ပုံကို ပြောပြကြတယ်။ အဲဒီသမီးဟာ ဖခင်သေသွားလို့ရော အသက်မွေးရမှာ ကြောက်လို့ပါ အလွန်အကဲ ဝမ်းနည်းကာ အကြီးအကျယ် ငိုကြွေးတယ်။ အဲဒီအခါ အဲဒီသမီးကို ဖခင်ရဲ့သူငယ်ချင်း အဲဒီသူကြွယ်က နှစ်သိမ့်စကား ပြောပါတယ်။

'အိုးအစိမ်းအားလုံးဟာ ကွဲခြင်းအဆုံးရှိတယ်။ အဲဒီလို

http://www.dhammadownload.com



ပါပဲ၊ သတ္တဝါတွေရဲ့အသက်ဟာ သေခြင်းအဆုံးရှိတယ်၊ သေခြင်းဆိုတာ သတ္တဝါအားလုံးနဲ့သက်ဆိုင်တယ်။ ကာကွယ်လို့မရ၊ ဒါကြောင့် သင်ဟာ ဖခင်အပေါ် အပြင်းအထန်ဝမ်းမနည်းပါနဲ့၊ မငိုကြွေးပါနဲ့၊ ငါဟာ သင်ရဲ့ဖခင်ပဲ။ သင်ဟာ ငါရဲ့သမီးပဲ။ ငါဟာ သင့်ဖခင်ရဲ့ကိစ္စကို ပြုလုပ်မယ်။ သင်ဟာ ဖခင့်အိမ်မှာလို ဒီအိမ်မှာ အားမငယ်ဘဲ ပျော်ပျော်နေပါ'

အဲဒီသမီးဟာ အဲဒီသူကြွယ်ရဲ့စကားနဲ့ သောကငြိမ်းသွားကာ ဖခင်အပေါ်မှာလို အဲဒီသူကြွယ်အပေါ် ရိုသေမှု၊ များစွာမြတ်နိုးမှု ထားတယ်။ သူမက အထိးကျန်ဖြစ်လို့ အဲဒီသူကြွယ်ရဲ့ ဝေယျာဝစ္စကို လုပ်ပေးတယ်။ ဖခင်ကိုရည်စူးပြီး သေသူအတွက်ကိစ္စကို ပြုလုပ်လိုလို့ ယာဂုကို ကျိုတယ်။ ဆေးဒန်းမြင်းသီလာအဆင်းရှိ ကောင်းကောင်းမှည့်တဲ့ သရက်သီးချိုတွေကို ကြေးခွက်မှာထားတယ်။ ယာဂု၊ သရက်သီးတွေကို ကျွန်မတွေကို အယူခိုင်းပြီး ကျောင်းသွား၊ ဘုရားရှင်ကိုရှိခိုးကာ ဒီလိုလျှောက်ထားတယ်။

'ဘုရားရှင်ဟာ တပည့်တော်ရဲ့အလှူကို ခံယူမှုနဲ့ ချီးမြှောက်တော်မူပါ'

ဘုရားရှင်ဟာ မဟာကရုဏာက တိုက်တွန်းလို့ သူမရဲ့အလိုဆန္ဒကို ဖြည့်တဲ့အနေနဲ့ ထိုင်မယ့်အမူအရာကို ပြတယ်။ သူမက အားရကျေနပ်ကာ ခင်းထားတဲ့ဘုရားရှင့် နေရာမြတ်မှာ သူမကိုယ်တိုင် ကပ်လှူတဲ့ အလွန်ဖြူစင်တဲ့အဝတ်ကို

http://www.dhammadownload.com



ခင်းပြီး ပေးတယ်။ ဘုရားရှင်က ခင်းထားတဲ့နေရာမှာ ထိုင်တယ်။ အဲဒီအခါ သူမက ဘုရားရှင်အား ယာဂုဆက်ကပ်တယ်။ ဘုရားရှင်က ယာဂုကို ခံယူတော်မူတယ်။ အဲဒီအခါ သံဃာကို ရည်စူးပြီး ရဟန်းတွေအားလည်း ယာဂုကိုလှူကာ တစ်ဖန် လက်ဆေးပြီး သရက်သီးတွေကို ဘုရားရှင်အား ဆက်ကပ်တယ်။ ဘုရားရှင်က အဲဒီသရက်သီးတွေကို ဘုဉ်းပေးတော်မူတယ်။ သူမက ဘုရားရှင်ကို ရှိခိုးပြီး ဒီလိုလျှောက်တယ်။

'မြတ်စွာဘုရား၊ တပည့်တော်ရဲ့ အခင်း၊ ယာဂု၊ သရက်သီးတွေကို လှူရတဲ့အလှူဟာ တပည့်တော်ရဲ့ဖခင်ထံ ရောက်ပါစေ'

ဘုရားရှင်က 'အဲဒီအတိုင်း ဖြစ်ပါစေ'လို့ ပြောကာ အနုမောဒနာပြုပါတယ်။ သူမက ဘုရားရှင်ကို ရှိခိုး အရိုအသေပြုပြီး ဖဲသွားတယ်။ အဲဒီအလှူကို မျှဝေကာမှုမှာ အဲဒီပြိတ္တာဟာ သရက်တော၊ ဥယျာဉ်၊ ဗိမာန်၊ ပဒေသာပင်၊ ရေကန်တွေကိုရော ကြီးကျယ်တဲ့နတ်စည်းစိမ်ကိုပါ ရတယ်။ အဲဒီကုန်သည်တွေဟာ နောင်အခါမှာ ကုန်သွယ်ဖို့ သွားကြတဲ့အခါ အဲဒီလမ်းကိုပဲ သွားကြတယ်။ ရှေးက နေခဲ့တဲ့နေရာမှာ တစ်ညနေခဲ့ကြပါတယ်။ အဲဒီကုန်သည်တွေကို မြင်ရပြီး အဲဒီဗိမာန်ပြိတ္တာက ဥယျာဉ်၊ ဗိမာန်စသည်တွေနဲ့အတူ အဲဒီကုန်သည်တွေအား သူ့ကိုယ်ကိုပြပါတယ်။ အဲဒီကုန်သည်တွေ

http://www.dhammadownload.com



က အဲဒီပြိတ္တာကို မြင်ရပြီး ပြိတ္တာရတဲ့စည်းစိမ်ကို မေးကြပါတယ်။

'သင်ရဲ့ဒီရေကန်ဟာ အလွန်မွေ့လျော်ဖွယ်ရှိတယ်။ ညီညွတ်တဲ့အပြင်လည်း ရှိတယ်။ ဆိပ်ကမ်းကောင်းလည်း ရှိတယ်။ ရေလည်း များတယ်။ ကောင်းစွာပွင့်တဲ့ပန်းလည်း ရှိတယ်။ ပျားပိတုန်းအပေါင်းနဲ့လည်း ရောပြွမ်းနေတယ်။ သင်ဟာ နှစ်သက်ဖွယ်ဒီရေကန်ကို ဘာကြောင့်ရပါသလဲ'

'သင်ရဲ့ ဒီသရက်ဥယျာဉ်ဟာ အလွန်မွေ့လျော်ဖွယ်ကောင်းတယ်။ အပွင့်ပွင့်တဲ့ သစ်ပင်၊ အသီးသီးတဲ့ သစ်ပင်စသည်တွေနဲ့ ဥတုသုံးပါးလုံးမှာ ချမ်းသာကို ဆောင်ပေးတယ်။ အသီးတွေကို ဆောင်ထားတယ်။ အမြဲကောင်းကောင်းပွင့်တယ်။ ပျားပိတုန်းအပေါင်းနဲ့ ရောပြွမ်းတယ်။ ဒီဗိမာန်ကို သင်ဟာ ဘာကြောင့်ရပါသလဲ'

အဲဒီစကားကို ကြားရပြီး ပြိတ္တာက ရေကန်စသည်တွေကို ရခြင်းရဲ့အကြောင်းကို ပြောပြပါတယ်။

'ကုန်သည်အပေါင်းတို့၊ ငါ့ရဲ့သမီးက ငါ့ကို ရည်စူးပြီး သရက်သီးမှည့်၊ ရေ၊ ယာဂုကို ဘုရားရှင်နဲ့ ရဟန်းအပေါင်းအား လှူဒါန်းပါတယ်။ သမီးရဲ့ အဲဒီအလှူကြောင့် ဒီနတ်သရက်ဥယျာဉ်မှာ ဥတုသုံးပါးလုံး သရက်သီးမှည့်ကို စိတ်ကြည်နူးဖွယ် နတ်ရေကန်မှာ နတ်ရေကို၊ ယာဂု၊ အခင်းကို လှူခဲ့လို့ ဥယျာဉ်၊ ဗိမာန်၊ ပဒေသာပင်စသည်တွေမှာ စိတ်ပျော်မွေ့ဖွယ် အေးမြတဲ့အရိပ်ကို ငါရပါတယ်'

http://www.dhammadownload.com



အဲဒီလိုပြောပြီး အဲဒီပြိတ္တာက အဲဒီကုန်သည်တွေကို ခေါ်ဆောင်သွားကာ အဲဒီအသပြာ ၅၀၀ ကို ပြတယ်။ ဒီ ၅၀၀ ထဲက တစ်ဝက်ကို သင်တို့ယူကြ။ တစ်ဝက်ကို ငါ ယူထားခဲ့တဲ့ ကြွေးပေးပြီး ချမ်းချမ်းသာသာ အသက်မွေးပါ' လို့ ပြောကာ ငါ့သမီးအား ပေးလိုက်ကြပါလို့ ပြောတယ်။ ကုန်သည်တွေက အစဉ်အတိုင်း သာဝတ္ထိမြို့ကို ရောက်ကာ အဲဒီပြိတ္တာရဲ့သမီးအား ပြောပြကြတယ်။ အဲဒီပြိတ္တာက ကုန်သည်တွေအား ပေးတဲ့ဝေစုကိုလည်း အဲဒီသမီးအားပဲ ပေးကြတယ်။ အဲဒီသမီးက အသပြာတစ်ရာကို ကြွေးရှင်တွေအား ပေးပြီး ကျန်တာကို သူမဖခင်ရဲ့ သူငယ်ချင်း အဲဒီသူကြွယ်အား ပေးကာ ကိုယ်တိုင် ဝေယျာဝစ္စကို လုပ်လျက်နေတယ်။ အဲဒီ သူကြွယ်က 'ဒီဥစ္စာအားလုံးဟာ သင့်အတွက်ပဲ ဖြစ်ပါစေ'လို့ ပြောကာ အဲဒီသမီးအားပဲ ပြန်ပေးပြီး သူမကို သူ့သားကြီးရဲ့ ဇနီးအဖြစ် ပြုလုပ်ပေးလိုက်တယ်။

သူမက အချိန်ကြာလာတဲ့အခါ သားတစ်ယောက်ကို ရပြီး ပြောပြပါတယ်။

'အလှူပေးလှူ၊ ဣန္ဒြေတွေကို ဆုံးမမှု၊ သီလစောင့်ထိန်းမှုတွေရဲ့ အကျိုးကို (ကုသိုလ်ကံဟာ ဒီလိုပဲ ဒီဘဝမှာ အကျိုးခံစားရတယ်လို့) ကြည့်ရှုကြပါ။ ကျွန်မဟာ အရင်က အရှင်သခင့်အိမ်တွေမှာ ကျွန်မဖြစ်ပြီး ယခုအခါ အိမ်ကို အစိုးရတဲ့ ချွေးမဖြစ်နေပါတယ်'

တစ်နေ့မှာ ဘုရားရှင်က သူမရဲ့ဉာဏ်ရင့်ကျက်တာကို

http://www.dhammadownload.com



ကြည့်ပြီး အရောင်ကိုဖြန့်ကာ မျက်မှောက်မှာ ရပ်တည်နေသလို ကိုယ်ထင်ရှားပြကာ မိန့်တော်မူပါတယ်။

'သာယာဖွယ်မဟုတ်တာက သာယာဖွယ်ဟန်ဆောင်ကာ၊ ချစ်ဖွယ်မဟုတ်တာက ချစ်ဖွယ်ဟန်ဆောင်ကာ၊ ဆင်းရဲက ချမ်းသာဟန်ဆောင်ကာ မေ့လျော့သူကို လွှမ်းမိုးနှိပ်စက်တယ်'

သူမဟာ အဲဒီတရားစကားအဆုံးမှာ သောတာပန်ဖြစ်သွားပါတယ်။ သူမဟာ ဒုတိယနေ့မှာ ဘုရားအမှူးရှိတဲ့ ရဟန်းအပေါင်းအား အလှူလှူပြီး အဲဒီဖြစ်ပုံကို ဘုရားရှင်အား လျှောက်ပြတယ်။ ဘုရားရှင်က အဲဒီအကြောင်းကို အကြောင်းပြုကာ ရောက်လာတဲ့ပရိသတ်အား တရားဟောပါတယ်။ အဲဒီတရားဒေသနာက လူများအတွက် အကျိုးရှိပါတယ်။ (ပေတဝတ္ထု၊ ဌ၊ ၂၅၆)

ပတ္တိဒါန၊ အမျှပေးဝေမှုနဲ့ ပတ္တာနုမောဒန၊ သာဓုခေါ်မှုတို့ရဲ့ အကျိုးသက်ရောက်မှုရှိပုံ အဖြစ်အပျက်အတော်စုံသွားပါပြီ။

http://www.dhammadownload.com

# လုယူသွားတယ်

အလှူရှင်ရဲ့ အမှုပေးဝေမှု၊ သေသွားသူရဲ့ သာဓုခေါ်မှုအပြင် အလှူခံပုဂ္ဂိုလ်ရဲ့ သီလရှိရမှုပါ လိုအပ်သေးပုံကို အောက်ပါ အဖြစ်အပျက်လေးနဲ့ သိနိုင်ပါတယ်။

ဝမှုမာနအရပ်မှာနေတဲ့ မုဆိုးဟာ သေသူကို ရည်စူး ပြီး အလှူ လှူတဲ့အခါ သီလမရှိတဲ့ ရဟန်းတစ်ပါးအားသာ ၃ ကြိမ်တိုင်တိုင် လှူတယ်။ ၃ ကြိမ်မြောက်မှာ ပြိတ္တာက 'သီလမရှိတဲ့ရဟန်းက ငါ့ကို (ငါ့အဖို့ဥစ္စာကို) လုယက်သွား တယ်'လို့ အော်ဟစ်ရှာတယ်။ သီလရှိတဲ့ရဟန်းတစ်ပါးအား လှူပြီး အမှုပေးဝေတဲ့အခါမှသာ အဲဒီပြိတ္တာထံ ရောက်သွား ပါတယ်။

သော ကိရ ပေတဒက္ခိဏံ ဒေန္တော ကေသု ဒုဿီလ ဿေဝ တယောဝါရေ အဒါသိ၊ တတိယဝါရေ အမနုဿော 'ဒုဿီလော မံ ဝိလုမ္ပတီ'တိ ဝိရဝိ၊ ကေသု သီလဝန္တဘိက္ခု နော ဒတွာ ပါပိတကာလေယေဝဿ ပါပုဏိ။

(ဥပရိပဏ်၊ ဋ္ဌ၊ ၂၂၇)

(အံ၊ ဋ္ဌ၊ ၃၊ ၃၂၀)

http://www.dhammadownload.com

# အမျှလိုချင်တဲ့ သိကြားမင်း

'အလှူတွေထဲမှာ တရားအလှူဟာ အမြတ်ဆုံး၊ အရသာတကာတွေထဲမှာ တရားအရသာဟာ အကောင်းဆုံး၊ အပျော်တကာတွေထဲမှာ တရားအပျော်ဟာ အကောင်းဆုံး၊ တဏှာကုန်ရာ အရဟတ္တဖိုလ်ဟာ ဒုက္ခအားလုံးကို အောင်နိုင်တယ်' ဆိုတဲ့ ဘုရားရှင်ရဲ့တရားစကားကို နာကြားပြီးတဲ့အခါ သိကြားမင်းက ဘုရားရှင်ကို ရှိခိုးပြီး 'မြတ်စွာဘုရား၊ ဒီလိုကြီးကဲတဲ့ ဓမ္မဒါန (တရားအလှူ) မှာ တပည့်တော်တို့ကို ဘာကြောင့် အမျှမပေးဝေစေပါသလဲ။ ဒီအချိန်ကစပြီး တပည့်တော်တို့အား အမျှပေးဝေဖို့ ရဟန်းအပေါင်းအား မိန့်ကြားပေးပါ'လို့ လျှောက်ထားပါတယ်။ ဘုရားရှင်က အဲဒီသိကြားမင်းရဲ့စကားကို ကြားရလို့ ရဟန်းအပေါင်းကို စုဝေးစေပြီး 'ရဟန်းတို့၊ ဒီနေ့ကစပြီး အောက်ထစ်ဆုံးအားဖြင့် အနုမောဒနာစကား (ဝမ်းမြောက်ဖွယ်စကား) ကိုတောင် ဟောပြောပြီးရင် သတ္တဝါအားလုံးအား အမျှပေးဝေကြ'လို့ မိန့်တော်မူပါတယ်။ (ဓမ္မပဒ၊ ဋ္ဌ၊ ၃၊ ၃၅၃)

ဪ၊ အမျှပေးဝေတာကို နတ်တွေလည်း လိုလားကြတာပါပဲလား။

http://www.dhammadownload.com

# နတ်တွေအား ပူဇော်ပသမှု

တစ်ချိန်မှာ ဘုရားရှင်ဟာ ဝေသာလီမြို့က သာရန္ဒဒနတ်ကွန်းမှာ သီတင်းသုံးတော်မူပါတယ်။ အဲဒီအခါ များစွာသော လိစ္ဆဝီတွေက ဘုရားရှင်ရှိရာကိုသွားပြီး ဘုရားရှင်ကို ရှိခိုးကာ သင့်တင့်ရာအရပ်မှာ ထိုင်ကြပါတယ်။ ထိုင်နေတဲ့ အဲဒီလိစ္ဆဝီတွေကို ဘုရားရှင်က မဆုတ်ယုတ်ကြောင်းတရား ၇ ပါးကို ဟောတော်မူပါတယ်။ အဲဒီ ၇ ပါးထဲမှာ နတ်တွေနဲ့ ပတ်သက်ပြီး ဟောထားတာ ပါပါတယ်။

'မြို့တွင်းမြို့ပြင်ရှိ ဝဇ္ဇီတိုင်းရဲ့ နတ်ကွန်း၊ နတ်နန်း၊ နတ်စင်၊ နတ်ရဲ့သစ်ပင်တွေကို ကောင်းစွာပြုကြ၊ လေးစားကြ၊ မြတ်နိုးကြ၊ ပူဇော်ကြသမျှကာလပတ်လုံး အဲဒီအရာတွေအား ရှေးက ပေးခဲ့၊ ပြုခဲ့တဲ့တရားနဲ့ယှဉ်တဲ့ ပူဇော်ပသမှုကို မယုတ်လျော့စေသမျှ ကာလပတ်လုံး ဝဇ္ဇီတိုင်းသားတွေမှာ ကြီးပွားသာ ကြီးပွားတယ်၊ မဆုတ်ယုတ်'

(အံ၊ ပါဠိ၊ ၃၊ ၄၀၈)

နတ်တွေအား တရားသဖြင့် ပူဇော်ပသမှုဆိုတာ သတ္တဝါတွေရဲ့ အသက်ကို သတ်ပြီး ယဇ်နတ်ပူဇော်တာမျိုးမဟုတ်ဘဲ နတ်တွေနေထိုင်ဖို့ရာ ရည်မှန်းပြီး နတ်ကွန်း၊

http://www.dhammadownload.com



နတ်နန်း၊ နတ်စင်ဆောက်ပေးမှု၊ နတ်တွေရဲ့ရုပ်တုကို ထုလုပ်ပူဇော်မှု၊ အဝတ်ပုဆိုးနဲ့ ပူဇော်မှု၊ အစားအသောက်တွေနဲ့ ပသမှု၊ ဆီမီး၊ ပန်းတွေနဲ့ ပူဇော်မှု၊ မိမိပြုလုပ်ထားတဲ့ ကုသိုလ်အဖို့ကို နတ်တွေအား အမျှပေးဝေမှုတွေပါပဲ။

နတ်တွေအား ရှေးအစဉ်အလာအတိုင်း (မိရိုးဖလာအတိုင်း) ပြုလုပ်ခဲ့တဲ့ ပူဇော်ပသမှုကို မပြုလုပ်ရင် နတ်တွေက ပြန်ပြီးစောင့်ရှောက်မှုကို မပြုကြ။ မဖြစ်သေးတဲ့ဒုက္ခဖြစ်စေခြင်းငှာ မစွမ်းနိုင်ကြပေမယ့်လည်း ကံစတဲ့အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာပြီးတဲ့ ချောင်းဆိုးမှု၊ ခေါင်းကိုက်မှုစတဲ့ ရောဂါကိုတော့ တိုးပွားအောင် ပြုလုပ်နိုင်ကြတယ်။ စစ်ပွဲဖြစ်ရင် အဖော်အဖြစ်နဲ့ မကူညီကြ။

ရှေးအစဉ်အလာအတိုင်း ပူဇော်ပသရင်တော့ သူတို့က ဘေးမဖြစ်အောင် စောင့်ရှောက်ကြတယ်။ မဖြစ်သေးတဲ့ ချမ်းသာကို ဖြစ်စေခြင်းငှာ မတတ်နိုင်ကြပေမယ့်လည်း ဖြစ်ပေါ်နေတဲ့ ချောင်းဆိုးမှု၊ ခေါင်းကိုက်မှုစတဲ့ ရောဂါကို ပယ်ဖျောက်နိုင်ကြတယ်။ ပျောက်အောင် စောင့်ရှောက်နိုင်ကြတယ်။ စစ်ပွဲမှာလည်း အဖော်အဖြစ်နဲ့ ကူညီနိုင်ကြတယ်။

အကျိုးပေးခွင့်မရသေးတဲ့ မကောင်းမှုကံနဲ့ အဲဒီကံရဲ့အကျိုးမှာ နတ်တွေနဲ့ စပ်တဲ့ဘေးရန်က မပါရောက်နိုင်ပါ။ အဲဒီမကောင်းမှုကံ အကျိုးပေးခွင့် ရတဲ့အခါမှာတော့ နတ်တွေနဲ့စပ်တဲ့ ဘေးရန်ပါဝင်လာနိုင်ပါတယ်။

http://www.dhammadownload.com



အဲဒီလိုပါပဲ၊ အကျိုးပေးခွင့်မရသေးတဲ့ ကုသိုလ်ကံနဲ့ အဲဒီကံရဲ့အကျိုးမှာ နတ်တွေနဲ့စပ်တဲ့ အကျိုးက မပါရောက်နိုင်ပါ။ ကုသိုလ်ကံအကျိုးပေးခွင့် ရတဲ့အခါမှာတော့ နတ်တွေနဲ့စပ်တဲ့အကျိုးလည်း ပါဝင်နိုင်ပါတယ်။

http://www.dhammadownload.com

# နတ်စောင့်ရှောက်ခံရသူ

မဂဓတိုင်းရဲ့ အမတ်ကြီးတွေဖြစ်တဲ့ သုနိဓနဲ့ ဝဿကာရတို့ဟာ ဝဇ္ဇီမင်းတွေရဲ့ အခွန်ဝင်လာရာလမ်းကြောင်းကို တားမြစ်ဖို့ရာ ပါဋ္ဌလိရွာကို မြို့ဖြစ်အောင် တည်ထောင်ကြပါတယ်။ များစွာသောနတ်တွေဟာ ပါဋ္ဌလိရွာမှာ အိမ်နေရာတွေကို သိမ်းပိုက်ကြပါတယ်။ တန်ခိုးကြီးတဲ့နတ်တွေ သိမ်းပိုက်တဲ့နေရာတွေမှာ တန်ခိုးကြီးတဲ့မင်းတွေ၊ မင်းရဲ့အမတ်ကြီးတွေရဲ့စိတ်တွေက နေအိမ်တွေကို ဆောက်လုပ်ဖို့ ညွတ်ကြပါတယ်။ နတ်တွေရဲ့တန်ခိုးကြောင့် အိမ်ရာမြေရဲ့အတတ်ပညာကို ရွတ်ဖတ်ပြောကြားကြတဲ့ ဆရာတွေရဲ့စိတ်တွေ ညွတ်ကြပါတယ်။ တန်ခိုးအားဖြင့် အလယ်အလတ်ဖြစ်တဲ့နတ်တွေ သိမ်းပိုက်တဲ့နေရာတွေမှာ တန်ခိုးအလယ်အလတ်ရှိတဲ့ မင်းတွေ၊ မင်းရဲ့အမတ်ကြီးတွေရဲ့ စိတ်တွေဟာ နေအိမ်တွေကို ဆောက်လုပ်ဖို့ ညွတ်ကြပါတယ်။ တန်ခိုးအားဖြင့် နိမ့်ကျတဲ့ နတ်တွေသိမ်းပိုက်တဲ့နေရာတွေမှာ တန်ခိုးနိမ့်ကျတဲ့ မင်းတွေ၊ မင်းရဲ့အမတ်ကြီးတွေရဲ့စိတ်တွေဟာ နေအိမ်တွေကို ဆောက်လုပ်ဖို့ ညွတ်ကြပါတယ်။

ဘုရားရှင်က အဲဒီအခြေအနေတွေကို ဒိဗ္ဗစက္ခုအဘိညာဉ်နဲ့ မြင်တော်မူပါတယ်။

http://www.dhammadownload.com



ဘုရားရှင်က အရှင်အာနန္ဒာကို မိန့်တော်မူပါတယ်။

'အာနန္ဒာ၊ ပါဋ္ဌလိရွာကို မြို့ဖြစ်အောင် တည်ထောင်နေကြသူတွေက ဘယ်သူတွေလဲ'

'မြတ်စွာဘုရား၊ မဂဓတိုင်းရဲ့ အမတ်ကြီးတွေဖြစ်တဲ့ သုနိဓနဲ့ ဝဿကာရတို့ဟာ ဝဇ္ဇီမင်းတွေရဲ့ အခွန်ဝင်လာရာ လမ်းကြောင်းကို တားမြစ်ဖို့ရာ ပါဋ္ဌလိရွာကို မြို့ဖြစ်အောင် တည်ထောင်နေကြပါတယ်'

သုနိဓနဲ့ ဝဿကာရတို့ဟာ ဘုရားရှင်ရှိရာကိုသွားပြီး ဘုရားရှင်နဲ့အတူ ဝမ်းမြောက်ဝမ်းသာစကား ပြောကြားကြပါတယ်။ တစ်သက်မပြတ် အမှတ်ရဖွယ်စကားကို ပြောကြားကာ သင့်တင့်ရာအရပ်မှာ ရပ်တည်ကြကာ ဘုရားရှင်ကို 'အရှင်ဂေါတမဟာ ရဟန်းသံဃာနဲ့အတူ ယနေ့ဆွမ်းဘုဉ်းပေးဖို့ရာ အကျွန်ုပ်တို့ရဲ့ဆွမ်းကို လက်ခံပါ'လို့ လျှောက်ကြတယ်။ အမတ်ကြီးနှစ်ဦးက ဗုဒ္ဓသာသနာဝင်တွေ မဟုတ်ကြပါ။ ဘုရားရှင်က ဆိတ်ဆိတ်နေကာ လက်ခံပါတယ်။ သုနိဓနဲ့ ဝဿကာရတို့ဟာ ဘုရားရှင် လက်ခံတာကို သိပြီး ဖဲသွားကြပါတယ်။ သုနိဓနဲ့ ဝဿကာရတို့က မွန်မြတ်တဲ့ခဲဖွယ်၊ စားဖွယ်ကို စီစဉ်ခိုင်းပြီး 'အရှင်ဂေါတမ၊ ဆွမ်းစားချိန်ပါ၊ ဆွမ်းကို စီစဉ်ပြီးပါပြီ'လို့ ဘုရားရှင်အား အချိန်ကိုလျှောက်ခိုင်းကြတယ်။'

အဲဒီအခါ ဘုရားရှင်က နံနက်ပိုင်းမှာ သင်းပိုင်ကို ပြင်ဆင်ဝတ်ပြီး သပိတ်၊ သင်္ကန်းကိုယူကာ သုနိဓနဲ့ ဝဿ

http://www.dhammadownload.com



ကာရတို့ရဲ့ တည်းခိုရာအိမ်ကို ကြွသွားတယ်။ ရဟန်းသံဃာနဲ့ အတူ ခင်းထားတဲ့နေရာမှာ ထိုင်ပါတယ်။ သုနိဓနဲ့ ဝဿကာရတို့က ဘုရားအမှူးရှိတဲ့ရဟန်းသံဃာကို မွန်မြတ်တဲ့ ခဲဖွယ် စားဖွယ်နဲ့ ကိုယ်တိုင်ကိုယ်ကျ ရောင့်ရဲစေကြပါတယ်။ 'တော်ပြီ၊ ပြည့်စုံပြီ'လို့ နှုတ်နဲ့ (သို့မဟုတ်) လက်အမူအရာနဲ့ ပယ်မြစ်လောက်အောင် ဆက်ကပ်ကြပါတယ်။ ဘုရားရှင် ဆွမ်းဘုဉ်းပေးပြီးတဲ့အခါ သင့်တင့်ရာအရပ်မှာ ထိုင်နေတဲ့ အမတ်ကြီးနှစ်ဦးကို အောက်ပါစကားတွေနဲ့ အဖန်ဖန် ဝမ်းမြောက်တော်မူပါတယ်။

'ပညာရှိဟာ မိမိနေထိုင်ရာ ဒီအိမ်သစ်၊ ရပ်ကွက်သစ်မှာ ကိုယ် နှုတ် စိတ်ကို စောင့်စည်းပြီး အကျင့်မြတ်ကျင့်တဲ့ သီလရှိပုဂ္ဂိုလ်တွေကို ရှေးဦးစွာ ဆွမ်းကပ်ပြီး အဲဒီမြို့သစ်၊ အိမ်သစ်၊ ရပ်ကွက်သစ်မှာ ရှိကြတဲ့ နတ်တွေအား မိမိပြုလုပ်တဲ့အလှူကို အမျှဝေပေးရပါတယ်။'

'အိမ်ရှင်ရဲ့အမျှဝေကာ ပူဇော်မှုကို ခံရတဲ့ နတ်တွေက အဲဒီအိမ်ရှင်ကို အတုံ့ပြန်ပြီး ပူဇော်ကြပါတယ်။ ဘေးရန်မဖြစ်အောင် စောင့်ရှောက်ကြပါတယ်။ အိမ်ရှင်ရဲ့ ပသမှု၊ မြတ်နိုးမှုကို ခံရတဲ့နတ်တွေက အဲဒီအိမ်ရှင်ကို အတုံ့ပြန်ပြီး မြတ်နိုးကြတယ်။ ဖြစ်ပေါ်နေတဲ့ ဘေးရန်ကို ပယ်ရှားကြတယ်'

'အဲဒီလို အိမ်ရှင်က ပူဇော်မြတ်နိုးလို့ အဲဒီအိမ်ရှင်ကို နတ်တွေက စီးပွားနဲ့ စောင့်ရှောက်ကြတယ်။ ဥပမာ မိခင်က ရင်မှာဖြစ်တဲ့သားကို စီးပွားနဲ့စောင့်ရှောက်သလိုပါပဲ။ နတ်

http://www.dhammadownload.com



တွေရဲ့ စောင့်ရှောက်မှုခံရတဲ့ အိမ်ရှင်ဟာ အခါခပ်သိမ်း ကောင်းကျိုးချမ်းသာ မင်္ဂလာတွေကို တွေ့ရမြင်ရတယ်။'

(ဝိနည်းမဟာဝါ၊ ပါဠိ၊ ၃၂၃)

(သုတ်မဟာဝါ၊ ပါဠိ၊ ၇၄)

အိမ်ရာရဲ့အကျိုးအပြစ်ကို သိတတ်တဲ့အတတ်ကို ရွတ်ဖတ်တတ်တဲ့ ဆရာ၊ အိမ်ရာမြေကြန်အတတ်ကို တတ်တဲ့ဆရာတွေရဲ့ အတတ်အစွမ်းနဲ့ အောက်မြေကြီးက အတောင် ၃၀ အတိုင်းအရှည်ရှိရာအရပ်မှာ 'ဒီနေရာမှာ နဂါးတွေ သိမ်းပိုက်ထားတယ်။ ဒီနေရာမှာ ဘီလူးတွေ သိမ်းပိုက်ထားတယ်။ ဒီနေရာမှာ တစ္ဆေ၊ မြေဘုတ်တွေ သိမ်းပိုက်ထားတယ်။ ဒီနေရာမှာ ကျောက် သို့မဟုတ် သစ်ငုတ်ရှိတယ်'လို့ မြင်ကြတယ်။ အဲဒီအတတ်ပညာဆရာတွေက အိမ်နေရာသတ်မှတ်ရာအခါမှာ မန္တန်ကို ရွတ်ဆိုပြီး နတ်တွေနဲ့အတူ တိုင်ပင်သလို ဖန်ဆင်းကြတယ်။

တစ်နည်းအားဖြင့် ပြောရရင် အဲဒီအတတ်ပညာဆရာတွေရဲ့ ခန္ဓာကိုယ်မှာ နတ်တွေကပူးဝင်ပြီး ထိုထိုနေရာမှာ နေအိမ်တွေကို ဖန်ဆင်းဖို့စိတ်ကို ညွှတ်စေကြပါတယ်။ အဲဒီနတ်တွေက အထောင့် ၄ ထောင့်မှာ ပန္နက် (သစ်သားငုတ်) ကို စိုက်နက်ပြီး အိမ်ရာမြေအရပ်ကို ယူပြီးကာမျှမှာ ခွာသွားကြတယ်။ သဒ္ဓါရှိတဲ့အမျိုးတွေအတွက် သဒ္ဓါရှိတဲ့နတ်တွေက အဲဒီအခြင်းအရာနဲ့ ပြုလုပ်ကြပါတယ်။ သဒ္ဓါမရှိတဲ့အမျိုးတွေ

http://www.dhammadownload.com



အတွက် သဒ္ဓါမရှိတဲ့နတ်တွေကသာ အဲဒီအခြင်းအရာနဲ့ ပြု လုပ်ကြပါတယ်။ အကြောင်းကတော့ သဒ္ဓါရှိတဲ့နတ်တွေမှာ ဒီလိုအကြံဖြစ်တယ်။

'ဒီနေရာမှာ အိမ်ဆောက်ပြီး ရှေးဦးစွာ ရဟန်းသံဃာ ကို ထိုင်စေ မင်္ဂလာကိုတိုးပွားစေကြလိမ့်မယ်။ အဲဒီအခါ ငါတို့က သီလရှိတဲ့ရဟန်းတွေကို ဖူးခွင့်ရကြလိမ့်မယ်။ တရား စကား၊ ပြဿနာအဖြေစကား၊ အနုမောဒနာတရားတွေကို နာကြားခွင့်ရကြလိမ့်မယ်။ လူတွေက အလှူပေးပြီး ငါတို့အား အမျှဝေကြလိမ့်မယ်' (သုတ်မဟာဝါ၊ ၄၊ ၁၃၀)

လူတွေဟာ ကုသိုလ်ပြုပြီးတိုင်း နတ်တွေအား အမျှ ပေးဝေသင့်ကြပါတယ်။ အမျှပေးဝေသူမှာ ကုသိုလ်တိုးပွား လာသလို နတ်တွေမှာလည်း အကျိုးများပါတယ်။

## သူဌေးဖြစ်စေတဲ့ ပစ္စေကဗုဒ္ဓါ

ဂေါတမဘုရား မပွင့်သေးခင်အချိန်မှာ ဗာရာဏသီမြို့မှာပဲ ဆင်းရဲသားရဲ့အိမ်မှာ အရှင်အနုရုဒ္ဓါလောင်းလျာဟာ ပဋိသန္ဓေယူပြီး သုမနသူဌေးကိုမှီကာ နေတယ်။ သူ့နာမည်က အန္နဘာရ လို့အမည်တွင်တယ်။ သုမနသူဌေးက နေ့တိုင်း ဆင်းရဲသား၊ ခရီးသွား၊ သူတောင်းစားတွေအား အိမ်တံခါးမှာ အလှူကြီး ပေးတယ်။ တစ်နေ့မှာ ဥပရိဋ္ဌမည်တဲ့ ပစ္စေကဗုဒ္ဓါက ဂန္ဓမာဒနတောင်မှာ နိရောဓသမာပတ်ဝင်စားနေတယ်။ နိရောဓ သမာပတ်မှထပြီး 'ဒီနေ့ ဘယ်သူ့အား ချီးမြှောက်သင့်သလဲ' လို့ ရှုစမ်းတော်မူတယ်။ ပစ္စေကဗုဒ္ဓါတွေဆိုတာကလည်း ဆင်းရဲသားတွေကို သနားတော်မူကြတယ်။ ပစ္စေကဗုဒ္ဓါက 'ဒီနေ့ ငါဟာ အန္နဘာရအား ချီးမြှောက်သင့်တယ်'လို့ ကြံပြီး 'အခု အန္နဘာရက တောအုပ်မှ သူ့အိမ်ကို လာလိမ့်မယ်' လို့ သိပြီး သပိတ်၊ သင်္ကန်းကိုယူကာ ဂန္ဓမာဒနတောင်မှ ကောင်းကင်ကိုပျံတက်တယ်။ ရွာတံခါးမှာ အန္နဘာရရဲ့ ရှေ့မှောက်မှာ ရပ်တည်တယ်။

အန္နဘာရက ပစ္စေကဗုဒ္ဓါရဲ့သပိတ်မှာ ဘာမှမပါတာကို မြင်ပြီး ပစ္စေကဗုဒ္ဓါကို ရှိခိုးကာ 'အရှင်ဘုရား၊ ဆွမ်းရပါသလား'လို့ မေးတယ်။ အို ဘုန်းကံကြီးတဲ့သူဒကာ၊ ငါတို့ဟာ

http://www.dhammadownload.com



ရကြပါလိမ့်မယ်လို့ ပြောတယ်။ 'အရှင်ဘုရား၊ ခဏ ဒီနေရာမှာပဲ နေပါ'လို့ ပြောကာ အမြန်အိမ်ကိုသွားတယ်။ သူ့အိမ်က အမျိုးသမီးကို 'ရှင်မ၊ ငါ့အတွက်ထားတဲ့ ငါဖို့ထမင်း ရှိသေးလား၊ မရှိဘူးလား'လို့ မေးတယ်။ 'အိုအရှင်၊ ရှိပါသေးတယ်'လို့ ပြောတယ်။ အန္နဘာရဟာ အဲဒီနေရာကပဲ သွားပြီး ပစ္စေကဗုဒ္ဓါရဲ့လက်က သပိတ်ကိုယူကာ လာပြီး 'ရှင်မ ငါတို့ဟာ ရှေးဘဝက ကောင်းမှုကံကို မလုပ်ခဲ့ကြလို့ ထမင်းကို တောင့်တကာ နေကြရတယ်။ ငါတို့မှာ လှူချင်ပေမယ့် လှူစရာက မရှိ။ လှူစရာက ရှိပေမယ့် အလှူခံပုဂ္ဂိုလ်ကို မရကြ။ ဒီနေ့ ငါဟာ ဥပရိဋ္ဌပစ္စေကဗုဒ္ဓါကို ဖူးမြင်ရပြီး ငါဖို့ထမင်းကလည်း ရှိနေတယ်။ ငါ့ဖို့ထမင်းကို ဒီသပိတ်ထဲမှာ ထည့်ပါ'လို့ ပြောတယ်။

ထက်မြက်တဲ့မိန်းမက 'ငါ့လင်က သူ့ဖို့ထမင်းကို လှူတယ်။ ငါလည်း ဒီအလှူမှာ ကုသိုလ်အဖို့ရှိသူ ဖြစ်ထိုက်တယ်'လို့ ကြံပြီး သူ့ဖို့ထမင်းကိုလည်း ဥပရိဋ္ဌပစ္စေကဗုဒ္ဓါရဲ့ သပိတ်မှာ တည်စေကာ လှူလိုက်ပါတယ်။ အန္နဘာရက သပိတ်ကို သယ်ဆောင်ပြီး ပစ္စေကဗုဒ္ဓါရဲ့လက်မှာ ထားကာ 'အရှင်ဘုရား၊ ဒီလိုဆင်းဆင်းရဲရဲ အသက်မွေးရခြင်းမှ လွတ်ကြရလိုပါ၏'လို့ လျှောက်တယ်။ 'အို ဘုန်းကံကြီးတဲ့ဒကာ၊ ဒီအတိုင်း ဖြစ်ပါစေ'လို့ မိန့်တယ်။ အန္နဘာရဟာ သူရဲ့အပေါ်ရုံအဝတ်ကို တစ်နေရာမှာ ဖြန့်ခင်းပြီး 'အရှင်ဘုရား ဒီနေရာမှာ ထိုင်ကာ ဘုဉ်းပေးတော်မူပါ'လို့ လျှောက်တယ်။ ပစ္စေက

http://www.dhammadownload.com



ဗုဒ္ဓါက အဲဒီနေရာမှာထိုင်ပြီး စက်ဆုပ်ဖွယ် ၉ မျိုးကို ဆင်ခြင်ရင်း ဘုဉ်းပေးတယ်။ ဘုဉ်းပေးပြီးချိန်မှာ အန္နဘာရက သပိတ်ဆေးရေကို လှူတယ်။ ပစ္စေကဗုဒ္ဓါက ဆွမ်းကိစ္စပြီးတဲ့အခါ

'သင်ရဲ့လိုလားတောင့်တမှုအားလုံးပဲ ပြီးစီးပြည့်စုံပါစေ၊ အကြံအစည်အားလုံးဟာ ၁၅ ရက် လပြည့်လပမာ ပြည့်ဝကြပါစေ'

အဲဒီလို အနုမောဒနာစကား မိန့်ကြားပြီး လမ်းကိုသွားပါတယ်။ သုမနသူဌေးရဲ့ထီးမှာ စောင့်ကြပ်နေတဲ့ နတ်က 'ဩော် အလှူဟာ မြင့်မြတ်တဲ့အလှူဖြစ်သွားပြီ။ ဥပရိဋ္ဌပစ္စေကဗုဒ္ဓါမှာ ကောင်းစွာတည်သွားပြီ'လို့ သုံးကြိမ်ပြောကာ ကောင်းချီးပေးတယ်။ သုမနသူဌေးက 'သင်က ငါ့ကို ဒီလောက်ကာလပတ်လုံး အလှူ လှူနေတာကို မမြင်ဘူးလား' လို့ မေးတယ်။ 'ငါက သင်ရဲ့အလှူမှာ ကောင်းချီးပေးတာ မဟုတ်ပါ။ ဥပရိဋ္ဌပစ္စေကဗုဒ္ဓါအား အန္နဘာရ လှူတဲ့ဆွမ်းအလှူအပေါ် ကြည်ညိုပြီး ကောင်းချီးပေးပါတယ်'လို့ နတ်က ပြောတယ်။

သုမနသူဌေးမှာ ဒီလိုအကြံပေါ်လာတယ်။

'ဒီအလှူဟာ အံ့သြဖွယ်ကောင်းပါပေတယ်။ ငါဟာ ဒီလောက်ကာလပတ်လုံး အလှူလှူတဲ့အခါ နတ်ကို ကောင်းချီးပေးအောင် (သာခုခေါ်အောင်) မလုပ်နိုင်ခဲ့။ ဒီအန္နဘာရက ငါ့ကိုမှီပြီးနေတဲ့အခါ လျော်ကပ်တဲ့အလှူခံပုဂ္ဂိုလ်ကို ရလို့ ဆွမ်းတစ်ထပ်အလှူနဲ့ပဲ ကောင်းချီးပေးအောင် လုပ်ပါ

http://www.dhammadownload.com



တယ်။ အနန္တာဘာရအား သင့်လျော်တာကို မေးပြီး အဲဒီဆွမ်း (ဆွမ်းအလှူ) ကို ငါ့ဥစ္စာဖြစ်အောင် ပြုလုပ်သင့်တယ်'

အဲဒီလိုကြံပြီး အနန္တာဘာရကိုခေါ်ခိုင်းကာ 'ဒီနေ့ သင်က တစ်စုံတစ်ယောက်အား တစ်စုံတစ်ခုကို လှူသလား'လို့ မေးတယ်။ 'အို အရှင်၊ ဟုတ်ပါတယ်။ အကျွန်ုပ်ဟာ ဥပရိဋ္ဌ ပစ္စေကဗုဒ္ဓါအား ကျွန်တော့်ဖို့ထမင်းကို လှူခဲ့ပါတယ်'လို့ ဖြေတယ်။

'အမောင်၊ အခု အသပြာကိုယူပြီး ဒီဆွမ်းကို (ဆွမ်း အလှူကို) ငါ့အား ပေးပါ'

'အို အရှင်၊ ကျွန်တော် မပေးပါ'

သုမနသူဌေးက တစ်ထောင်တိုင်အောင် တိုးပေး တယ်။ အနန္တာဘာရက 'တစ်ထောင်နဲ့လည်း မပေးဘူး'လို့ ပြောတယ်။

'အို အမောင်၊ ရှိပါစေ။ ဆွမ်းကိုမပေးရင် တစ်ထောင် ကိုယူပြီး ငါ့အား ကုသိုလ်ဝေစုကို ပေးပါ'

'သူ့ကိုလည်း ပေးသင့် မပေးသင့် ငါမသိ၊ အရှင် ဥပရိဋ္ဌပစ္စေကဗုဒ္ဓါကို မေးပြီး ပေးသင့်ရင် ငါပေးမယ်'လို့ တွေးပြီး သွားကာ ပစ္စေကဗုဒ္ဓါကို အမီလိုက်ပြီး 'အရှင်ဘုရား၊ သုမနသူဌေးက တပည့်တော်အား အသပြာတစ်ထောင်ပေး ပြီး အရှင်ဘုရားအား လှူတဲ့ဆွမ်းမှာ ကုသိုလ်ဝေစုကို တောင်း နေပါတယ်။ ပေးရပါမလား၊ မပေးရလား'လို့ မေးတယ်။ ပစ္စေကဗုဒ္ဓါက အောက်ပါအတိုင်း အဖြေပေးတော်မူပါတယ်။

http://www.dhammadownload.com



'ပညာရှိ၊ သင့်အား ဥပမာပြမယ်။ အိမ်ခြေတစ်ရာရှိတဲ့ ရွာက အိမ်တစ်အိမ်မှာပဲ ဆီမီးညှိထွန်းထားတယ်။ ကျန်တဲ့လူတွေက မိမိ မိမိရဲ့ဆီနဲ့ မီးစာကို စိုစွတ်စေကာ မီးညှိပြီးယူသွားကြတယ်။ ရှေးဆီမီးရဲ့အရောင် ရှိသလား၊ မရှိဘူးလား'

'အရှင်ဘုရား၊ မီးရောင်ဟာ ပိုပြီးအရောင်တောက်လာပါတယ်'

'ပညာရှိ၊ အဲဒီဥပမာလိုပါပဲ၊ ယာဂုတစ်ယောက်ချိုးဆွမ်းတစ်ဇွန်းပင် ဖြစ်ပါစေ၊ ကိုယ့်ဆွမ်းအလှူမှာ သူတစ်ပါးတွေအား ကုသိုလ်ဝေစုကို ပေးရင် လူတစ်ရာအား ပေးပေး၊ လူတစ်ထောင်အား ပေးပေး၊ ပေးသလောက် (ပေးရာပုဂ္ဂိုလ်များသလောက်) ကောင်းမှုတိုးပွားတယ်။ သင်က ပေးတဲ့အခါဆွမ်းတစ်နပ်စာပဲ ပေးလှူခဲ့တယ်။ သုမနသူဌေးအား ကုသိုလ်ဝေစုကို ပေးလိုက်တဲ့အခါ သင့်အတွက်က တစ်ခု၊ အဲဒီသုမနသူဌေးအတွက်က တစ်ခု၊ ဆွမ်းနှစ်ခုဖြစ်သွားတယ်။ (ဆွမ်းနဲ့ပတ်သက်ပြီး ကုသိုလ်နှစ်မျိုး ဖြစ်သွားတယ်။)'

အန္နဘာရဟာ ပစ္စေကဗုဒ္ဓါကို ရှိခိုးပြီး သုမနသူဌေးထံသွားကာ 'အိုအရှင်၊ ဆွမ်းအလှူမှာ ကုသိုလ်ဝေစုကို ယူပါ' လို့ ပြောတယ်။ သူဌေးက ဒီလိုပြောတယ်။

'ရော့၊ အသပြာတစ်ထောင်ကို ယူပါ'

'ကျွန်ုပ်ဟာ ဆွမ်းအလှူကို မရောင်းပါ။ သဒ္ဓါနဲ့ကုသိုလ်ဝေစုကို သင့်အားပေးပါတယ်'

'ချစ်သား၊ သင်က ငါ့အား သဒ္ဓါနဲ့ ကုသိုလ်ဝေစုကို

http://www.dhammadownload.com



ပေးတယ်။ ငါကတော့ သင်ရဲ့ဂုဏ်ကို ပူဇော်တဲ့အနေနဲ့ အသပြာတစ်ထောင်ကို ပေးပါတယ်၊ ချစ်သား ယူပါ'

အနာထာရက 'အဲဒီအတိုင်းဖြစ်ပါစေ'လို့ ပြောပြီး အသပြာတစ်ထောင်ကို ယူလိုက်တယ်။ 'ချစ်သား၊ သင့်မှာ အသပြာတစ်ထောင်ရတဲ့အချိန်ကစပြီး ကိုယ့်လက်နဲ့ အလုပ်လုပ်စရာကိစ္စ မရှိ။ လမ်းထဲမှာ အိမ်ကိုဆောက်ပြီး နေပါ။ သင်အလိုရှိတာကို ငါ့ကို အဆောက်ခိုင်းပြီး ယူပါ'လို့ သူဌေးက ပြောတယ်။ နိရောဓသမာပတ်မှထတဲ့ ပစ္စေကဗုဒ္ဓါအား လှူရတဲ့ ဆွမ်းဆိုတာ အဲဒီလှူရာနေ့မှာပဲ အကျိုးကိုပေးပါတယ်။ ဒါကြောင့် သုမနသူဌေးဟာ အခြားနေ့မှာ အနာထာရကို ခေါ်ပြီး မင်းနန်းတော်ကို မသွားပေမယ့် အဲဒီနေ့မှာတော့ ခေါ်ပြီးသာ သွားပါတယ်။ အနာထာရရဲ့ကောင်းမှုကို အကြောင်းပြုပြီး မင်းက သူဌေးကိုမကြည့်ဘဲ အနာထာရကိုသာ ကြည့်ပါတယ်။

'အရှင်မင်းကြီး၊ ဒီယောကျ်ားကို အရှင်မင်းကြီးက အလွန်ပဲ ဘာကြောင့် ကြည့်ပါသလဲ'

'အခြားနေ့မှာ ရှေးက မမြင်ဖူးလို့ ကြည့်တယ်'

'အရှင်မင်းကြီး၊ ဒီယောကျ်ားဟာ ကြည့်ရှုထိုက်တဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်'

'သူရဲ့ကြည့်ရှုထိုက်တဲ့ ဂုဏ်က ဘာပါလဲ'

'အရှင်မင်းကြီး၊ ဒီနေ့ သူ့ဖို့ထမင်းကို ကိုယ်တိုင်

http://www.dhammadownload.com



မစားဘဲ ဥပရိဋ္ဌပစ္စေကဗုဒ္ဓါအား ပေးလှူခဲ့လို့ ကျွန်တော်မျိုး ရဲ့လက်က အသပြာတစ်ထောင်ကို ရပါတယ်'

'အဲဒီယောကျ်ားရဲ့နာမည်က ဘာလဲ'

'အရှင်မင်းကြီး၊ အန္နဘာရမည်ပါတယ်'

'သင်ရဲ့လက်က ရပြီးလို့ ငါရဲ့လက်ကလည်း ရသင့် တယ်။ ငါလည်း သူ့အား ပူဇော်မယ်'

အဲဒီလိုပြောပြီး အသပြာတစ်ထောင်ကို ပေးလိုက် တယ်။

'အမောင်တို့၊ အဲဒီအန္နဘာရအတွက် နေရာအိမ်ကို သိကြလော'

'အရှင်မင်းကြီး၊ ကောင်းပါပြီ'

နေရာတစ်နေရာကို ရှင်းတဲ့အခါ ပေါက်တူးနဲ့ တူး တိုင်း တူးတိုင်းသောနေရာမှာ ရွှေအိုးတွေလည်ပင်းချင်း ထိနေတာကို မြင်ရပြီး မင်းအား ပြောကြတယ်။ 'ဒီလိုဆိုရင် သွားပြီး တူးကြ'လို့ ပြောတယ်။ သူတို့တူးစဉ် တူးစဉ် အောက်ကိုသွားကြတယ်။ တစ်ဖန်သွားပြီး မင်းအား ပြော တယ်။ မင်းက 'အန္နဘာရရဲ့စကားနဲ့ တူးကြ'လို့ ပြောတယ်။ သူတို့သွားပြီး 'အန္နဘာရရဲ့ စကားပဲ'လို့ ဆိုကာ တူးကြတယ်။ ပေါက်တူးနဲ့ တူးလိုက် တူးလိုက်တိုင်းသော နေရာမှာ မှိုအငုံ တွေလို ရွှေအိုးတွေထွက် ပေါ်လာကြတယ်။ သူတို့က ဥစ္စာကို ဆောင်ယူပြီး မင်းထံမှာ အပုံပြုလုပ်ကြတယ်။ မင်းက အမတ်

http://www.dhammadownload.com



တွေကို စုဝေးစေပြီး 'ဒီမြို့မှာ အခြားဘယ်သူ့မှာ ဒီလောက် ဥစ္စာရှိသလဲ'လို့ မေး တယ်။

'အရှင်မင်းကြီး၊ ဘယ်သူ့မှာမှ မရှိပါ'

'ဒီလိုဆိုရင် ဒီအန္နဘာရဟာ ဒီမြို့မှာ နေသေဋ္ဌေး (ဥစ္စာသူဌေး) အမည်တွင်ပါစေ'

အန္နဘာရဟာ အဲဒီနေ့မှာပဲ သူဌေးထီးကို ရတယ်။ အန္နဘာရသူဌေးဟာ အဲဒီအချိန်ကစပြီး အသက်ထက်ဆုံး ကောင်းမှုကို ပြုလုပ်ကာ အဲဒီဘဝကသေပြီး နတ်ပြည်မှာဖြစ်တယ်။ ကာလကြာရှည်စွာ လူ့ဘဝ၊ နတ်ဘဝတွေမှာ ကျင်လည်ပြီး ငါတို့ဂေါတမဘုရားရှင် ပွင့်တော်မူတဲ့အခါ ကပိလဝတ္ထုမြို့မှာ အမိတ္တောဒနသာကီဝင်ရဲ့အိမ်မှာ ပဋိသန္ဓေကို ယူတယ်။ နာမည်မှည့်ရာနေ့မှာ သူ့ကို အနုရုဒ္ဓလို့ အမည်မှည့်ကြတယ်။ (အံ၊ ဋ္ဌ၊ ပ၊ ၁၄၅)

အမှျပေးဝေတာနဲ့ပတ်သက်ပြီး အန္နဘာရအား ဥပရိဋ္ဌပစ္စေကဗုဒ္ဓါ မိန့်တော်မူတဲ့စကားလေးတွေဟာ မှတ်သားစရာကောင်းလှပါတယ်။ ကုသိုလ်ဝေစုကို မျှဝေပေးပေမယ့် လျော့မသွားဘဲ တိုးလို့သာလာနေပါတယ်။ အမှျပေးဝေရင် ပေးဝေသလောက် ကုသိုလ်က တိုးတိုးလာနေပါတယ်။ ပေးသလောက် ရနေပါတယ်၊ တိုးနေပါတယ်။

ပစ္စေကဗုဒ္ဓါတွေဆိုတာ ဆင်းရဲသားတွေကို အထူးပဲ ချီးမြှောက်တာဟာ ကြည်ညိုစရာပါပဲ။ ဆင်းရဲသားတွေဆိုတာ သာမန်လူသားတွေရဲ့အလယ်မှာ မျက်နှာငယ်ရစမြဲ ဖြစ်ပါ

http://www.dhammadownload.com



တယ်။ အနုရုဒ္ဓါက ဥပရိဋ္ဌပစ္စေကဗုဒ္ဓါအား 'ဆွမ်းရပြီးပါပြီလား'လို့ မေးတဲ့အခါ 'ရပါလိမ့်မယ်'လို့ ဖြေပါတယ်။ 'မရသေးပါ'လို့ မဖြေပါ။

ရွှေအိုးကြီးတွေဟာ ဘုန်းကံရှင်အနုရုဒ္ဓါရနဲ့ပဲ ထိုက်တန်ပါတယ်။ ထိုက်သူပဲ စံရပါတယ်။ မထိုက်သူ မစံရပါ။ အနုရုဒ္ဓါရဟာ ဥပရိဋ္ဌဆိုတဲ့ပစ္စေကဗုဒ္ဓါသူတော်ကောင်း လယ်ယာမြေကောင်းမှာ ကုသိုလ်မျိုးစေ့ကို စိုက်ပျိုးခွင့်ရတဲ့အတွက် အဲဒီဆွမ်းတစ်နပ်ကုသိုလ်မျိုးစေ့က ဘဝမခြားဘဲ သူဌေးဆိုတဲ့ သစ်ပင်ကြီးကို ဖြစ်ပေါ်လာစေပါတယ်။ ညောင်စေ့လောက်လှူရင် ညောင်ပင်ကြီးလောက် အကျိုးကိုရစေပါတယ်။ အလှူဒါနမျိုးစေ့ကို စိုက်ပျိုးလိုသူတိုင်းဟာ လယ်ယာမြေကောင်းကို ရှာဖွေပြီး စိုက်ပျိုးမိကြဖို့ လိုပါတယ်။ မျိုးစေ့ပင်မှန်သော်လည်း လယ်ယာမြေမမှန်ရင် အပင်မသန်နိုင်သေးပါ။ ဥပရိဋ္ဌပစ္စေကဗုဒ္ဓါရဲ့ ချီးမြှောက်မှုကြောင့် မျက်နှာငယ်ရတဲ့ ဘဝမှ မျက်နှာကြီးတဲ့ဘဝကို ရောက်ခဲ့ရပါတယ်။

http://www.dhammadownload.com

# ဖိနပ်လှူရကျိုး

ရှေးအခါက ဒီဗာရာဏသီပြည်ဟာ မောဠိနီ မည်ခဲ့တယ်။ မောဠိနီမြို့မှာ ဗြဟ္မဒတ္တမင်း အုပ်ချုပ်တဲ့အခါ သခ်မည်တဲ့ပုဏ္ဏား ဟာ ကြွယ်ဝတယ်။ စည်းစိမ်ဥစ္စာပေါများတယ်။ အသုံး အဆောင်၊ ဥစ္စာ၊ စပါး၊ ရွှေ၊ ငွေ ပေါများတယ်။ မြို့တံခါး ၄ ခု၊ မြို့လယ်၊ နေရာအိမ်တံခါးဆိုတဲ့ ၆ နေရာမှာ အလှူ မဏ္ဍပ် ၆ ခု ဆောက်လုပ်ခိုင်းတယ်။ နေ့တိုင်း ၆ သိန်း စွန့်လွှတ်ကာ ဆင်းရဲသား၊ ခရီးသွားတွေအား အကြီးအကျယ် လှူတယ်။ သခ်က တစ်နေ့မှာ 'ငါဟာ အိမ်ကဥစ္စာကုန်ရင် မပေးနိုင်လတ္တံ့။ ဥစ္စာမကုန်မီမှာပဲ လှေနဲ့ သုဝဏ္ဏဘူမိကိုသွား ပြီး ဥစ္စာကို ဆောင်ယူအံ့'လို့ ကြံတယ်။ သခ်က လှေကိုဖွဲ့စေ ပြီး ဘဏ္ဍာနဲ့ပြည့်စေကာ သား၊ သမီး၊ ဇနီးကိုခေါ်ပြီး 'ငါ လာတဲ့အထိ ငါ့ဒါနကို မပြတ်တောက်ဘဲ ဆက်လက်ဖြစ်စေ ကြပါ'လို့ ပြောတယ်။ ကျွန်၊ အလုပ်သမားတွေခြံရံပြီး ထီးကို ယူကာ ဖိနပ်စီးပြီး နေ့လယ်အချိန်မှာ ပဋ္ဋနရွာကို ရှေ့ရှုပြီး သွားတယ်။

အဲဒီခဏမှာ ဂန္ဓမာဒနတောင်က ပစ္စေကဗုဒ္ဓါတစ်ပါး က ဆင်ခြင်ပြီး ဥစ္စာဆောင်ယူဖို့သွားတဲ့ အဲဒီသခ်ကိုမြင်ပြီး

http://www.dhammadownload.com



'ယောကျ်ားမြတ်ဟာ ဥစ္စာကိုဆောင်ယူဖို့ သွားတယ်။ သူ့မှာ သမုဒ္ဒရာထဲ အန္တရာယ်ဖြစ်လေမလား၊ မဖြစ်ဘူးလား'လို့ ဆင်ခြင်ပြီး 'ဖြစ်လတ္တံ့'လို့ သိတယ်။ 'ဒီယောကျ်ားမြတ်ဟာ ငါ့ကို မြင်ကာ ထီးနဲ့ဖိနပ်ကို ငါ့အားလှူပြီး ဖိနပ်လှူတဲ့အကျိုးဆက်ကြောင့် သမုဒ္ဒရာမှာ လှေကွဲတဲ့အခါ ထောက်တည်ရာကို ရလိမ့်မယ်။ ငါဟာ သူ့အားချီးမြှောက်မယ်'လို့ ကြံပြီး ကောင်းကင်ခရီးနဲ့လာကာ သခ်ရဲ့အနီးမှာ သက်ဆင်းတယ်။ ကြမ်းတမ်းတဲ့လေ၊ နေပူမှာ မီးကျီးခဲအခင်းနဲ့တူတဲ့ သဲပူကို နင်းရင်း သခ်ဆီ ရှေ့ရှုကြွလာတယ်။

သခ်က ပစ္စေကဗုဒ္ဓါကို မြင်တယ်ဆိုရင်ပဲ 'ငါ့ထံကောင်းမှုမျိုးစေ့ကို စိုက်ပျိုးကြဲချရာ လယ်ယာမြေကောင်းဟာ လာနေတယ်။ ဒီနေ့ ငါဟာ ဒီလယ်ယာမြေကောင်းမှာ ဒါန မျိုးစေ့ကို စိုက်ပျိုးသင့်တယ်'လို့ ကျေနပ်စိတ်နဲ့ လျင်မြန်စွာ ပစ္စေကဗုဒ္ဓါထံ ချဉ်းကပ်ပြီး ရှိခိုးတယ်။ 'အရှင်ဘုရား၊ တပည့်တော်အား ချီးမြှောက်ဖို့ရာ အနည်းငယ် လမ်းမှ ဖဲခွာပြီး ဒီသစ်ပင်အောက်ကို ချဉ်းကပ်တော်မူပါ'လို့ လျှောက်တယ်။ ပစ္စေကဗုဒ္ဓါက သစ်ပင်အောက်ကို ချဉ်းကပ်တဲ့အခါ သစ်ပင်အောက်မှာ သဲကိုမြင့်တက်စေပြီး အပေါ်ရုံအဝတ်ကို ခင်းကာ ပစ္စေကဗုဒ္ဓါကို ထိုင်စေပြီး ရှိခိုးတယ်။ အမွှေးအကြိုင်ထုံထားတဲ့ ရေစစ်နဲ့ စစ်ထားတဲ့ ရေနဲ့ ခြေထောက်တွေကို ဆေးပေးတယ်။ နံ့သာဆီနဲ့လိမ်းကျံပေးတယ်။ သူ့ဖိနပ်ကို ချွတ်ပြီး ခါကာ နံ့သာဆီနဲ့လိမ်းကျံပြီး ပစ္စေကဗုဒ္ဓါရဲ့

http://www.dhammadownload.com



ခြေတွေမှာ စွပ်ပေးတယ်။ 'အရှင်ဘုရား ဒီဖိနပ်တွေကို စီးပြီး ထီးကိုခေါင်းပေါ်ဆောင်းကာ သွားပါ'လို့ လျှောက်ပြီး ထီး၊ ဖိနပ်ကို လှူတယ်။ ပစ္စေကဗုဒ္ဓါက သင်္ခအား ချီးမြှောက်ဖို့ရာ အဲဒီထီး၊ ဖိနပ်ကိုယူပြီး ကြည်ညိုမှုတိုးပွားစေဖို့ရာ သင်္ခ ကြည့်ရှုနေတုန်းမှာပဲ ပျံတက်ပြီး ဂန္ဓမာဒနတောင်ကိုပဲ ကြွသွားပါတယ်။

ဘုရားလောင်းဖြစ်တဲ့ သင်္ခကလည်း ပစ္စေကဗုဒ္ဓါကို မြင်ပြီး အလွန်အကဲကြည်ညိုစိတ်ဖြစ်လို့ ပဋ္ဋနကိုသွားကာ လှေကိုတက်စီးတယ်။ ဘုရားလောင်းဟာ သမုဒ္ဒရာကြီးကို သွားတဲ့အခါ ၇ ရက်မြောက်မှာ လှေက ပေါက်တယ်။ ရေကို ခပ်မထုတ်နိုင်ကြတော့။ လူအများက သေရမှာကြောက်ပြီး မိမိ မိမိရဲ့နတ်တွေကို ရှိခိုးပြီး အကြီးအကျယ် အော်ဟစ်ကြတယ်။ ဘုရားလောင်းက အလုပ်အကျွေးတစ်ယောက်ကို ခေါ်ပြီး တစ်ကိုယ်လုံးကို ဆီနဲ့လိမ်းကျံကာ ထောပတ်နဲ့အတူ သကြားမှုန့်ကို အလိုရှိသလောက် စားတယ်။ အလုပ်အကျွေးကိုလည်း အစားခိုင်းပြီး အလုပ်အကျွေးနဲ့အတူ လင်းယဉ်တိုင်ထိပ်ကို တက်တယ်။ 'ဒီအရပ်မှာ ငါတို့ရဲ့မြို့ရှိတယ်'လို့ နေရာကိုသတ်မှတ်ပြီး ငါး၊ လိပ်အန္တရာယ်မှ ကိုယ့်ကိုယ်ကို လွတ်စေကာ အလုပ်အကျွေးနဲ့အတူ တစ်ဥသဘလောက်ကို ကျော်လွှန်ပြီးကျတယ်။ လူအများဟာ သေကျေပျက်စီးကြတယ်။ ဘုရားလောင်းကတော့ အလုပ်အကျွေးနဲ့အတူ သမုဒ္ဒရာကို ကူးခပ်ဖို့ ကြိုးစားတယ်။ ဘုရားလောင်း ကူးခပ်နေတုန်း

http://www.dhammadownload.com



မှာပဲ ၇ ရက်မြောက် ရောက်လာတယ်။ ဘုရားလောင်းက အဲဒီအချိန်မှာလည်း ဆားငန်ရည်နဲ့ ပါးစပ်ကိုဆေးကြောကာ ဥပုသ်စောင့်ထိန်းတာပါပဲ။

အဲဒီအခါ လောကစောင့်နတ်မင်းကြီး ၄ ယောက်က မဏိမေခလာမည်တဲ့ နတ်သမီးကို 'သမုဒ္ဒရာထဲမှာ လှေကွဲတဲ့အခါ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်တဲ့လူတွေ၊ သီလပြည့်စုံတဲ့လူတွေ၊ မိဘကို လုပ်ကျွေးတဲ့လူတွေ ဒုက္ခရောက်ရင် အဲဒီလူတွေကို စောင့်ရှောက်ပါ'လို့ ပြောကာ သမုဒ္ဒရာမှာ စောင့်ရှောက်ဖို့ထားပေးတယ်။ မဏိမေခလာက သူ့အစိုးရမှုနဲ့ ၇ ရက်ပတ်လုံး ခံစားပြီး မေ့လျော့ကာ ၇ ရက်မြောက်မှာ သမုဒ္ဒရာကို ကြည့်တဲ့အခါ သီလအကျင့်နဲ့ ပြည့်စုံတဲ့ သင်္ခပုဏ္ဏားကို မြင်တယ်။ 'ဒီသင်္ခပုဏ္ဏား၊ သမုဒ္ဒရာထဲကျနေတာ ၇ ရက်မြောက် ရောက်နေပြီ၊ သူသေခဲ့ရင် ငါ့မှာ အလွန်ကဲ့ရဲ့စရာဖြစ်လိမ့်မယ်'လို့ တွေးကာ စိတ်တုန်လှုပ်သွားတယ်။ ရွှေခွက်တစ်ခွက်ကို အရသာကောင်းအမျိုးမျိုးပါတဲ့ စားဖွယ်နဲ့ ပြည့်စေပြီး လေလိုအဟုန်နဲ့ အဲဒီအရပ်ကို သွားကာ သင်္ခပုဏ္ဏားရဲ့ရှေ့မှာ ကောင်းကင်ပေါ်ရပ်ပြီး 'ပုဏ္ဏား၊ သင်ဟာ ၇ ရက်ပတ်လုံး အစာမစားဘဲ နေတယ်။ ဒီနတ်ဘောဇဉ်ကို စားပါ'လို့ ပြောတယ်။

သင်္ခပုဏ္ဏားက မဏိမေခလာကို ကြည့်ပြီး 'သင်ရဲ့ထမင်းကို ဖယ်ရှားလိုက်ပါ။ ငါဟာ ဥပုသ်သည်ဖြစ်ပါတယ်'လို့ ပြောတယ်။ အဲဒီအခါ သင်္ခရဲ့အလုပ်အကျွေးက နောက်က

http://www.dhammadownload.com



လာတဲ့အခါ နတ်သမီးကို မမြင်ရဘဲ အသံကိုသာကြားရလို့ 'ဒီပုဏ္ဏားဟာ ပကတိသိမ်မွေ့သူဖြစ်တယ်။ ၇ ရက်ပတ်လုံး အစာမစားရတဲ့အတွက် ဆင်းရဲပြီး သေရမှာကြောက်လို့ ယောင်ယမ်းပြောပုံရတယ်။ သူ့ကိုနှစ်သိမ့်စကား ပြောမယ်'လို့ ကြံကာ အောက်ပါစကားကို ပြောပါတယ်။

'သခ်၊ သင်ဟာ တရားရှိတဲ့ သမဏ၊ ဗြာဟ္မဏတွေ ထံမှ တရားကိုလည်း နာထားတယ်၊ သင်ဟာ သုတများသူ ဖြစ်တယ်၊ သင်ဟာ သမဏ၊ ဗြာဟ္မဏတွေကိုလည်း ကိုယ် တိုင် ဖူးတွေ့ရသူဖြစ်တယ်။ ဒါပေမဲ့ စကားပြောမယ့်သူ တစ်ယောက်မှ မရှိလို့ စကားပြောရမယ့်နေရာမဟုတ်ရာမှာ 'ငါဟာ ဥပုသ်သည်ပါ'လို့ ယောင်ယမ်းပြောနေတယ်။ ငါမှ တစ်ပါး စကားတုံ့ပြန်မယ့် အခြားသူမရှိပါဘဲ ဒီလို ဘာ ကြောင့် ယောင်ယမ်းပြောဆိုနေပါသလဲ'

သခ်က အလုပ်အကျွေးရဲ့စကားကို ကြားရပြီး 'သခ် မှာ နတ်ထင်ရှားပုံမပေါ်ဘူး'လို့ တွေးပြီး 'မိတ်ဆွေ၊ ငါဟာ သေရမှာ မကြောက်ပါ၊ ငါ့မှာ အခြားသူစကားတုံ့ပြန်သူ ရှိပါတယ်'လို့ ပြောပြီး အောက်ပါစကားကို ပြောပါတယ်။

'မျက်နှာတင့်တယ်ပြီး ရုပ်ရည်လှပတဲ့၊ ရွှေအဆင် တန်ဆာတွေကို ဝတ်ဆင်ထားတဲ့၊ သဒ္ဓါ၊ ကျေနပ်စိတ်ရှိတဲ့ နတ်သမီးက ငါ့ကို ထမင်းစားပါလို့ ပြောတယ်။ အဲဒီနတ် သမီးကို ငါကဥပုသ်သည်မို့ မစားဘူးလို့ပြောတယ်။ ယောင် ယမ်းပြောတာမဟုတ်ပါ'

http://www.dhammadownload.com



အလုပ်အကျွေးက သခ်အား အောက်ပါစကားကို ပြောပါတယ်။

'ပုဏ္ဏား၊ ဒီလိုနတ်သမီးကို မြင်ပြီး ကိုယ်ရဲ့ချမ်းသာကို တောင့်တတဲ့ ပညာရှိယောကျ်ားဟာ 'ငါတို့မှာ ချမ်းသာဖြစ်မလား၊ မဖြစ်ဘူးလား'လို့ မေးသင့်ပါတယ်။ သင်ဟာ ရေမှထမယ့်အခြင်းအရာကို ပြပါ။ နတ်သမီးကို လက်အုပ်ချီကာ သင်ဟာ နတ်သမီးလား၊ ဒါမှမဟုတ် တန်ခိုးကြီးတဲ့ လူမိန်းမလားလို့ မေးပါ'

ဘုရားလောင်းသခ်ပုဏ္ဏားက 'သူဟာ သင့်တဲ့စကားကို ပြောတယ်'လို့ တွေးပြီး နတ်သမီးကို မေးလိုလို့ အောက်ပါစကားကို ပြောပါတယ်။

'တန်ခိုးကြီးတဲ့ အမျိုးသမီး၊ သင်က ငါ့ကို ချစ်မျက်လုံးတွေနဲ့ ချမ်းသာစွာကြည့်နေတယ်၊ ငါ့ကို ထမင်းစားပါလို့ ပြောနေတယ်။ သင့်ကို ငါမေးပါတယ်။ သင်ဟာ နတ်သမီးလား၊ ဒါမှမဟုတ် တန်ခိုးကြီးတဲ့လူမိန်းမလား'

အဲဒီကနောက် နတ်သမီးက အောက်ပါစကားတွေကို ပြောပါတယ်။

'သခ်၊ ငါဟာ တန်ခိုးကြီးတဲ့နတ်သမီးပါ။ ဒီသမုဒ္ဒရာအလယ်ကိုလာတဲ့ ငါဟာ သင့်ကို သနားလို့ လာတယ်၊ မုန်းလို့မဟုတ်ဘူး။ သင့်အကျိုးငှာသာ ဒီကိုလာခြင်းဖြစ်တယ်'

'သခ်၊ ဒီမဟာသမုဒ္ဒရာမှာ ထမင်း၊ အဖျော်၊ အိပ်ရာ၊ နေရာ၊ ယာဉ်အမျိုးပေါင်းများစွာ ရှိတယ်။ အဲဒီအရာအားလုံး

http://www.dhammadownload.com



ကို ငါက သင့်အား အပိုင်ပေးပါတယ်။ လိုချင်တာ အခြား အရာအားလုံးကိုလည်း သင့်အားပေးပါတယ်'

အဲဒီစကားကို ကြားရပြီး ဘုရားလောင်းက 'ဒီနတ်သမီးဟာ သမုဒ္ဒရာရေပြင်မှာ ငါ့အား ဒါလည်းပေးတယ်၊ ဒါလည်း ပေးတယ်လို့ ပြောတယ်။ ဒီနတ်သမီးက ငါလုပ်ခဲ့တဲ့ ကောင်းမှုကံကြောင့် ပေးလိုတာလား၊ ဒါမှမဟုတ် သူ့အစွမ်းကြောင့် ပေးလိုတာလား၊ သူ့ကို မေးဦးမယ်'လို့ ကြံပြီး မေးလိုလို့ အောက်ပါစကားကို ပြောပါတယ်။

'ကိုယ်အနေအထား လှတဲ့ နတ်သမီး၊ သင်ဟာ ငါရဲ့အလှူပေးမှု၊ ဧည့်ဝတ်ကျွေးမွေးမှု ဒီကုသိုလ်ကံရဲ့အကျိုးက ဒါပဲ၊ ဒီကုသိုလ် ကံရဲ့အကျိုးက ဒါပဲ'လို့ ပြောပြနိုင်သလား။ ထောက်တည်ရာမရှိတဲ့ သမုဒ္ဒရာမှာ ထောက်တည်ရာ ရနေတာဟာ ငါရဲ့ ဘယ်ကုသိုလ်ကံအကျိုးပါလဲ'

အဲဒီစကားကို ကြားရပြီး နတ်သမီးက 'ဒီပုဏ္ဏားဟာ သူပြုခဲ့တဲ့ကုသိုလ်ကံကို မသိဘူးလို့ ထင်မှတ်ကာ မေးတယ် ထင်တယ်။ အခု သူ့အား ငါပြောပြမယ်'လို့ ကြံပြီး အောက်ပါစကားကို ပြောပါတယ်။

'သင်္ခပုဏ္ဏား၊ သင်ဟာ နွေပူပူလမ်းခရီးမှာ ခြေထောက်မှာ သဲပူတွေက ပူလောင်ခံရပြီး ရေဆာလောင်ပင်ပန်းနေတဲ့ ပစ္စေကဗုဒ္ဓါတစ်ပါးကို ဖိနပ်တွေလှူခဲ့ပါတယ်။ သင်ရဲ့ အဲဒီအလှူက သင့်အလိုအားလုံးကို ပေးနေပါတယ်'

http://www.dhammadownload.com



အဲဒီစကားကို ကြားရပြီး ဘုရားလောင်းက 'ငါလှူခဲ့တဲ့ ဖိနပ်အလှူက ဒီလိုထောက်တည်ရာမရှိတဲ့ မဟာသမုဒ္ဒရာမှာတောင် ငါ့အလိုအားလုံးကို ပေးတယ်။ ငါရဲ့ ပစ္စေကဗုဒ္ဓါအား လှူရတဲ့အလှူက ဩော် ကောင်းစွာလှူရာရောက်ပါပေစွ' လို့ အားရဝမ်းသာကာ အောက်ပါစကားကို ပြောပါတယ်။

'နတ်သမီး၊ ဒီလိုဆိုရင် ငါ့အတွက် လှေတစ်စင်း ဖန်ဆင်းပေးပါ။ အဲဒီလှေဟာ ကောင်းစွာချုပ်စပ်ထားတဲ့ ပျဉ်ပြားများစွာ ပါပါစေ။ ရေမယိုဝင်ပါစေနဲ့။ ကောင်းစွာ ယူသွားတဲ့လေနဲ့ ယှဉ်ပါစေ။ နတ်လှေမှတစ်ပါး အခြားယာဉ်သွားစရာမြေ ဒီသမုဒ္ဒရာမှာ မရှိ၊ အဲဒီနတ်လှေနဲ့ ငါ့ကို ဒီနေ့ပဲ မောဠိနီမြို့ကို အရောက်ပို့ပါ'

နတ်သမီးက သခင်ရဲ့စကားကို ကြားရပြီး ဝမ်းသာကျေနပ်ကာ ရတနာ ၇ ပါးနဲ့ပြီးတဲ့လှေကို ဖန်ဆင်းတယ်။ အဲဒီလှေက အလျား ၈ ဥသဘ၊ အနံ ၄ ဥသဘ၊ အနက်တာ ၂၀ ရှိတယ်။ အဲဒီလှေရဲ့ လင်းယဉ်တိုင်တွေက ပတ္တမြားညိုနဲ့ ပြီးတယ်။ ကြိုးတွေက ရွှေနဲ့ပြီးတယ်။ ရွက်တွေက ငွေတွေနဲ့ပြီးတယ်။ တက်မထိုးဝါးတွေက ရွှေနဲ့ပြီးတယ်။ နတ်သမီးက အဲဒီလှေကိုရတနာ ၇ ပါးနဲ့ ပြည့်စေပြီး သခင်ပုဏ္ဏားကို ပွေ့ဖက်ကာ တန်ဆာဆင်ထားတဲ့လှေပေါ် တင်တယ်။ သခင်ရဲ့အလုပ်အကျွေးကိုတော့ မကြည့်၊ သခင်ပုဏ္ဏားက သူလုပ်ခဲ့တဲ့ကောင်းမှုမှ အလုပ်အကျွေးအား အမျှပေးဝေတယ်။

http://www.dhammadownload.com



အလုပ်အကျွေးက သာခုခေါ်တယ်။ အဲဒီအခါ နတ်သမီးက အဲဒီအလုပ်အကျွေးကိုလည်း ပွေ့ဖက်ပြီး လှေပေါ်တင်လိုက်တယ်။ အဲဒီအခါ အဲဒီလှေကို မောင်ဦးနီမြို့ကိုပို့ပြီး ပုဏ္ဏားအိမ်မှာ ဥစ္စာကိုတည်စေကာ သူ့နေရာကိုပဲ ပြန်သွားပါတယ်။ နတ်သမီးက ဥပ္ပလဝဏ်အလောင်း၊ အလုပ်အကျွေးက အာနန္ဒာအလောင်း၊ သခ်ကဘုရားလောင်းဖြစ်ပါတယ်။

(ဇာတ်၊ ၄၊ ၈၊ ၁၆)

ထီး၊ ဖိနပ်လှူရကျိုးက ကြီးမားလှပါတယ်။ အမျှဝေ၊ သာခုခေါ်မှုရဲ့အကျိုးက ချက်ချင်းပဲ သိသာပေါ်လွင်လှပါတယ်။ သူတစ်ပါးတွေရဲ့ ကုသိုလ်လုပ်ငန်းတွေကို ဝမ်းမြောက်စွာ သာခုခေါ်သင့်ကြပါတယ်။

http://www.dhammadownload.com

# ဘုရားနဲ့ ပုဏ္ဏား

ဓာဏုသောဏိပုဏ္ဏားဟာ ဘုရားရှင်ထံ ချဉ်းကပ်ပြီး ဘုရားရှင်နဲ့အတူ ဝမ်းမြောက်ဖွယ်၊ အမှတ်ရဖွယ်စကားကို ပြောဆိုတယ်။ ပြီးတော့ သင့်တင့်ရာတစ်နေရာမှာ ထိုင်ကာ ဘုရားရှင်အား လျှောက်ထားတယ်။

ပုဏ္ဏား။ ။ အရှင်ဂေါတမ၊ ကျွန်ုပ်တို့ပုဏ္ဏားတွေဆိုတာ 'ဒီအလှူဟာ ကွယ်လွန်သွားတဲ့ ဆွေမျိုး သားချင်းတွေထံ ရောက်ပါစေ။ ဒီအလှူကို ကွယ်လွန်သွားတဲ့ ဆွေမျိုးသားချင်းတွေဟာ သုံးဆောင်ကြပါစေ'လို့ ရည်ရွယ်ကာ အလှူကို လှူကြပါတယ်။ သေသူကို ရည်စူးပြီး ပြုလုပ်အပ်တဲ့ ထမင်းကို ပြုလုပ်ကြပါတယ်။ အရှင်ဂေါတမ၊ ဘယ်လိုပါလဲ။ အဲဒီအလှူက ကွယ်လွန်သွားတဲ့ ဆွေမျိုးသားချင်းတွေထံ ရောက်ပါသလား။ ဘယ်လိုပါလဲ။ အဲဒီ ကွယ်လွန်သွားတဲ့ ဆွေမျိုးသားချင်းတွေက အဲဒီ အလှူကို သုံးဆောင်ကြရပါသလား။

ဘုရားရှင်။ ။ ပုဏ္ဏား၊ ရောက်သင့်ရာအရပ်မှာ ရောက်တယ်။

http://www.dhammadownload.com



မရောက်သင့်ရာအရပ်မှာ မရောက်။

ပုဏ္ဏား။ ။ အရှင်ဂေါတမ၊ ရောက်သင့်ရာအရပ်ဟာ ဘာပါလဲ၊ မရောက်သင့်ရာအရပ်က ဘာပါလဲ။

ဘုရားရှင်။ ။ ပုဏ္ဏား၊ ဒီလောကမှာ ဒုစရိုက် ၁၀ ပါးကို ပြုကျင့်သူတွေဟာ သေတော့ ငရဲရောက်ကြတယ်။ တိရစ္ဆာန်ဖြစ်ကြတယ်။ ငရဲသားတွေဟာ ငရဲသားတွေရဲ့အာဟာရ (အဲဒီငရဲမှာဖြစ်စေတဲ့ကံ) နဲ့ ငရဲမှာ မျှတကြရတယ်။ ရပ်တည်ကြရတယ်။ တိရစ္ဆာန်တွေဟာ တိရစ္ဆာန်တွေရဲ့အာဟာရ (မြက်၊ သစ်ရွက်စသည်) နဲ့ တိရစ္ဆာန်ဘဝမှာ မျှတကြရတယ်။ ရပ်တည်ကြရတယ်။

ပုဏ္ဏား၊ ဒီလောကမှာ သုစရိုက် ၁၀ ပါးကို ပြုကျင့်သူတွေဟာ သေတော့ လူ့ပြည်၊ နတ်ပြည် ရောက်ကြတယ်။ လူတွေက လူတွေရဲ့အာဟာရ (ထမင်း၊ မုယောမုန့်စသည်) နဲ့ လူ့ပြည်မှာ မျှတကြတယ်။ ရပ်တည်ကြတယ်။ နတ်တွေက နတ်တွေရဲ့အာဟာရ (နတ်သုဓာစသည်)နဲ့ နတ်ပြည်မှာ မျှတကြတယ်။ ရပ်တည်ကြတယ်။

ပုဏ္ဏား၊ အဲဒီ ငရဲ၊ တိရစ္ဆာန်၊ လူ့ပြည်၊ နတ်ပြည်ဆိုတဲ့ အရပ်တွေဟာ ရောက်သင့်ရာ

http://www.dhammadownload.com



အရပ်တွေ မဟုတ်ကြသေး။ အဲဒီဘုံတွေမှာ တည်သူတွေထံ အဲဒီဒါနက မရောက်ပါ။

ပုဏ္ဏား၊ ဒီလောကမှာ ဒုစရိုက် ၁၀ ပါးကို ပြုကျင့်သူတွေဟာ သေတော့ ပြိတ္တာဘုံရောက်ကြတယ်။ ပြိတ္တာတွေဟာ ပြိတ္တာတွေရဲ့ အာဟာရ (တံတွေး၊ နှပ်စသည်) နဲ့ ပြိတ္တာဘုံမှာ မျှတကြရတယ်။ ရပ်တည်ကြရတယ်။

သို့မဟုတ် အဲဒီသေသူအတွက် အဆွေခင်ပွန်း၊ ချစ်ကျွမ်းဝင်သူတွေကဖြစ်စေ၊ ဆွေမျိုး သားချင်းတွေကဖြစ်စေ ပေးလှူအပ်တဲ့ အလှူနဲ့ အဲဒီပြိတ္တာတွေဟာ ပြိတ္တာဘုံမှာ မျှတကြရတယ်။ ရပ်တည်ကြရတယ်။

ပုဏ္ဏား၊ အဲဒီပြိတ္တာဘုံဟာ ရောက်သင့်ရာအရပ်ပဲ။ အဲဒီပြိတ္တာဘုံမှာ တည်သူထံ အဲဒီဒါနဟာ ရောက်တယ်။

ပုဏ္ဏား။ ။ အရှင်ဂေါတမ၊ အဲဒီကွယ်လွန်သူ ဆွေမျိုးသားချင်းတွေက အဲဒီဘုံဌာနကို မရောက်ခဲ့ရင် အဲဒီဒါနကို ဘယ်သူက သုံးဆောင်ပါသလဲ။

ဘုရားရှင်။ ။ ပုဏ္ဏား၊ အဲဒီဌာနကိုရောက်တဲ့ ကွယ်လွန်သူ အခြားဆွေမျိုးသားချင်းတွေက အဲဒီဒါနကို သုံးဆောင်ခံစားကြရတယ်။

http://www.dhammadownload.com



ပုဏ္ဏား။ ။ အရှင်ဂေါတမ၊ အဲဒီကွယ်လွန်သူ ဆွေမျိုးသားချင်းတွေနဲ့ အခြားကွယ်လွန်သူ ဆွေမျိုးသားချင်းတွေဟာ အဲဒီဘုံဌာနကို မရောက်ရင် အဲဒီဒါနကို ဘယ်သူသုံးဆောင်ပါသလဲ။

ဘုရားရှင်။ ။ ဒီလောက်ရှည်လျားတဲ့ သံသရာခရီးမှာ ကွယ်လွန်သူ ဆွေမျိုးသားချင်းတွေမှ ကင်းဆိတ်ရာ ဌာနရှိစရာ အကြောင်းမရှိ။ အခွင့်မရှိ။ ပုဏ္ဏား၊ တကယ်တော့ အလှူရှင်ဟာလည်း အကျိုးမဲ့ မဖြစ်နိုင်။ (အလှူရှင်က အဲဒီအလှူရဲ့အကျိုးကို ရရှိသည်သာ။)

အဋ္ဌာနံ ခေါ ဇတံ ဗြာဟ္မဏ အနဝကာသော၊ ယံ တံ ဌာနံ ဝိဝိတ္တံ အဿ ဣမိနာ ဒီဃေန အဒ္ဓုနာ ယဒိဒံ ပေတေဟိ ဉာတိသာလောဟိ တေဟိ၊ အပိ စ ဗြာဟ္မဏ ဒါယကောပိ အနိပ္ဖလော။ (အံ၊ ပါဠိ၊ ၃၊ ၄၈၀)

(ဒါယကော တဿ ဒါနဿ ဝိပါကံ လာဘတိယေဝ) (အံ၊ ဋ္ဌ၊ ၃၊ ၃၃၉)

ပုဏ္ဏား။ ။ သေသူဟာ မဖြစ်သင့်ရာမှာ ဖြစ်ခဲ့ရင် အရှင်ဂေါတမက ဒါနရဲ့အကျိုးကို ပညတ်ပါသလား။

ဘုရားရှင်။ ။ ပုဏ္ဏား၊ သေသူဟာ မဖြစ်သင့်ရာမှာ ဖြစ်ပေမယ့် ငါဘုရားဟာ ဒါနရဲ့အကျိုးကို ပညတ်တယ်။

http://www.dhammadownload.com



(ပုဏ္ဏား၊ 'ဒီလိုလှူတဲ့ အလှူရဲ့အကျိုးကို အလှူရှင်က မရလို့ အယူရှိတယ်။ အဲဒီအခါ ပုဏ္ဏားအား ဘုရားရှင်က ပြဿနာကိုသိပြီး 'အလှူရှင်ဆိုတာ ကောင်းမှုအကျိုးကိုမှီပြီး အသက်မွေးရာ ဘယ်နေရာမှာမဆို ဖြစ်ရင် ဒါနရဲ့ အကျိုးကို ရတာပါပဲလို့ သိစေလိုလို့ အောက်ပါစကားတွေကို ဆက်မိန့်ပါတယ်')

ပုဏ္ဏား၊ ဒီလောကမှာ တချို့သူဟာ ဒုစရိုက် ၁၀ ပါးကို ပြုကျင့်ပြီး သူတော်ကောင်း သမဏ၊ ဗြာဟ္မဏတွေအား ထမင်း၊ အဖျော်၊ အဝတ်၊ ယာဉ်၊ ပန်း၊ နံ့သာ၊ နံ့သာပျောင်း၊ အိပ်ရာ၊ နေရာ၊ ဆီမီးကို လှူတယ်။ အဲဒီသူ သေတဲ့အခါ ဆင်ဘဝရောက်တယ်။ မြင်းဘဝ၊ နွားဘဝ၊ ခွေးဘဝ ရောက်တယ်။ အဲဒီဘဝတွေမှာ အစားအသောက် ပန်း၊ အဆင်တန်ဆာအမျိုးမျိုးကို ရတယ်။

ဒုစရိုက် ၁၀ ပါးကို ပြုလုပ်လို့ ဆင်၊ မြင်း၊ နွား၊ ခွေးဘဝရောက်ရတယ်။ အထက်ပါ လှူဖွယ်တွေကို လှူခဲ့လို့ အစားအသောက်၊ ပန်း၊ အဆင်တန်ဆာအမျိုးမျိုးကို ရတယ်။

ပုဏ္ဏား၊ ဒီလောကမှာ တချို့သူက သုစရိုက် ၁၀ ပါးကို ပြုကျင့်တယ်။ အထက်ပါအတိုင်း

http://www.dhammadownload.com



လှူတယ်။ သေတော့ လူ့ဘဝ၊ နတ်ဘဝ ရောက်ရတယ်။ လူ့ဘဝ၊ နတ်ဘဝမှာ လူ့ကာမဂုဏ် ငါးပါး၊ နတ်ကာမဂုဏ်ငါးပါးကို ရတယ်။

သုစရိုက် ၁၀ ပါးကို ပြုလုပ်လို့ လူ့ဘဝ၊ နတ်ဘဝ ရောက်ရတယ်။ အထက်ပါလှူဖွယ်တွေကို လှူခဲ့လို့ အစားအသောက်၊ ပန်း၊ အဆင်တန်ဆာအမျိုးမျိုးကို ရတယ်။

ပုဏ္ဏား၊ တကယ်တော့ အလှူရှင်ဟာလည်း အကျိုးမဲ့မဖြစ်နိုင်။

ပုဏ္ဏား။ ။ အရှင်ဂေါတမ၊ အံ့ဖွယ်ရှိပါပေစွ။ မဖြစ်စဖူး ဖြစ်ပါပေစွ။ အရှင်ဂေါတမ၊ အလှူရှင်ဟာ အကျိုးမဲ့မဖြစ်လို့ အလှူတွေကို လှူဖို့ အလွန်ပဲ သင့်လျော်ပါတယ်။ သေသူကို ရည်စူးပြီး လှူတဲ့ထမင်းအလှူကို ပြုဖို့သင့်လျော်ပါတယ်။

ဘုရားရှင်။ ။ ပုဏ္ဏား၊ ဒီအရာဟာ ဒီလိုပဲ၊ အလှူရှင်ဟာ အကျိုးမဲ့ မဖြစ်နိုင်သည်သာ။

ပုဏ္ဏား။ ။ အရှင်ဂေါတမ၊ အလွန်နှစ်သက်ဖွယ် ရှိပါပေစွ။ အလွန်နှစ်သက်ဖွယ် ရှိပါပေစွ။ အရှင်ဂေါတမဟာ တပည့်တော်ကို ဒီနေ့ကစပြီး အသက်ထက်ဆုံး ဘုရား၊ တရား၊ သံဃာ

http://www.dhammadownload.com



ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်တဲ့
ဥပါသကာလို့ မှတ်ယူတော်မူပါ။
(အံ၊ ပါဠိ၊ ၃၊ ၄၇၈)

'ကုသိုလ်ပြုခါနီးမှာ သွားလေသူကို ခေါ်ယူဖိတ်ထားရင် သာပြီးကောင်းပါတယ်။ (လာနိုင်ရင် လာပါလိမ့်မယ်) အဲဒီကနောက် သွားလေသူရဲ့နာမည်ကို ခေါ်ပြီး ကြားလောက်အောင် အသံကျယ်စွာနဲ့ အမျှဝေရမယ်။ အဲဒီလို အမျှဝေရာမှာ သေလွန်သူက အိမ်ရဲ့အနီးအပါးစသည်မှာ ပြိတ္တာဖြစ်နေမှသာ သာဓုခေါ်နိုင်လို့ အမျှရပါတယ်။ တောကြီး တောင်ကြီးတွေထဲ ပြိတ္တာဖြစ်နေရင်တော့ အမျှဝေပေမယ့် သာဓုမခေါ်နိုင်၊ အမျှမရ'လို့ မဟာဂန္ဓာရုံဆရာတော်ကြီးက ကိုယ်ကျင့်အဘိဓမ္မာစာအုပ်မှာ ရေးထားပါတယ်။

http://www.dhammadownload.com

## ကွယ်လွန်သူတို့အား ရည်ညွှန်း၍ လှူဒါန်းခြင်း

'အရှင်နာဂသေန၊ ကွယ်လွန်သူတို့အား ရည်ညွှန်းပြီး လှူတဲ့ အလှူရဲ့အကျိုးအားနိသင်ကို ကွယ်လွန်သူတို့ ရနိုင်တဲ့အကြောင်း ရှိပါသလော။

'မင်းကြီး၊ အချို့သူတို့ ရကြပြီး အချို့သူတို့ မရနိုင်ပါ'

'အရှင်၊ ဘယ်သူတို့ ရကြပါသလဲ။ ဘယ်သူတို့ မရကြပါသလဲ'

'မင်းကြီး၊ ငရဲသို့ရောက်သောသူများ၊ နတ်ပြည်သို့ ရောက်သောသူများ၊ တိရစ္ဆာန်များ၊ ပြိတ္တာမျိုးလေးမျိုးတို့တွင် ဝန္တာသိက (အစာကိုအန်တဲ့) ပြိတ္တာမျိုး၊ ခုပ္ပိပါသ (ငတ်မွတ်တဲ့) ပြိတ္တာမျိုး၊ နိဇ္ဈာမတဏှိက (ဝမ်းခေါင်းပြောင်ပြောင် တောက်လောင်တဲ့) ပြိတ္တာမျိုး အဲဒီသူတွေမရကြပါ။ ပရဒတ္တူပဇီဝီ (သူတစ်ပါးပေးကမ်းတာကို မှီပြီး အသက်မွေးရတဲ့) ပြိတ္တာမျိုးလည်းဖြစ်ပြီး ပေးလှူတာကိုလည်း သိကြပါသော် အလှူရဲ့အကျိုးကို ရနိုင်ကြပါတယ်'

'အရှင်၊ သို့ဖြစ်ပါလျှင် အလှူခန်းခြောက်၊ အကျိုး မရောက်ပါတကား'

'မင်းကြီး၊ မခန်းခြောက်ပါ၊ ပေးလှူတဲ့သူတွေရဲ့အကျိုး ခံစားကြရပါတယ်'

http://www.dhammadownload.com



'အရှင်၊ အကြောင်းကို သိလိုပါတယ်'

'မင်းကြီး၊ လူအချို့ဟာ ငါး၊ အမဲ၊ အရက်၊ ခဲဖွယ်တွေကို စီရင်ပြီး ဆွေမျိုးတွေထံ သွားကြတယ်၊ အဲဒီ လက်ဆောင်တွေကို အကယ်၍ ဆွေမျိုးတွေက လက်မခံရင် အဲဒီ လက်ဆောင်တွေဟာ ခြောက်ကပ်ခန်းခြောက်သွားပါသလား'

'အရှင်၊ မသွားပါ၊ ဥစ္စာရှင်တို့အား ဖြစ်ပါမယ်'

'မင်းကြီး၊ ဥပမာ၊ တိုက်ခန်းကိုဝင်တဲ့ လူတစ်ယောက်ရဲ့ရှေ့မှာ ထွက်စရာအပေါက်မရှိရင် ဘယ်အပေါက်က ထွက်ပါမည်လဲ'

'အရှင်၊ ဝင်ခဲ့တဲ့အပေါက်ကပဲ ပြန်ထွက်ရပါလိမ့်မယ်'

'မင်းကြီး၊ ဒီလိုပါပဲ အလှူရဲ့အကျိုးကို အလှူပေးသူတို့ ခံစားကြပါမယ်'

'အရှင်၊ ဒီအကြောင်းကို ဆန့်ကျင်ဘက်မပြုပါ၊ လက်ခံပါတယ်။ ကွယ်လွန်သူတို့အား ရည်ညွှန်းပြီး လှူဒါန်းတဲ့ အလှူဟာ အကယ်၍အကြောင်းညီညွတ်ပြီး ရောက်သည်ရှိအံ့၊ သေသူတို့ ခံစားရမယ်။ ဒါပေမဲ့ သူ့အသက်သတ်ခြင်းစတဲ့ အကုသိုလ်အမှုကို သေသူအား ရည်ညွှန်းပြီး ပြုပါသော် အဲဒီမကောင်းမှုအကုသိုလ်ရဲ့အကျိုးဟာ သေသူတို့အား ရောက်ပါသလော'

'မင်းကြီး၊ မရောက်ပါ'

'အရှင်၊ ကုသိုလ်ရဲ့အကျိုးရောက်ရင် အကုသိုလ်ရဲ့အကျိုးလည်း ရောက်ရမည်၊ အဘယ်ကြောင့် အကုသိုလ် မရောက်ပါနည်း'

http://www.dhammadownload.com



'မင်းကြီး၊ ဒီပြဿနာကို မမေးသင့် မမေးထိုက်ပါ။ ဖြေဆိုမယ့်သူရှိပေမယ့်လည်း မမေးထိုက်တဲ့ပြဿနာကို မမေးသင့်ပါ။ အကယ်၍ လက်ခံလျှင် ကောင်းကင်ဟာ အဘယ်ကြောင့် မိုးရာမရှိသနည်း။ ဂင်္ဂါဟာ အဘယ်ကြောင့် အထက်ကို ဆန်ပြီးမစီးသနည်း။ လူနဲ့ကျေးငှက်တို့ ဘာကြောင့် ခြေနှစ်ချောင်းရှိကြသနည်း။ သားမင်းတို့ ဘာကြောင့် ခြေလေးချောင်း ရှိကြသနည်း။ ဒီမေးခွန်းတွေကိုလည်း သင် ငါ့ကို ဆက်လက်မေးလိမ့်မည်'

'အရှင်၊ ဆင်းရဲလိုလို့ ဒီပြဿနာကို မေးလျှောက်သည် မဟုတ်ပါ။ စင်စစ် ယုံမှားခြင်း အေးငြိမ်းရန်အတွက်သာ ဖြစ်ပါတယ်။ လောက လူတွေမှာ ကောင်းတဲ့အမူအရာ ရှိကြပါသော်လည်း အသိ အလိမ္မာ ဉာဏ်ပညာ မရှိကြပါ။ ထိုသူတို့ အဘယ်သို့အခွင့်မရဘဲ ရှိအံ့နည်းဟုယူဆပြီး မေးလျှောက်ခြင်း ဖြစ်ပါတယ်'

'မင်းကြီး၊ မကောင်းမှုကို မပြုကျင့်သူနဲ့ အလိုမတူသူကို အညီအမျှ ခွဲဝေပေးခြင်းငှာ မတတ်နိုင်ပါ။ လူတွေဟာ ရေကို ရေတံလျှောက်နဲ့ အလွန်ဝေးကွာတဲ့ဌာနသို့ ဆောင်ယူနိုင်သလို တစ်ခဲနက် ကျောက်တောင်ကြီးကိုလည်း ရေတံလျှောက်ဖြင့် အလိုရှိရာအရပ်သို့ ဆောင်ယူနိုင်ပါသလော'

'အရှင်၊ မတတ်နိုင်ပါ'

'မင်းကြီး၊ ဆီနဲ့မီးထွန်းနိုင်သလို ရေနဲ့ မီးထွန်းနိုင်ပါသလော'

http://www.dhammadownload.com



'အရှင် မဖြစ်နိုင်ပါ'

'မင်းကြီး၊ လယ်သမားတွေဟာ တစ်ဖက်ဆည်ကန်မှ ရေကိုထုတ်ပြီး စပါးမှည့်ရင့်စေသကဲ့သို့ သမုဒ္ဒရာမှရေကို ထုတ်ပြီး စပါးမှည့်ရင့်စေခြင်းငှာ တတ်နိုင်ပါမည်လော'

'အရှင်၊ မတတ်နိုင်ပါ'

'မင်းကြီး၊ ထိုနည်းတူစွာပဲ ကုသိုလ်ကို ခွဲဝေပေးနိုင်သကဲ့သို့ အကုသိုလ်ကို ခွဲဝေ၍မပေးနိုင်ပါ'

'အရှင်၊ အဘယ်ကြောင့်ပါနည်း'

'မင်းကြီး၊ အကုသိုလ်ဟာ အားနည်းတယ်၊ ကုသိုလ်ဟာ အားများတယ်။ အကုသိုလ်ဟာ အားနည်းသောကြောင့် ပြုသူကိုသာ သိမ်းယူနိုင်တယ်။ ကုသိုလ်မှာ အားများ၍ နတ်နှင့်တကွသော လောကကို လွှမ်းမိုးနိုင်သည်'

'အရှင်၊ ဥပမာပြပါဦး'

'မင်းကြီး၊ မြေသို့ကျရောက်တဲ့ အနည်းငယ်သော ရေတစ်ပေါက်ဟာ ဆယ်ယူဇနာ၊ ဆယ့်နှစ်ယူဇနာတိုင်အောင် လွှမ်းမိုးနိုင်ပါမည်လော'

'အရှင်၊ မလွှမ်းမိုးနိုင်ပါ။ အဲဒီရေပေါက်ငယ်ဟာ ကျရာအရပ်မှာပဲ ပျောက်သွားပါမည်'

'ဘာကြောင့်ပါလဲ မင်းကြီး'

'အရှင်၊ ရေပေါက်သေးငယ်သောကြောင့် ဖြစ်ပါတယ်'

'မင်းကြီး၊ အကုသိုလ်ဟာ အဲဒီလိုပဲ သေးငယ်ပေမယ့်

http://www.dhammadownload.com



အားနည်းတယ်။ ဥပမာ သည်းစွာသောမိုးကြီး ရွာပါလျှင် ထက်ဝန်းကျင်ကို လွှမ်းရာသလော'

'အရှင်၊ လွှမ်းမိုးနိုင်ပါတယ်။ ထုံးအိုင်၊ မြစ်ချောင်း၊ လျှိုမြောင်စသည်တို့ကို ပြည့်လျှံစေပြီး ဆယ်ယူဇနာ၊ ဆယ့်နှစ်ယူဇနာတိုင်အောင် လွှမ်းမိုးနိုင်ပါတယ်'

'မင်းကြီး၊ ဘာကြောင့်ပါလဲ'

'အရှင်၊ မိုးအင်အား ကြီးမားများပြားသောကြောင့် ဖြစ်ပါတယ်'

'မင်းကြီး၊ ဒီလိုပါပဲ ကုသိုလ်ဟာ အင်အားကြီးမားများပြားပါတယ်။ နတ်နဲ့တကွသော လောကကို ခွဲဝေရန် စွမ်းနိုင်ပါတယ်'

'အရှင်၊ အဘယ်ကြောင့် အကုသိုလ်အားနည်းပြီး ကုသိုလ်အား ကြီးပါသလဲ'

'မင်းကြီး၊ ဒီလောကမှာ တစ်စုံတစ်ယောက်ဟာ အလှူပေးမယ်၊ သီလဆောက်တည်မယ်၊ ဥပုသ်စောင့်သုံးမယ်ဆိုပါအံ့။ အဲဒီလူဟာ ရွှင်ပျမယ်။ အလွန်ရွှင်ပျမယ်။ ပြုံးရယ်မယ်။ ဝမ်းမြောက်ကြည်လင်မယ်။ နှစ်သက်မယ်။ အဆင့်ဆင့်နှစ်သိမ့်မှု ပီတိဖြစ်မယ်။ နှစ်သိမ့်သောသူအား အလွန့်အလွန် ကုသိုလ်တိုးပွားမယ်။ ရေပြည့်လျှံတဲ့ရေတွင်းက ရေဟာ မကုန်ခန်းနိုင်သကဲ့သို့ ဖြစ်မယ်။ လူတစ်ယောက်ဟာ အနှစ်တစ်ရာက ပြုခဲ့တဲ့ကုသိုလ်ကို အကယ်၍ ဆင်ခြင်ပါလျှင် ဆင်ခြင်တိုင်း တိုးပွားပြီး အလိုရှိသောသူတို့ကို ခွဲဝေ၍ ပေးနိုင်သည်'

http://www.dhammadownload.com



'မင်းကြီး၊ အကုသိုလ်ပြုတဲ့သူဟာ နောက်ဆုံးမှာ နှလုံးမသာယာ၊ နှလုံးမသာယာသူရဲ့စိတ်ဟာ တွန့်သည်၊ ဆုတ်သည်၊ ဆုတ်နစ်သည်၊ မပျံ့ပျူး၊ စိုးရိမ်သည်၊ ပူပန်သည်၊ အားယုတ်သည်၊ အားကုန်သည်၊ မတိုးပွား။ ပြုတဲ့အခိုက်မှာပဲ ကုန်ခန်းတယ်။ ဥပမာ မြစ်မှာ ရေမရှိ၊ ခန်းခြောက်နေသည်၊ သဲအားကြီးသည်၊ ကုန်းကြည်းရှိသည်၊ ကွေ့ကောက်နေသည်။ ထိုမြစ်၌ အထက်မှလာသော ရေအနည်းငယ်သည် ဆုတ်ယုတ်ကုန်ခန်းသည်။ မတိုးပွား။ ထိုလာရာအရပ်၌သာ ကုန်ခန်းသည်။ မင်းကြီး ကုသိုလ်လည်း ထို့အတူပဲ ဖြစ်တယ်။' (မိလိန္ဒပါဠိ၊ ၂၈၄)

http://www.dhammadownload.com

# ပြိတ္တာနဲ့ အဇာတသတ်

ဗာရာဏသီပြည်မှာ သူကြွယ်တစ်ယောက်ရှိပါတယ်။ သူက သဒ္ဓါတရား မရှိ၊ သာသနာအပေါ် မကြည်ညို၊ နှမြောတယ်၊ ကပ်စေးနှဲတယ်၊ ကောင်းမှုပြုလုပ်ဖို့ အလေးမပြု။ သူ့နာမည်က စူဋ္ဌသေဋ္ဌိ ဖြစ်ပါတယ်။ သူသေပြီး ပြိတ္တာဘဝ ရောက်ပါတယ်။ သူ့ခန္ဓာကိုယ်မှာ အသား၊ အသွေး ကင်းနေပါတယ်။ အရိုး၊ အကြော၊ အရေမျှသာ ရှိပါတယ်။ ကတုံးဖြစ်နေပါတယ်။ အဝတ်ကင်းမဲ့နေပါတယ်။ သူ့သမီး အနုလာကတော့ အန္ဓကဝိန္ဒမြို့က လင့်အိမ်မှာ နေပါတယ်။ ဖခင်ကို ရည်စူးပြီး ပုဏ္ဏားတွေကို ဆွမ်းကျွေးမွေးချင်လို့ ဆန်စတဲ့လှူဖွယ်တွေကို စီစဉ်ပါတယ်။ အဲဒီအခြေအနေကိုသိပြီး ပြိတ္တာက အာသာနဲ့ ကောင်းကင်ခရီးက အဲဒီအရပ်ကိုသွားတဲ့အခါ ရာဇဂြိုဟ်မြို့ကိုရောက်သွားတယ်။ အဲဒီအခါမှာ အဇာတသတ်မင်းက ဒေဝဒတ်ရဲ့တိုက်တွန်းချက်အရ ဖခင်ဗိမ္ဗိသာရမင်းကို သတ်ထားပြီး အဲဒီနှလုံးမသာယာမှုကြောင့်ရော၊ အိပ်မက်ဆိုးကြောင့်ပါ အိပ်မပျော်ဖြစ်နေလို့ ပြာသာဒ်အထက်ရောက်ပြီး စင်္ကြံလျှောက်နေတယ်။ အဲဒီပြိတ္တာ ကောင်းကင်ခရီးနဲ့ သွားတာကို မြင်လိုက်တယ်။ အောက်ပါအတိုင်း မေးလိုက်ပါတယ်။

http://www.dhammadownload.com



'အို အရှင်၊ သင်ဟာ အဝတ်မပါ၊ ပိန်ချုံးနေတယ်။ ရဟန်းဖြစ်နေတယ် (သာသနာပရဟန်းလို့ ထင်မှတ်နေတဲ့အတွက် အဲဒီလိုပြောလိုက်ပါတယ်)။ ညအခါ ဘာအကြောင်းကြောင့် ဘယ်ကိုသွားမလို့ပါလဲ။ သင့်အလိုဆန္ဒအတိုင်း သင်လိုတဲ့ဥစ္စာကို စည်းစိမ်အားလုံးနဲ့ သို့မဟုတ် ကြိုးစားမှုအားလုံးနဲ့ ပြီးအောင်လုပ်ပေးလိုပါတယ်။ ဒီအတိုင်းလုပ်ပေးဖို့ ငါဟာ စွမ်းနိုင်လောက်ပါတယ်။ ဒါကြောင့် ငါ့အား သင်လာရခြင်းရဲ့ အကြောင်းကို ပြောပြပါ'

မင်းက မေးလို့ ပြိတ္တာက သူ့ဖြစ်ပုံကို ဒီလိုပြောပြပါတယ်။

'ဗာရာဏသီမြို့ဟာ အရပ်ဒကာမှာ ထင်ရှားပါတယ်။ အဲဒီမြို့မှာ ငါဟာ သူဌေးဖြစ်ပေမယ့် စိတ်ထားနိမ့်ကျခဲ့တယ်။ မလှူခဲ့၊ ပစ္စည်းအပေါ် တွယ်တာစိတ် ရှိခဲ့တယ်။ သီလမဲ့လို့ ငါဟာ ပြိတ္တာဘဝ ရောက်ခဲ့ပါတယ်။ ငါဟာ အပ်နဲ့ထိုးဆွခံရသူလို ဆာလောင်မှုနဲ့ အမြဲထိုးဆွခံနေရပါတယ်။ မပေးလိုမှုစတဲ့မကောင်းမှုတွေကြောင့် ပင်ပန်းနေရပါတယ်။ ဆာလောင်ဆင်းရဲလို့ပဲ အစားအစာတစ်ခုခုကို ရလိုတဲ့အတွက် ဆွေမျိုးတွေအနီးကို သွားနေပါတယ်။ ငါလိုပါပဲ အခြားမလှူလေ့ရှိသူတွေလည်း 'ဒါနရဲ့အကျိုးဟာ တကယ့်ကိုပဲ နောက်ဘဝမှာ ရှိတယ်'လို့ မယုံကြည်ကြပါ။ ငါလိုပဲ အဲဒီသူတွေလည်း ပြိတ္တာတွေဖြစ်ကာ ဒုက္ခအကြီးအကျယ် ခံစားကြရပါတယ်။ ငါ့သမီးကလည်း 'ကျွန်မဟာ မိဘ၊ ဘထွေး၊ ဘကြီး၊ အဖိုး၊

http://www.dhammadownload.com



အဘေးတွေအတွက် အလှူကို လှူပါမယ်’လို့ အမြဲပြောပါတယ်။ သမီး စီမံထားတဲ့ အဲဒီအလှူကို ပုဏ္ဏားတွေ စားကြပါတယ်။ ငါဟာ အန္ဓကဝိန္ဒမြို့ကို စားဖို့ သွားပါမယ်’

အဲဒီလိုပြောပြီး ရပ်တည်နေတဲ့ပြိတ္တာကို အဇာတသတ်မင်းက ဒီလိုပြောပါတယ်။

‘သင်ဟာ သင့်သမီး စီစဉ်ထားတဲ့ အဲဒီအလှူကိုလည်း ခံစားပြီး မြန်မြန်ပြန်လာခဲ့ပါ။ ငါကလည်း သင့်အတွက် ပူဇော်မှု ပြုပါမယ်။ အကြောင်းတစ်စုံတစ်ရာရှိရင် အဲဒီအကြောင်းကို ငါ့အားပြောပါ။ ‘ဘယ်နေရာမှာ ဘယ်လိုနည်းနဲ့ အလှူလုပ်လိုက်တဲ့အခါ ငါ့ထံရောက်တယ်’လို့ ယုံကြည်ဖွယ်အကြောင်း ယုတ္တိရှိတဲ့စကားကို ပြောပြပါ။ ငါတို့ နားထောင်ကြပါမယ်’

ကောင်းပါပြီလို့ ပြိတ္တာက ပြောပြီး အဲဒီအန္ဓကဝိန္ဒမြို့က ဆွမ်းကျွေးရာနေရာကို သွားပါတယ်။ အဲဒီဆွမ်းကို သီလမရှိတဲ့ပုဏ္ဏားတွေက စားကြပါတယ်။ အလှူခံထိုက်တဲ့ သီလရှိပုဂ္ဂိုလ်တွေကတော့ မစားသုံးကြပါ။ ပြိတ္တာက ရာဇဂြိုဟ်မြို့ကို ပြန်သွားပါတယ်။ အဇာတသတ်မင်းရဲ့ရှေ့မှာ သူ့ကိုယ်ကို ထင်ရှားပြပါတယ်။ (ကိုယ်ထင်ပြပါတယ်) မင်းက တစ်ဖန်ပြန်လာတဲ့ အဲဒီပြိတ္တာကိုမြင်ပြီး ‘ငါကလည်း သင့်အတွက် ဘယ်လိုအလှူကို လှူရပါ့မလဲ။ သင် အချိန်ကြာမြင့်စွာ ကျေနပ်စရာဖြစ်စေမယ့် အကြောင်းရှိရင် အဲဒီအကြောင်းကို ငါ့အား ပြောပြပါ’လို့ ပြောတယ်။

‘အဇာတသတ်မင်း၊ ဘုရားရှင်ကိုရော၊ သံဃာတော်ကို

http://www.dhammadownload.com



ပါ အစာနဲ့ရော၊ အဖျော်နဲ့ရော၊ သင်္ကန်းနဲ့ပါ ပြုစုလုပ်ကျွေးပြီး ငါပြိတ္တာဘဝက လွတ်မြောက်ဖို့ရာ အဲဒီအလှူကို အမျှဝေပါ။ အဲဒီလိုဆိုရင် ငါဟာ အချိန်ကြာမြင့်စွာ ကျေနပ်စရာဖြစ်ပါမယ်'လို့ ပြိတ္တာက ပြောတယ်။ အဇာတသတ်မင်းက အဲဒီပြာသာဒ်ပေါ်ကဆင်းပြီး အဲဒီအရဏ်တက်ချိန်မှာပဲ (ပြိတ္တာပြန်လာပြီး မင်းကို ကိုယ်ထင်ပြရာ နံနက်ပိုင်းအချိန်မှာပဲ) ကိုယ့်လက်နဲ့ သံဃာအား မွန်မြတ်တဲ့အလှူကို လှူပါတယ်။ 'မြတ်စွာဘုရား၊ ဒီအလှူကို ပြိတ္တာတစ်ဦးကိုရည်စူးပြီး ပြုလုပ်ပါတယ်'လို့ အဲဒီဖြစ်ပုံကို ဘုရားရှင်အား လျှောက်ထားပါတယ်။ လျှောက်ထားပြီး အဲဒီပြိတ္တာအားလည်း အမျှပေးဝေပါတယ်။ အမျှဝေပူဇော်ခံရတဲ့ အဲဒီပြိတ္တာဟာ နတ်တန်ခိုးနဲ့ အလွန်ပဲ တင့်တယ်ပါတယ်။ အဇာတသတ်မင်းရဲ့ရှေ့မှာ ကိုယ်ထင်ပြပါတယ်။ ပြီးတော့ ဒီလိုပြောပါတယ်။

'ငါဟာ ပြိတ္တာဘဝက လွတ်မြောက်လာတဲ့ နတ်ဖြစ်ပါတယ်။ တန်ခိုးအလွန်ကြီးနေပါတယ်။ ငါ့တန်ခိုး၊ ငါ့စည်းစိမ်နဲ့တူတဲ့လူတွေ မရှိကြပါ။ ငါ့ရဲ့အတိုင်းအတာမရှိတဲ့ ဒီနတ်တန်ခိုးကို ကြည့်စမ်းပါ၊ အရိယာသံဃာအား မွန်မြတ်တဲ့အလှူကို လှူပြီး ငါ့ကိုသနားလို့ သင်က အမျှပေးဝေတယ်။ အရိယာသံဃာကို လှူဖွယ်များစွာနဲ့ ရောင့်ရဲစေခဲ့တဲ့သင်ဟာ အသက်ထက်ဆုံး မပြတ် ငါ့ကိုကျေနပ်အောင် လုပ်ပေးပါတယ်။ ဒါကြောင့် ငါဟာ အခု အလိုရှိရာအရပ်ကို သွားပါတော့မယ် မင်းကြီး'

http://www.dhammadownload.com



ပြိတ္တာက အဲဒီလိုပန်ပြောပြီး သွားတဲ့အခါ အဇာတသတ်မင်းက အဲဒီအကြောင်းကို ရဟန်းတွေအား လျှောက်ထားပါတယ်။ ရဟန်းတွေက ဘုရားရှင်ထံသွားပြီး လျှောက်ထားကြပါတယ်။ ဘုရားရှင်က အဲဒီကိစ္စကိုအကြောင်းပြုပြီး ရောက်လာတဲ့ပရိသတ်အား တရားဟောပါတယ်။ အဲဒီတရားကို ကြားနာရပြီး လူအများက နှမြောမှုအညစ်အကြေးကို ပယ်ရှားကာ ဒါနစတဲ့ ကောင်းမှုတွေမှာ ပျော်မွေ့သွားကြပါတယ်။ (ပေတဝတ္ထု၊ ၄၁၊ ၉၉)

တမလွန်ရောက်သူကို ရည်စူးပြီး လှူရာမှာ အလှူခံပုဂ္ဂိုလ်က သီလရှိတဲ့ပုဂ္ဂိုလ်ဖြစ်ဖို့ လိုကြောင်းကို ဒီဝတ္ထုအဖြစ်အပျက်က မီးမောင်းထိုးပြနေပါတယ်။

**သာမဏေကျော်**

**ဒုတိယဝါဆိုလပြည့်ကျော် ၁၁ ရက်၊ ၆၆ ခု။**

**၁၁၊ ၈၊ ၂၀၀၄။**

http://www.dhammadownload.com

# ပါရမီစာပေက ထုတ်ဝေခဲ့သည့် သာမဏေကျော်၏စာအုပ်များ

၁–မဟာစည်ဆရာတော်ကြီး၏အဆိုအမိန့်များ
၂–နေမဝင်ခင် ရိက္ခာပြင်
၃–ကြည်ညိုဖွယ်ရာ အရှင်သာရိပုတ္တရာ
၄–မဟာဂန္ဓာရုံဆရာတော်၏ ပုံဝတ္ထုဖြင့်
ပြောပြသောအဆုံးအမများ
၅–မဟာစည်ဆရာတော်၏
ထူးခြားသောအတွေးအမြင်များ
၆–မဟာဂန္ဓာရုံဆရာတော်၏ လူဝတ်ကြောင်တို့အတွက်
နံနက်ခင်းဩဝါဒများ
၇–လူပီသသူ
၈–ဘုရားနဲ့စပ် အထူးမှတ်ဖွယ်
၉–သို့သော်
၁၀–တွေးမိတာလေးတွေ
၁၁–ပြောချင်တာလေးတွေ
၁၂–မှတ်သားလိုက်နာဖွယ် ဘုရားစကား ၅၀
၁၃–စကားကိုဘယ်လိုပြောရမယ်
၁၄–မဟာစည်ဆရာတော်နှင့်
ယနေ့ခေတ်ဝိပဿနာရှုနည်းများ
၁၅–အတုယူဖွယ်ရာစိတ်ထားများ
၁၆–ရွှေလက်တွဲ၍
၁၇–နှစ်ပေါင်း ၂၅၀၀ ကျော်က စကားမြတ်များ
၁၈–သြော် မိတ်ဆွေ မိတ်ဆွေ
၁၉–မဟာစည်ဆရာတော်နှင့်သတိပဋ္ဌာန်အတွေ့အကြုံ
၂၀–မြတ်ဘုရား၏ဩဝါဒရေစင်များ

http://www.dhammadownload.com

၂၁-Mahasi Sayadaw's Analysis of Today's
Vipassana Techniques
၂၂-ပိဋကတ်တော်လာ သိမှတ်စရာ
၂၃-ရင်မှာပွင့်သောပန်းကလေးများ
၂၄-ဗုဒ္ဓဘာသာဝင်တို့သိဖို့လိုသည်
၂၅-မဟာဂန္ဓာရုံကန်တော့ပန်း
၂၆-လောကစံကိုကျော်ဖြတ်၍
၂၇-သူတော်ကောင်းတို့၏သတ္တိ
၂၈-စကားပြောသောကြိုးပြင်
၂၉-ဘုရားဥပဒေတော်
၃၀-မဟာစည်ဆရာတော်၏ပုံဝတ္ထုတို့ဖြင့်
ပြောပြသော အဆုံးအမများ
၃၁-ဗုဒ္ဓ၏ဘောဂဗေဒ
၃၂-၇ နှစ်အရွယ်ရဟန္တာကိုရင်လေးများ
၃၃-ဗုဒ္ဓပေးခဲ့တဲ့ယဉ်ကျေးမှုအမွေ
၃၄-သောကမီးအတွက်ရေ
၃၅-အခက်အတွက်လက်နက်ကောင်း
၃၆-ရဲရင့်ရင် ရရိုးရှိ
၃၇-ရှင်ရဟန်းဘဝသို့ သွားလမ်း
၃၈-သိမ်
၃၉-ပိဋကပင်လယ်ထဲကဖြစ်ရပ်ဆန်းများ
၄၀-ဗုဒ္ဓနှင့်တွေ့ဆုံခြင်း
၄၁-မသိလို့မေးပါရစေ
၄၂-ဘဝထဲကအဘိဓမ္မာ
၄၃-ပိဋကတော်လာဘုရားရှိခိုးများ
၄၄-ဝါဆိုနဲ့ကထိန်
၄၅-ပန်ရင်မွှေးမယ့်ပန်းအလှလေးများ
၄၆-သတိပဋ္ဌာန်အပေါ်ပြည့်ပယောဂီအမြင်

http://www.dhammadownload.com

၄၇–ဒါကြောင့်လည်းမဟာဂန္ဓာရုံဆရာတော်ကို
ကြည်ညိုတယ်
၄၈–သပြေကန်အဆိုအမိန့်
၄၉–အရိယာတို့သဘော
၅၀–အလှူဒါန ပြုကြရာဝယ်
၅၁–အကယ်၍
၅၂–မြတ်ဗုဒ္ဓ၏တိုက်တွန်းစကားများ
၅၃–ကိုယ့်ကိုယ်ကိုလေ့လာလေလေ
၅၄–ပြောသာပြောနေကြပေမယ့်
၅၅–မဟာစည်ဆရာတော်နှင့်ဒေါက်တာဦးလှဖေ
၅၆–အဖြူလမ်းက မှတ်တမ်းများ
၅၇–ဝိပဿနာဟူသည်
၅၈–ဝိပဿနာဉာဏ်နှင့်အမေရိကန်
၅၉–အရှင်မဟာမောဂ္ဂလာန်
၆၀–လူငယ်တို့အတွက်ဗုဒ္ဓအကြောင်း
၆၁–နိဗ္ဗာန်ခရီး မှတ်တမ်း
၆၂–မြန်မာတို့နှုတ်ဖျားက ပါဠိစကားများ
၆၃– အလှူကြီး ၅ လှူ
၆၄– ကောင်းကင်ယံက ကံထူးရှင်များ
၆၅–ဒါလေးတွေမှ သိပါလေစ
၆၆–သန်းခေါင်ယံမှအလင်းများ
၆၇–လူငယ်တို့အတွက်အလင်းတိုင်
၆၈–ဗုဒ္ဓဟောကြားသတိပဋ္ဌာန်တရား
၆၉–လှူမျှဝေ၍

http://www.dhammadownload.com

# နောက်ဆုံးထုတ်ပါရမီစာအုပ်များ

| | | |
|---|---|---|
| ၂၇၇။ | ချစ်နိုင်(စိတ်ပညာ) | သိတာရေစင်ပမာ |
| ၂၇၈။ | ဒေါက်တာမတင်ဝင်း | ဘယ်လိုလုပ်ရပါ့ |
| ၂၇၉။ | သာမဏေကျော် | ကောင်းကင်ယံက ကံထူးရှင်များ |
| ၂၈၀။ | မောင်ထင် | မြန်မာ ၁၂ လ အကြောင်း |
| ၂၈၁။ | သာမဏေကျော် | ဒါလေးတွေမှ သိပါလေစ |
| ၂၈၂။ | ဦးမောင်မောင်လေး | ပိဋကအနှစ်ချုပ် သံယုတ္တနိကာယ်(ပ) |
| ၂၈၃။ | ဒေါက်တာမတင်ဝင်း | စာပေထဲမှရတနာများ |
| ၂၈၄။ | ဦးအုန်းဖေ | အမျိုးသမီးများအတွက်ဥပဒေ |
| ၂၈၅။ | သာမဏေကျော် | သန်းခေါင်ယံမွေအလင်းများ |
| ၂၈၆။ | ဒေါက်တာမတင်ဝင်း | ကိုယ်ရည်ကိုယ်သွေးဖွံ့ဖြိုးခြင်း |
| ၂၈၇။ | ဒေါက်တာမတင်ဝင်း | ကိုယ်တွေ့နဲ့နှော ပြောချင်တဲ့ အကြောင်းကလေးတွေ |
| ၂၈၈။ | သာမဏေကျော် | လူငယ်တို့အတွက်အလင်းတိုင် |
| ၂၈၉။ | Khin Myo Chit | 13 Carat Diamond |
| ၂၉၀။ | ဦးသော်ဇင် | ဝိသုဒ္ဓိမဂ် |
| ၂၉၁။ | ခင်စောတင့် | ဘဝအဓိပ္ပာယ် |
| ၂၉၂။ | သာမဏေကျော် | ဗုဒ္ဓဟောကြားသတိပဋ္ဌာန်တရား |
| ၂၉၃။ | မာဂဓီ(သာစည်) | ပရိတ်ကြီးပါဠိတော်မြန်မာပြန် |
| ၂၉၄။ | ဦးမောင်မောင်လေး | ပိဋကအနှစ်ချုပ် သံယုတ္တနိကာယ်(ဒု) |
| ၂၉၅။ | ဒေါက်တာမတင်ဝင်း | နေခြင်း သေခြင်းနှင့် လွတ်မြောက်ခြင်း |